မည်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ မူလဋ္ဌေန၊ မြဲမြံစွာ တည်သည်၏ အဖြစ်ကို ပြီးစေတတ်သည် ဟုဆိုအပ်သော မူလ ဟူသော အနက်ကြောင့်။ တယော၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ ဟေတူ၊ ဟိတ် မည်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဖုသနဋ္ဌေန၊ အာရုံကို တွေ့ထိခြင်း ဟုဆိုအပ်သော အနက်ကြောင့်။ ဧကော၀၊ တပါးသာလျှင် ဖြစ်သော။ ဓမ္မော၊ သည်။ ဖဿော၊ မည်၏။ ဝေဒယိတဋ္ဌေန၊ အာရုံ၏ အရသာကို ခံစားခြင်း ဟူသော အနက်ကြောင့်။ ဧကော ၀၊ သော။ ဓမ္မော၊သည်။ ဝေဒနာ၊မည်၏။ သဥ္ဇာနနဋ္ဌေန၊ အမှတ်ပြု၍ သိခြင်းဟု ဆိုအပ်သော အနက်ကြောင့်။ ဧကော၀၊ သော။ ဓမ္မော၊ သည်။ သညာ၊ မည်၏။ သဓ္ဓေတနဋ္ဌေန၊ စေ့ဆော်ခြင်း ဟူသော အနက်ကြောင့်။ ဧကော၀၊ သော။ ဓမ္မော၊သည်။ စေတနာ၊ မည်၏။ စိတ္တ ဝိစိတ္တဋ္ဌေန၊ အာရုံကို သိတတ် အထူး သဖြင့် သိတတ်သော အနက်ကြောင့်။ ဧကော၀၊ သော။ ဓမ္မော၊သည်။ စိတ္တံ၊ မည်၏။ ရာသဋ္ဌေနစေဝ၊ အစုဟူသော အနက်ကြောင့် လည်းကောင်း။ ဝေဒယိတဋ္ဌေနစ၊ ကြောင့်လည်းကောင်း။ ဧကော၀၊ သော။ ဓမ္မော၊ သည်။ ဝေဒနာက္ခန္ဓော၊ မည်၏။ ရာသဋ္ဌေနစ၊ ကြောင့်လည်းကောင်း။ သဥ္ဇာနနဋ္ဌေနစ၊ ကြောင့် လည်းကောင်း။ ဧကော၀၊ သော။ ဓမ္မော၊ သည်။ သညာက္ခန္ဓော၊ မည်၏။ ရာသဋ္ဌေန စ၊ ကြောင့်လည်းကောင်း။ အဘိသင်္ခရဏဋ္ဌေနစ၊ အထူးပြုပြင် စီရင်သော အနက်ကြောင့် လည်းကောင်း။ ဧကော၀၊ သော။ ဓမ္မော၊ သည်။ သင်္ခါရက္ခန္ဓော၊ မည်၏။ ရာသဋ္ဌေနစ၊ ကြောင့်လည်း ကောင်း။ စိတ္တဝိစိတ္တဋ္ဌေနစ၊ ကြောင့်လည်းကောင်း။ ဧကော၀၊ သော။ ဓမ္မော၊သည်။ ဝိညာဏက္ခန္ဓော၊ မည်၏။

မူလဋီကာအဖွင့်။ ။ဝိညာဏက္ခန္ဓာနှင့် လျော်စွာ "ဝိဇာနနဋ္ဌေန ဧကောဝ ဓမ္မော ဝိညာဏက္ခန္ဓော" ဟူသင့်လျက် အသယ်ကြောင့် "စိတ္တ ဝိစိတ္တဋ္ဌေန" ဟူသနည်းစုဒ်ရှိမူ။

ဝိဇာနန မေဝ စိတ္တ ဝိစိတ္တတာတိ စိတ္တ ဝိစိတ္တဋ္ဌေန ဧကောဝ ဓမ္မော ဝိညာဏက္ခန္ဓောတိ အာဟ ဟူသော မူလဋီကာဖြင့်ချေ။ ။၉၉-ဆဋ္ဌ။

ဝိဇာနနဋ္ဌေန ဧဝ၀၊ ကြောင့်လည်းကောင်း။ ဟေဋ္ဌာ၊ အောက်၌။ ဝုတ္တေန၊ သော။ အာယတနဋ္ဌေန စ၊ကြောင့်ရင်း။ ဧကမေဝ၊တပါးသာလျှင်ဖြစ်သော။ မနာယတနံ၊ သည်။ ဟောတိ၊ ၏။ ဝိဇာနနဋ္ဌေနစ၊ ကြောင့်ရင်း။ အဓိပတိ

http://www.dhammadownload.com



ယဒ္ဒွေနစ၊ ကြောင့်ရှင်း။ ဧာ မေဝ၊ သော။ မနိန္ဒြိယံ၊ သည်။ ဟောတိ၊ ၏။ ဝိဇာနနဋ္ဌေနစ၊ ကြောင့်ရှင်း။ သဘာဝ သုည ဘ နိဿတ္တဋ္ဌေနစ၊ သဘော ဟူသော အနက်, အတ္တမှ ဆိတ်သောအနက်, သတ္တမဟုတ်သော အနက် ကြောင့်ရှင်း။ ဧကော၀၊ သော။ ဓမ္မော၊ သည်။ မနောဝိညာဏ ဓာတု နာမ၊ သည်။ ဟောတိ၊ ၏။ အဝသေသာ၊ ကြွင်းသော တရားတို့သည်။ မနော ဝိညာဏ ဓာတုနာမ၊ မည်ကုန်သည်။ နဟောန္တိ၊ မဖြစ်ကုန်။ ပန၊ ထိုမှတပါး။ စိတ္တံ၊ စိတ်ကို။ ဌပေတွာ၊ ထား၍။ ယထာ ဝုတ္တေန၊ အကြင် အကြင် ဆိုအပ် ပြီးသော။ အတ္ထေန၊ အနက်ကြောင့်။ အဝ သေသာ၊-စိတ်မှ ကြွင်းကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ ကေ၊ သော။ ဓမ္မာ ယတန မေဝ၊ သည်သာလျှင်။ ဟောတိ၊ ၏။ ကော၊သော။ ဓမ္မဓာတု ယေဝ၊ သည်သာလျှင်။ ဟောတိ၊ ၏။ ဣတိ၊ ဤသည်လျှင် စကားတရပ် အပြီး သတ်တည်း။

ပန၊ ထိုမှတပါး။ ယေဝါပန တသ္မိံ သမယေတိ ဣမိနာ၊ဟူသော။ အပ္ပနာ ဝါရေန၊ ဖြင့်။ ဣဓာပိ၊ ဤသင်္ဂဟဝါရ၌ ဥဒ္ဒေသဝါရ၌လည်း။ ဟေဋ္ဌာ၊ အောက်၌၊ ဝုတ္တာ၊ ကုန်သော။ ယေဝါပနကာ၀၊ ယေဝါပနကတရားတို့ကို သာလျှင်။ သင်္ဂဟိတာ၊ သင်္ဂြိုဟ်အပ်ကုန်၏။ စ-ဆက်၍ဆိုဦးအံ့။ ဣဓ၊ ဤ သင်္ဂဟဝါရ၏ ဥဒ္ဒေသဝါရ၌။ ဟေဋ္ဌာ၊၌။ ဝုတ္တာ၊ ကုန်သော။ ယေဝါပနကာ၊ တို့ကို။ သင်္ဂဟိတာ ယထာ၊ သင်္ဂြိုဟ်အပ်ကုန်၏သို့။ ဧဝံ၊တူ။ သဗ္ဗတ္ထ၊ အလုံးစုံ ဥဒ္ဒေသဝါရ-စသည်တို့၌။ ဟေဋ္ဌာ၊ ၌။ ဝုတ္တာ၊ ကုန်သော။ ယေဝါပနကာ၊ တို့ကို၊ သင်္ဂဟိတာ၊ ကုန်၏၊ ဟိ-သစ္စံ၊ မှန်၏။ ဣတော၊ ဤသင်္ဂဟဝါရ၏ ဥဒ္ဒေသဝါရမှ။ ပရံ၊ နောက်၌။ ဝတ္တကာမ္ပိ၊ ဤမျှကိုလည်း။ န ဝိစာရယိဿာမ၊ မစိစစ်ကုန်အံ့။ နိဒ္ဒေသ, ပဋိနိဒ္ဒေသဝါရေသု၊ တို့၌။ ဟေဋ္ဌာ၊ အောက်၌။ ဝုတ္တ နယေနေဝ၊ ဖြင့်သာလျှင်။ အတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊၏။ ဣတိ၊ ဤသည်လျှင် စကားတရပ် အပြီးသတ်တည်း။

သင်္ဂဟဝါရော၊ သည်။ နိဋ္ဌိတော၊ ပြီးပြီ။

ကောဋ္ဌာသဝါရောတိ နာမံ၊ ကောဋ္ဌာသဝါရဟူသော အမည်သည်။ တဿာ၊ ထိုသင်္ဂဟဝါ၏သာလျှင်။ နာမံ၊ အမည်တည်း။

သင်္ဂဟဝါရ ပြီး၏။

http://www.dhammadownload.com



## သုညတဝါရ

၁၂၁-၁၄၅။ ဣဒါနိ၊ ၌။ တသ္မိံ ခေါပန သမယေ ဓမ္မာ ဟောန္တိ တိ၊ အစရှိသော။ သုညတဝါရော၊ ကို။ အာရဒ္ဓေါ၊ ၏။ သော၊ ကို။ ဥဒ္ဒေသ, နိဒ္ဒေသဝသေန၊ ဥဒ္ဒေသ, နိဒ္ဒေသတို့၏ အစွမ်းဖြင့်။ ဒွိဓာ၊ ဖြင့်။ ဝဝတ္ထိတော၊ ပိုင်းခြား,မှတ်သားအပ်၏။တတ္ထ၊ထိုတွင်။ ဥဒ္ဒေသဝါရေ၊ ၌။ "ဓမ္မာ ဟောန္တိ" တိ ဣမိနာ၊ ဟူသော ဤကောဋ္ဌာသနှင့်။ သဒ္ဓိံ၊ တကွ။ စတုဝီသတိ ကောဋ္ဌာသာ ဝ၊ နှစ်ဆယ့်လေးပါးသော ကောဋ္ဌာသ တို့သည် သာလျှင်။ ဟောန္တိ၊ ကုန်၏။ သဗ္ဗ ကောဋ္ဌာသေသု စ၊ အလုံးစုံသော ကောဋ္ဌာသတို့၌လည်း။ "စတ္တာ ရော ဒွေ တယော" တိ၊ စတ္တာရော ဒွေ တယော ဟူ၍။ ဂဏန ပရိစ္ဆေဒေါ၊ ရေတွက်ခြင်း၏ အပိုင်းအခြားကို။ နဝုတ္တော၊ မဆိုအပ်။ ကသ္မာ၊ အဘယ့်ကြောင့်။ န ဝုတ္တော၊ မဆိုအပ်သနည်း။ သင်္ဂဟဝါရေဟ်၌။ ပရိစ္ဆိန္နတ္တာ၊ ပိုင်းခြားအပ်သည်၏ အဖြစ်ကြောင့်။ န ဝုတ္တော၊ အပ်။ ဟိ-သစ္စံ၊ ၏။ တတ္ထ၊ ထိုသင်္ဂဟဝါရ၌။ ပရိစ္ဆိန္န ဓမ္မာယေဝ၊ ပိုင်းခြားအပ်သော ဓမ္မတို့ကိုသာလျှင်။ ဣဓာပိ၊ ဤသုညတဝါရ၌လည်း။ဝုတ္တာ၊ ကုန်၏။ ဟိ-သစ္စံ၊ ၏။ တေသ္မိ တသ္မိံ ယထာဝုတ္တေ သမယေ၊ ဆိုအပ်ပြီးသော အပြားရှိသော ဤတရားအပေါင်း၌။ ဝါ၊ တေသု ဓမ္မေသု၊ ဆိုအပ်ပြီးသော အပြားရှိသော ဤတရားတို့၌။ သတ္တော ဝါ၊ သတ္တဝါကိုရင်း။ ဘာဝေါ ဝါ၊ သတ္တဝါကိုရင်း။ ဝါ၊ အမှတ်မရှိ တစုံဘခု ပုညတ်ဖြစ်သော အတ္တကိုရင်း။ အတ္တာ ဝါ၊ အတ္တကိုရင်း။ န ဥပလဗ္ဘတိ၊ မရအပ်။

မူလဋီကာ၏ ပုဒ်ဖွင့်ပုံ။ ။တေသ္မာတိ တေသ္မိံ ယထာ ဝုတ္တေ သမယေ၊ တေသု ဝါ ဓမ္မေသု၊ ဘာဝေါတိ သတ္တော၊ ယောကောစိ ဝါ အတ္တော။ ။၉၉-ဆဋ္ဌ။

တေ အတိဒုရကပဏ္ဏာသဓမ္မာ၊ ဤ ငါးဆယ် အလွန်ရှိသော ဓမ္မတို့သည်။ ဓမ္မာဝ ဓမ္မမတ္တာ၊ သဘာဝဓမ္မမျှတို့သည်သာလျှင်။ ဟုတွာ၊ ဖြစ်၍။ (ထည့်)။ အ သာရာ၊ အနှစ် မရှိကုန်။ အ ပရိဏာယကာ၊ အကြီးအမှူးမရှိကုန်" ဣတိ၊ သို့။ ဣမိဿာ သုညဘာဝ၊ ဤသတ္တ, ဘာဝ,အတ္တ မှဆိတ်သည်၏ အဖြစ်ကို။ ဒီပနတ္ထံ၊ ပြခြင်းငှာ။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ ဝေါ၊ ဤ ဆိုလတ္တံ့သောနည်းဖြင့်။ "တေသ္ထ တေသ္မိံ ဓမ္မာ ဟောန္တိ" တိ အာဒိ

http://www.dhammadownload.com



ဝစနေ၊ ဓမ္မာဟောန္တိအစရှိသော ဤစကား၌။ အတ္ထော၊ကို။ ဝေဒိတဗ္ဗော၊၏။ ယသ္မိံ သမယေ၊၌။ ကာမာဝစရံ သေး။ ပဌမံ၊သော။ မဟာ ကုသလံ၊ သော။ စိတ္တံ၊သည်။ ဥပ္ပန္နံဟောတိ၊၏။ တသ္မိံ သမယေ၊၌။ စိတ္တင် ဝဒသန၊ဖြင့်။ ဥပ္ပန္နာ၊ ဖြစ်ကုန်သော။ အတိရေက ပဏ္ဏာသဓမ္မာ၊အလွန်နှင့်တကွ ငါးဆယ်သော တရားတို့သည်။ သဘာဝဋ္ဌေန၊ သဘောဟူသော အနက်ကြောင့်။ ဓမ္မာဝေ၊ ဓမ္မတို့သည်သာလျှင်။ ဟောန္တိ၊ ကုန်၏။ အညော၊ သဘာဝ ဓမ္မမှ တပါးသော။ ကောစိ၊ တစုံတခုသော။ သတ္တော ဝါ၊ သတ္တသည်ရင်း။ ဘာဝေါ ဝါ၊ ဘာဝသည်ရင်း။ ပေါသော ဝါ၊ ပေါသသည်ရင်း။ ပုဂ္ဂလော ဝါ၊ပုဂ္ဂလသည်ရင်း။ န ဟောတိ၊ မဖြစ်။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ ၏။ တထာ၊ ထိုမှတပါး။ ရာသဋ္ဌေန၊ အစုဟူသော အနက်ကြောင့်။ ခန္ဓာဝ၊တို့သည်သာလျှင်။ ဟောန္တိ၊ ကုန်၏။ ဣတိ ဧဝံ၊ သို့။ ပုရိမ နယေနေဝ၊ ဖြင့်သာလျှင်။ သဗ္ဗ ပဒေသု၊တို့၌။ အတ္ထ ယောဇနာ၊ကို။ ဝေဒိတဗ္ဗာ၊၏။ ပန၊ဆက်။ ယသ္မာ၊ကြောင့်။ ဈာနတော၊ ဈာန်မှ။ အညံ၊ တပါးသော။ ဈာနင်္ဂံ ဝါ၊ ဈာနင်သည်ရင်း။ မဂ္ဂတော၊ မဂ်မှ။ အညံ၊ သော။ မဂ္ဂင်္ဂံ ဝါ၊ သည်ရင်း။ နတ္ထိ၊ မရှိ။ တသ္မာ၊ကြောင့်။ ဣမေ၊ ဤသုညတဝါရ၌။ ဈာနံ ဟောတိ · မဂ္ဂေါ ဟောတိဣစ္စေဝ၊ ဟူ၍သာလျှင်။ ဝုတ္တံ၊၏။ ဟိ-သစ္စံ၊ ၏။ ဥပနိဇ္ဈာယနဋ္ဌေန၊ အာရုံသို့ ကပ်၍ ရှုခြင်းဟူသော အနက်ကြောင့်။ ဈာန မေဝ၊ သည်သာလျှင်။ ဟောတိ၊ ၏။ ဟေတ္ထဋ္ဌေန၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဟူသော အနက်ကြောင့်။ မဂ္ဂေါဝ၊ သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ အညော၊ တပါးသော။ ကောစိ၊သော။ သတ္တော ဝါ၊ သတ္တသည်ရင်း။ ဘာဝေါ ဝါ၊ ဘာဝသည်ရင်း။ န ဟောတိ၊ မဖြစ်။ ဣတိ ဧဝံ၊သို့။ သဗ္ဗ ပဒေသု၊ တို့၌။ အတ္ထ ယောဇနာ၊ကို။ ကာတဗ္ဗာ၊ ၏။ နိဒ္ဒေသ ဝါရော၊ သည်၊ ဥတ္တာ နတ္ထော၊ ပေါ်သော အနက်ရှိသည်။ ဟောတိ၊၏။

သုညတဝါရော၊ သည်။ နိဋ္ဌိတော၊ ပြီးပြီ။

ဧ၊ဆက်။ တီဟိ၊သုံးပါးကုန်သော။ မဟာဝါရေဟိ၊ တို့ဖြင့်။ မဏ္ဍိတွာ၊ တန်ဆာဆင်၍။ နိဒ္ဒိဋ္ဌဿ၊ ပြအပ်သော။ ပဌမ စိတ္တဿ၊ ၏။ အတ္ထ ဝဏ္ဏနာ၊ အနက်အဘွင့်သည်၊ ဝါ၊ အနက်ကို ဘွင့်ကြောင်းဖြစ်သော အဋ္ဌကထာသည်။ နိဋ္ဌိတာ၊ အပြီးသို့ ရောက်ပြီ။

သုညဘာဝါရ ပြီး၏။

http://www.dhammadownload.com



## ဒုတိယ စိတ္တ

၁၄၆။ ဣဒါနိ၊ ၌။ ဒုတိယစိတ္တာဒီနိ၊ ဒုတိယစိတ် စသည်တို့ကို။ ဒဿေတုံ၊ ပြခြင်းငှာ။ ကတမေ ဓမ္မာတိ အာဒိ၊ ဤသို့အစရှိသော စကားကို။ အာရဒ္ဓံ၊ ၏။ သဗ္ဗေသုပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ တေသု-ဒုတိယ စိတ္တာဒီနံ နိဒ္ဒေသေသု၊ ထိုဒုတိယစိတ်-စသည်တို့၏ နိဒ္ဒေသတို့၌။ ဝါ၊ တေသု ဒုတိယ စိတ္တာဒီသု၊ တို့၌။ (ဝေဒိတဗ္ဗာ၌ စပ်)။ ပဌမ စိတ္တေ၊ ၌။ ဝုတ္တနယေနေဝ၊ ဖြင့် သာလျှင်။ တယော တယော ဝါရာ၊ သုံးဝါရ, သုံးဝါရတို့ကို။ ဝေဒိတဗ္ဗာ၊ ကုန်၏။ ကေဝလဥ္ဟ၊ သက်သက်ကား။ ဝါရာ ဧဝ၊ ဝါရတို့ကိုသာလျှင်။ ဝုတ္တ နယေန၊ ဖြင့်။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်သည်။ န၊ မဟုတ်ကုန်သေး။ ပဌမ စိတ္တေ၊ ၌။ ဝုတ္တ သဒိသာနံ၊ ဟောအပ်ပြီးသည်နှင့်တူကုန်သော။ သဗ္ဗ ပဒါနံ၊ တို့၏။ အတ္ထောပိ၊ ကိုလည်း။ ဝုတ္တနယေနေဝ၊ ဖြင့်သာလျှင်။ ဝေဒိတဗ္ဗော၊ ၏။ ဣတော၊ ဤဒုတိယ စိတ္တနိဒ္ဒေသမှ။ ပရမ္ပိ၊ နောက်၌လည်း။ အ ပုဗ္ဗ ပဒ ဝဏ္ဏနံ ယေဝ၊ မရှေးသေးသော ပုဒ်အဘွင့်ကိုသာလျှင်။ ကရိဿာမ၊ ပြုကုန်အံ့။ ဟ ဝ၊ ရှေးဦးစွာ။ ဣမသ္မိံ ဒုတိယ စိတ္တ နိဒ္ဒေသေ၊ ၌။ သ သင်္ခါရေနာတိ ဣဒမေဝ ပဒံ၊ သ သင်္ခါရေန ဟူသော ဤပုဒ်သည်သာလျှင်။ အပုဗ္ဗံ၊ မရှေး သော။ တဿ၊ ထို သ သင်္ခါရေန ဟူသော ပုဒ်၏။ အတ္ထော၊ ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ ၏။

အဓိပ္ပါယ်။ ။သဟ သင်္ခါရေနာတိ သသင်္ခါရော ကား ဗဟုဗ္ဗီဟိတည်း။ ဗဟုဗ္ဗီဟိ ဟူကာလည်း အညပုဒ်နှင့် မကင်းကောင်းရကား''ယော ပစ္စယဂဏော''ဟု အည ပုဒ်ထည့်။ အညပုဒ်သည် နာမ်ပုဒ်တည်း။ နာမ်ပုဒ် ဟူကာလည်း ကြိယာနှင့်မကင်း ကောင်းရကား။ ဟောတိ ဟူသော ကြိယာထည့်၊ ဝါ၊ ''ထိဏိမာနိ ဘိက္ခဝေ သင်္ခတဿ သင်္ခတလက္ခဏာနိ၊ ကတမာနိတီဏိ ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဋ္ဌိတဿအညထတ္တံပညာယတိ''ဟုဟောတော်မူခြင်းကြောင့် သင်္ခ တရားဟူက ဥပ္ပါဒဟူသော သဝနကြိယာနှင့်မကင်းကောင်းရကား ''ဖဿော ဟောတိ၊ ဝေဒနာ ဟောတိ'' အစရှိသော ပါဠိကို ထောက်သဖြင့် ဟောတိ ဟူသော ကြိယာထည့်။ ထို့ကြောင့် ရကား ယော ပစ္စယ ဂဏော သင်္ခါရေန သဟ ဟောတိ၊ ဧတိတဿ သော ပစ္စယ ဂဏော သသင်္ခါရောဟု အပြည့် အစုံသမ္ဗန်။

28 ယော ပစ္စယ ဂဏော၊ အကြင် အာရုံ, ယောနိသော မနသိကာရ, စသော
A ပစ္စည်းအပေါင်းသည်။ သင်္ခါရေန၊ တွန့်တို ဆုတ်နစ်သော စိတ်ကို ထက်သည်

http://www.dhammadownload.com



၏ အဖြစ်ဟု ဆိုအပ်သော တန်ဆာ အထူးဖြင့် ပြုပြင်တတ်သော။ ဝါ၊ပြုပြင်ကြောင်းဖြစ်သော ပုဗ္ဗပယောဂ ဥပါယနှင့်။ သဟ၊တကွ။ ဟောတိ၊ ဖြစ်တတ်၏။ ဣတိ တသ္မာ၊ ထိုသို့တကွဖြစ်တတ်သည်၏ အဖြစ်ကြောင့်။ သော ပစ္စယဂဏော၊ ထို အာရုံ,ယောနိသော မနသိကာရစသော ပစ္စည်းအပေါင်းသည်။ သ သင်္ခါရော၊ သသင်္ခါရမည်၏။ သသင်္ခါရေန၊ တွန့်တိုဆုတ်နစ်သော စိတ်ကို ထက်သည်၏အဖြစ်ဟုဆိုအပ်သော တန်ဆာအထူးဖြင့် ပြုပြင်တတ်သော။ ဝါ၊ ပြုပြင်ကြောင်းဖြစ်သော ပုဗ္ဗပယောဂ ဥပါယနှင့်တကွဖြစ်သော။ သပ္ပယောဂေန၊တွန့်တို ဆုတ်နစ်သောစိတ်ကိုစေခြင်း,တိုက်တွန်းခြင်းဟူသော ပယောဂနှင့်ထကွဖြစ်သော။ သ ဥပါယေန၊ ကုသိုလ်ကိုပြုခြင်း မပြုခြင်းတို့၌ အပြစ်, အကျိုးကို ဆင်ခြင်ခြင်း သူတပါးတို့သည် စေခြင်း တိုက်တွန်းခြင်း, ဤသို့ အစရှိသော ကုသိုလ်ပြုခြင်း၏ အကြောင်း ဥပါယနှင့် တကွဖြစ်သော။ တေန ပစ္စယဂဏေန၊ ထိုအာရုံ,ယောနိသော မနသိကာရ-စသော ပစ္စည်းအပေါင်းဖြင့်။ (ဥပ္ပဇ္ဇတိ၌ စပ်)။ ဣတိ၊ အယံ၊ ကား။ အတ္ထော၊ တည်း။

မူလဋီကာဝိပ္ပါယ္ထ။ ။သပ္ပယောဂေနာတိ လီနဿ စိတ္တဿ ဥဿာဟန ပယောဂ သဟိတေန။ သ ဥပါယေနာတိ ကုသလဿ ကရဏာကရဏေသု အာဒီနဝါ နိသံသ ပစ္စဝေက္ခနံ ပရေဟိ ဥဿာဟနန္တိ ဧဝ မာဒိ ဥပါယသဟိတေန။ ၉၉-ဆဋ္ဌ။

ဋီကာအနက်။ ။သပ္ပယောဂေနာတိ၊ ကား။ လီနဿ၊ တွန့်တိုသော။ စိတ္တဿ၊ စိတ်ကို။ ဥဿာဟန ပယောဂ သဟိတေန၊ စေခြင်း, တိုက်တွန်းခြင်း ဟူသော ပယောဂနှင့်တကွဖြစ်သော။ သ ဥပါယေနာတိ၊ ကား။ ကုသလဿ ကရဏာကရဏေသု၊ ကုသိုလ်ကိုပြုခြင်း, မပြုခြင်းတို့၌။ အာဒီနဝါနိသံသ ပစ္စဝေက္ခနံ၊ အပြစ်,အကျိုးကို ဆင်ခြင်ခြင်း။ ပရေဟိ၊သူတပါးတို့သည်။ ဥဿာဟနံ၊စေခြင်း, တိုက်တွန်းခြင်း။ ဣတိ ဧဝ မာဒိ ဥပါယ သဟိတေန၊ ဤသို့ အစရှိသော ကုသိုလ်ကို ပြုခြင်း၏ အကြောင်း ဥပါယနှင့် တကွဖြစ်သော။

အနု။ ။"ဥဿာဟနံ ပေသနံ နိယောဇနံ"။ ပေသနံ၊ စေခြင်း။ နိယောဇနံ၊ တိုက်တွန်းခြင်းသည်။ ဥဿာဟနံ၊ မည်၏။ ။၁၀၆-ဆဌ။

ဟိ-သစ္စံ၊၏။ အာရမ္မဏာဒိနာ၊ အာရုံ, ယောနိသော မနသိကာရစသော။ ယေန ပစ္စယ ဂဏေန၊ အကြင် ပစ္စည်း အပေါင်းဖြင့်။ ပဌမစိတ္တံ၊ ကုသိုလ် 28
ပဌမစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ၏။ သပ္ပယောဂေန၊ တွန့်တို, ဆုတ်နစ်သော စိတ်ကို B

http://www.dhammadownload.com



စေခြင်း တိုက်တွန်းခြင်း ဟူသော ပယောဂနှင့် တကွဖြစ်သော။ သ ဉပါယေန၊ ကုသိုလ်ကို ပြုခြင်း မပြုခြင်းတို့၌ အပြစ်, အကျိုးကို ဆင်ခြင်ခြင်း, သူတပါးတို့သည် စေခြင်း, တိုက်တွန်းခြင်း ဤသို့ အစရှိသော ကုသိုလ်ကို ပြုခြင်း၏ အကြောင်း ဉပါယနှင့် တကွဖြစ်သော။ တေနေဝ ပစ္စယ ဂဏေန၊ ထိုအာရုံ, ယောနိသော မနသိကာရ-စသော ပစ္စည်းအပေါင်းဖြင့်သာလျှင်။ ဣဒံ ဒုတိယစိတ္တံ၊ ဤဒုတိယ မဟာ ကုသိုလ်စိတ်သည်။ ဉပ္ပဇ္ဇတိ၊ ၏။

မှတ်ချက်။ ။တေနေဝါတိ ပစ္စယဂဏေန ဉပ္ပဇ္ဇတိ ပဒေ ကရဏံ၊ သပ္ပယောဂေန သ ဉပါယေနာတိ ဗဒ္ဓယံ ဉပ္ပဇ္ဇတီတိ ပဒေ တတိယာဝိသေသနံ.... ဟူသော ယောဇနာ ၁၀၆-စကားကို ဆင်ခြင်။

တဿ၊ ထိုဒုတိယစိတ်၏။ ဧဝံ၊ သို့။ ဉပ္ပတ္တိ၊ ဖြစ်ခြင်းကို။ ဝေဒိတဗ္ဗာ၊၏။ ဣဓ၊ ဤသာသနာတော်၌။ ကေစ္စေ၊ အချို့သော။ ဘိက္ခု၊ သည်။ ဝိဟာရ ပစ္စန္တေ၊ ကျောင်းစွန်၌။ ဝသမာနော၊ နေသည်ဖြစ်၍။ စေတိယင်္ဂဏ သမ္မဇ္ဇန ဝေလာယ၊ စေတီရင်ပြင်ကို တမြက်လှည်းရာ အခါသည့်ရင်း။ ထေရုပဋ္ဌာန ဝေလာယ၊ မထေရ်ကြီးကို ခစားရာ အခါသည့်ရင်း။ သမ္ပတ္တာယဝါ၊ ရောက်လတ်သည်ရှိသော်ရင်း။ ဓမ္မဿဝနဒိဝသေ၊ တရားနာရာနေ့သည်။ သမ္ပတ္တေဝါ ရောက်လတ်သော်ရင်း။ "ဂန္တွာ"၊ သွား၍။ ပစ္စာ ဂစ္ဆတော၊ တဖန်ပြန်သော။ မယှံ၊ငါ့အား။ အတိဒူရံ၊အလွန်ဝေးသည်။ ဘဝိဿတိ ဖြစ်လတံ့။ နဂမိဿာမိ၊ မသွားအံ့။ ဣတိ၊သို့။ စိန္တေတွာ၊ကြံ၍။ ပုန၊ဖန်။ စိန္တေသိ၊ကြံပြန်၏။ ဘိက္ခုဿ နာမ၊ ရဟန်းအားမည်သည်။ စေတိယင်္ဂဏံဝါ၊ စေတီရင်ပြင်သို့ရင်း။ ထေရုပဋ္ဌာနံဝါ၊ မထေရ်ကြီးကိုခစားရာသို့ရင်း။ ဓမ္မဿဝနံဝါ၊ တရားနာရာသို့ရင်း။ အဂန္တုံ၊ မသွားခြင်းငှာ။ အသာရုပ္ပံ၊ မလျောက်ပတ်။ ဂမိဿာမိ၊ သွားအံ့။ ဣတိ၊ ဤသို့။ စိန္တေသိ၊ ကြံပြန်၏။ စိန္တေတွာ၊ ကြံပြီး၍။ ဂစ္ဆတိ၊ သွား၏။ ဧဝံ၊ သို့။ ဂစ္ဆတော၊ သွားသော။ (ထည့်)။ တဿဘိက္ခုနော၊ ထိုကျောင်း စွန်နေသော ရဟန်းအား။ အတ္တနော၊ မိမိ၏။ ပယောဂေနဝါ၊ ပယောဂဖြင့် ရင်း။ (ဉပ္ပန္နံ၌စပ်) ပရေန၊ သူတပါးသည်။ ဝတ္တာဒီနံ၊ ဝတ်အစရှိသည်တို့ကို။ အကရဏေ၊ မပြုခြင်း၌။ အာဒီနဝဥ္စ၊ အပြစ်ကိုရင်း။ ကရဏေ၊ ၌။ အာနိသံသဥ္စ၊ အကျိုးကိုရင်း။ ဒဿေတွာ၊ ပြပြီး၍။ ဩဝဒိယမာနဿ၊ ဆုံးမအပ် သော။ တဿဝါ၊ ထိုကျောင်းစွန် ရဟန်းအားရင်း။ (လိုက်)။နိဂ္ဂဟာဝသေ

http://www.dhammadownload.com



နေ၀၊နိုပ်သည်၏ အစွမ်းဖြင့်သာလျှင်။ ဟေါ၊ လာလှည့်။ ဣတိ ကမ္မံ၊ ဤအမှုကို။ ကရောဟိ၊ ပြုလော့။ ဣတိ၊သို့။ ကာရိယမာနဿ၊ ပြုစေအပ်သော။ တဿ၀ါ၊ ထိုကျောင်းစွန် ရဟန်းအားရင်း။ ပဍပယောဂေန၀ါ၊သူတပါး ပယောဂဖြင့်ရင်း။ (ထည့်)။

မှတ်ချက်။ ။ပရေန၀ါ၌ ၀ါကို ဤမှာယှဉ်၍ "အတ္တနော ပယောဂေန ၀ါ ပရ ပယောဂေန ၀ါ"ဟု သမ္ဗန္ဓယပြု။

ဥပ္ပန္နံ၊ ဖြစ်သော။ ကုသလစိတ္တံ၊သည်။ သသင်္ခါရေန၊သော။ပစ္စယဂဏေန၊ဖြင့်။ ဥပ္ပန္နံနာမ၊ ဖြစ်သည်မည်သည်။ ဟောတိ၊ ၏။ ဣတိဧဝံ၊ သို့။ ဥပ္ပတ္တိ၊ ကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

ဒုတိယစိတ္တံ၊ ဒုတိယစိတ်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

---

## တတိယစိတ္တ

၁၄၇-၁၄၈။ တတိယေ၊ တတိယ မဟာကုသိုလ်စိတ်၌။ ဉာဏေန၊ ဉာဏ်နှင့်။ ဝိပ္ပယုတ္တံ၊ မယှဉ်။ ဣတိ တသ္မာ၊ ကြောင့်။ ဉာဏဝိပ္ပယုတ္တံ၊ ဉာဏ်နှင့်မယှဉ်သော။ ဟိ-သစ္စံ၊မှန်၏။ဣဒမ္ပိ တတိယ စိတ္တံ၊ သည်လည်း။ အာရမ္မဏေ၊ အာရုံ၌။ ဟဋ္ဌပဟဋ္ဌံ၊ အလွန်ရွှင်သည်။ ဟောတိ၊ ၏။ ပန၊ အထူးကို ဆိုအံ့။ ဧတ္ထ၊ ဤ တတိယစိတ်၌။ ပရိစ္ဆိန္ဒက ဉာဏံ၊ ပိုင်းခြားခြင်းငှာ စွမ်းနိုင်သော ဉာဏ်သည်။ န ဟောတိ၊ မဖြစ်။ တသ္မာ၊ ထိုကြောင့်။ ဣဒံ တတိယ စိတ္တံ၊ သည်။ ဒဟရ ကုမာရ ကာနံ၊ အလွန် ငယ်ကုန်သော သူတို့အား။ ဘိက္ခူ၊ ရဟန်းကို။ ဒိသွာ၊ ၍။ "အယံ ထေရော၊ ဤ မထေရ်သည်။ မယ္ဟံ၊ ငါ၏။ ထေရော၊ တည်း"။ ဣတိ၊ ဤသို့။ ဝန္ဒန ကာလေ စ၊ ရှိခိုးရာ ကာလ၌ရင်း။ တေနေဝ နယေန၊ ထိုဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။ စေတိယ ဝန္ဒန ဓမ္မသဝန ကာလာဒီသု စ၊ စေတီတော်ကို ရှိခိုးခြင်း, တရားတော်ကိုနာခြင်း ၏ ကာလစသည်တို့၌ရင်း။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ဣတိ၊ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ပန၊ အထူးကို ဆိုအံ့။ ဧတ္ထ၊ ဤ တတိယ မဟာကုသိုလ်စိတ်၌။ ပါဠိယံ၊ ပါဠိတော်၌။ သတ္တသု ဌာနေသု၊ ခုနစ်ပါးသော အရာတို့၌။ ပညာ၊ ပညာ

http://www.dhammadownload.com



သည်။ ပရိဟာယတိ၊ ယုတ်၏။ သေသံ၊ကြွင်းသော စကားသည်။ ပါကဋိက မေဝ၊ ရှေးနှင့် မထူး ပြကတေ့သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤ သည်လျှင် စကားတရပ် အပြီးသတ်တည်း။

တတိယစိတ္တံ၊ တတိယစိတ်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

---

## စတုတ္ထ စိတ္တ

၁၄၉။ စတုတ္ထ စိတ္တေပိ၊ ၌လည်း။ ဧသေဝ နယော၊ ကိုသာလျှင်။ ဝေဒိ တဗ္ဗော၊ ၏။ ပန၊ အထူးကိုဆိုအံ့။ ဣဒံစိတ္တံ၊ကို။ ''သ သင်္ခါရေနာတိ''၊ ဟူ၍။ ဝစနတော၊ ဟောတော်မူခြင်းကြောင့်။ ယဒါ၊ ၌။ မာတာပိတရော၊ အမိ, အဘ, တို့သည်။ ဒဟရ ကုမာရကေ၊ သူငယ်တို့ကို။ သီသေ၊ ဦးခေါင်း၌။ ဂဟေတွာ၊ ကိုင်၍။ စေတိယာဒီနိ၊ စေတီစသည်တို့ကို။ ဝန္ဒာပေန္တိ၊ ရှိခိုးစေ ကုန်၏၊ တေ စ၊ ထို သူငယ်တို့သည်လည်း။ အနတ္တိကာ၊ အလိုမရှိကုန်သည်။ သမာနာပိ၊ ဖြစ်ကုန်သည်မှလည်း။ ဟဋ္ဌပဟဋ္ဌာဝ၊ အလွန် ရွှင်ကုန်သည်ဖြစ်၍ လျှင်။ ဝန္ဒန္တိ၊ရှိခိုးကုန်၏။ ဝေရူပေ၊ဤသို့ သဘောရှိသော။ ကာလေ၊ကာလ၌။ လဗ္ဘတိ၊ ၏။ ဣတိ၊ ဤသို့၊ ဒေဒိတဗ္ဗံ၊ သိအပ်၏။

စတုတ္ထ စိတ္တံ၊ သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

---

## ပဥ္စမ စိတ္တ

၁၅၀။ ပဥ္စမေ၊ ငါးခုမြောက်၌။ ဥပေက္ခာ သဟ ဂတန္တိ၊ကား။ ဥပေက္ခာ ဝေဒနာယ၊ ဥပေက္ခာ ဝေဒနာနှင့်။ သမ္ပယုတ္တံ၊ ယှဉ်သော။ ဟိ-သစ္စံ၊မှန်၏။ ဣဒံ စိတ္တံ၊ သည်။ အာရမ္မဏေ၊ အာရုံ၌။ မဇ္ဈတ္တံ၊ အလတ်သဘောရှိသည်။ ဝါ၊ လျစ်လျူရှုသည်။ ဟောတိ၊ ဖြစ်၏။ ပန၊ ဆက်၍ဆိုအံ့။ တတ္ထ၊ ဤပဥ္စမ စိတ်၌။ ပရိစ္ဆိန္နာကာ ဉာဏံ၊ပိုင်းခြားခြင်းငှာ စွမ်းနိုင်သောဉာဏ်သည်။ ဟောတိ ယေဝ၊ ဖြစ်သည်သာလျှင်တည်း။ ပန၊ အထူးကို ဆိုအံ့။ တတ္ထ၊ ဤပဥ္စမစိတ်၌။ ပါဠိယံ၊ ၌။ ဈာနစတုက္ကေ၊၌။ ''ဥပေက္ခာဟောတိ''တိ၊ဟူ၍။ ဣန္ဒြိယဋ္ဌကေ၊၌၊

http://www.dhammadownload.com



"ဥပေက္ခိန္ဒြိယံ ဟောတိ"တိ၊ ဟူ၍။ ဝတွာ၊ ဟောပြီး၍။ သဗ္ဗေသမ္ပိ၊ အလုံးစုံသည်း ဖြစ်ကုန်သော။ ဝေဒနာဒိပဒါနံ၊ ဝေဒနာစသော ပုဒ်တို့၏။ နိဒ္ဒေသေ၊ ၌။ သာတာသာတ, သုခ, ဒုက္ခ, ပဋိက္ခေပ ဝသေန၊ သာတ,အသာတ, သုခ, ဒုက္ခ, ကိုပယ်သည်၏ အစွမ်းဖြင့်။ ဒေသနံ၊ ကို။ ကတွာ၊၍။ အဒုက္ခမသုခ ဝေဒနာ၊ ကို။ ကထိဘာ၊ ၏။ တဿာ၊ ထိုအဒုက္ခမသုခ ဝေဒနာ၏။ မဇ္ဈတ္တ လက္ခဏော၊ လျစ်လျူရှုခြင်း လက္ခဏာ၌။ ဣန္ဒြိယ္ဋ္ဌကရဏ ဝသေန၊မိမိ၏ အစိုးရသည်၏ အဖြစ်ကို သမ္ပယုတ်တရားတို့ကို ပြုစေသည်၏ အစွမ်းဖြင့်၊ "ဣန္ဒြိယ္ဋ္ဌ ကာရဏ ဝသေနာတိပိအတ္ထိ"။ ဥာပက္ခိန္ဒြိယ ဘာဝေါ၊ဥပေက္ခိန္ဒြေ၏ အဖြစ်ကို။ ဝေဒိတဗ္ဗော၊ ၏။ စ ဆက်။ ပဒ ပဋိပါဋိယာ၊ ပုဒ်အစဉ်အားဖြင့်၊ ကေသုစိ ဌာနေ၊ တခုတည်းသော အရာ၌။ ပီတိ၊ပီတိသည်။ ပရိဟီနာ၊ယုတ်၏၊ တသ္မာ၊ ထိုကြောင့်။ စိတ္တင်္ဂဝသေန၊ဖြင့်။ ပါဠိအာရုဠှာ၊ ပါဠိတော်သို့ တင်အပ်ကုန်သော။ ပဉ္စ ပဏ္ဏာသေဝ၊ ငါးဆဲ့ ငါးပါးသာလျှင် ဖြစ်ကုန်သော ဓမ္မာ၊ တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေသံ၊ ထိုငါးဆဲ့ ငါးပါးသော တရားတို့၏။ ဝသေန၊ဖြင့်။ သမ္ဗဟုကောဌာသသော၊ တို့၌ရင်း။ သမ္ဗဝါရေသု စ တို့၌ရင်း။ ဝိနိစ္ဆယော၊ကို။ ဝေဒိတဗ္ဗော၊ ၏။

ပဉ္စမစိတ္တံ၊ သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

---

## ဆဋ္ဌ စိတ္တာဒိ

၁၄၆-၉။ ဆဋ္ဌ သတ္တမ ဋ္ဌမာနိ၊ဆဋ္ဌစိတ်, သတ္တမစိတ်, အဋ္ဌမစိတ် တို့ကို၊ ဒုတိယ, တတိယ စတုတ္ထေသု၊တို့၌။ ဝုတ္တ နယေနေဝ၊ သာလျှင်။ ဝေဒိတဗ္ဗာနိ ကုန်၏။ ဟိ-သစ္စံ၊ မှန်၏။ ကေဝလံ၊သက်သက်။ ဣမေသု၊ ဤဆဋ္ဌ, သတ္တမ, အဋ္ဌမ စိတ်တို့၌။ ဝေဒနာ ပရိဝတ္တနမေဝ၊ ဝေဒနာ လဲလှယ်ခြင်းသည်ရင်း၊ ပီတိ ပရိဟာနဉ္စ၊ ပီတို၏ ယုတ်ခြင်းသည်ရင်း။ ဟောတိ၊ ဖြစ်၏၊ ဥပ္ပတ္တိ နယေန၊ ဖြစ်သော နည်းနှင့်။ သဒ္ဓိံ၊ တကွ။ သေသံ၊ ကြွင်းသော စကားရပ်သည်။ တာဒိသ မေဝ၊ ထို ဒုတိယ, တတိယ, စတုတ္ထစိတ်နှင့်တူသည်သာလျှင်၊ ဟောတိ၊ ၏။ ဟိ-သစ္စံ၏။ ကရုဏာ မုဒိတာ ပရိကမ္မ ကာလေပိ၊ ကရုဏာ

http://www.dhammadownload.com



 နုဒိတာ, ပရိကံကို ပြုသော ကာလ၌လည်း။ ဣမေသံ၊ ဤ ဆဋ္ဌ,သတ္တမ,အဋ္ဌမ, စိတ်တို့၏။ ဥပ္ပတ္တိ၊ ဖြစ်ခြင်းကို။ မဟာအဋ္ဌကထာယံ၊ ၌။ အနုညာတာဝ၊ ခွင့်ပြုအပ်သည် သာလျှင်တည်း။

**အဓိပ္ပါယ်။** ။"မဟာ အဋ္ဌကထာယံ အနုညာတာ" ဟူသော ပါဌ်ဖြင့် အဆယ် အနက်ကို ပြသနည်းဟူမူ။

**မူလဋီကာ။** ။မဟာ အဋ္ဌကထာယံ အနုညာတာ နာတိသမာဟိတာယ ဘာဝနာ ယာတိ ယေဝါပနကေဟိပိ နိဗ္ဗိသေသတံ ဒဿေတိ။ ။၉၉-ဆဋ္ဌ။

**ဋီကာအနက်။** ။မဟာ အဋ္ဌကထာယံ၊ ၌။ နာတိ သမာဟိတာယ၊ မတည်ကြည် လွန်းသော။ ဘာဝနာယ၊ဘာဝနာဖြင့်။ ဝါ၊၌။ အနုညာတာ၊ခွင့်ပြုအပ်၏။ ဣတိ ဣမိနာ၊ဤမဟာအဋ္ဌကထာယံ အနုညာတာ,ဟူသောပါဌ်ဖြင့်။ ကရုဏာမုဒိတာ နမ္ဗိ၊တို့၏လည်း။ ဥပ္ပဇ္ဇနတော ဖြစ်ခြင်းကြောင့်။ (ထည့်)။ ယေဝါပနကေဟိပိ၊ ယေဝါပနက တရားတို့ဖြင့်လည်း။ နိဗ္ဗိသေသတံ၊ ပဌမ မဟာကုသိုလ်စိတ်မှ အထူးမရှိသည်၏ အဖြစ်ကို။ ဒဿေတိ၊၏။

အဋ္ဌ၊ ရှစ်ပါးကုန်သော။ ဣမာနိ စိတ္တာနိ၊ တို့သည်။ ကာမာဝစရ ကုသလ စိတ္တာနိနာမ၊ မည်ကုန်၏။

ဆဋ္ဌစိတ္တာဒိ၊ တို့သည်။ နိဋ္ဌိတာ၊ ပြီးကုန်ပြီ။

---

## ပုညကိရိယဝတ္ထာဒိကထာ

သဗ္ဗာနိပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ တာနိ ကာမာဝစရ ကုသလ စိတ္တာနိ၊တို့ကို။ ဒသဟိ၊ကုန်သော။ ပုညကြိယ ဝတ္ထူဟိ၊ တို့ဖြင့်။ ဒီပေတဗ္ဗာနိ၊ ကုန်၏။ ကထံ ဒီပေတဗ္ဗာနိ၊ ဟူမူကား။ ဒါန မယံ၊ဒါနဖြစ်သော။ ပုညကြိယ ဝတ္ထု၊စ၊ငှင်း။ သီလ မယံ၊သီလ ဖြစ်သော။ ဘာဝနာ မယံ၊ဘာဝနာဖြစ်သော။ အပစိတိ သဟဂတံ၊ အရို,အသေ ပြုခြင်းဖြစ်သော။ (သဟဂတ အနက်မရှိ)။ ဝါ၊ အရို,အသေပြုခြင်း ကာယဝိညတ်ဝစီဝိညတ်နှင့် တကွဖြစ်သော။ ဝေယျာ ဝစ္စ သဟဂတံ၊ အမှုကြီး,ငယ်ကို ရွက်ဆောင်ခြင်းဖြစ်သော။ ဝါ၊ အမှုကြီး, ငယ်ကို ရွက်ဆောင်သော ကာယ ဝိညတ်, ဝစီဝိညတ်နှင့်တကွဖြစ်သော။ ပတ္တာနုပ္ပဒါနံ၊ မိမိပြုအပ်သော ကုသိုလ်အဘို့ကို ပေးကြောင်းဖြစ်သော။ အဗ္ဘနုမောဒနံ၊ သူတပါး ပြုသော ကုသိုလ်ကို ရွှေးရှုဝမ်းမြောက်ကြောင်း

http://www.dhammadownload.com



ဖြစ်သော။ ဒေသနာ မယံ၊ တရားဟောကြောင်းဖြစ်သော။ သဝနေ မယံ၊ တရားနာခကြောင်းဖြစ်သော။ ဒိဋ္ဌိဇုကမ္မံ၊ အယူကို ဖြောင့်မတ်စွာ ပြုသော ကမ္မဿကတာ ဉာဏ်ဟု ဆိုအပ်သော။ ပုညကြိယဝတ္ထုံ၊ ရင်း။ ဣတိ၊ ဤသို့။ ဣမာနိဒသ၊ ဤဆယ်ပါးတို့သည်။ ပုညကြိယဝတ္ထုနိ နာမ၊ မည်ကုန်၏။ တတ္ထ၊ ထိုဆယ်ပါးသော ပုညကြိယာဝတ္ထုတို့၌။ အတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ (ထည့်)။ ဒါန မေဝ၊ ဒါနသည်သာလျှင်။ ဒါနမယံ၊ မည်၏။ ပုညကြိယာစ၊ ပုညကြိယာသည်လည်း။ ဟောတိ၊ ဖြစ်၏။ သာ၊ ထိုပုညကြိယာဟူသည်။ တေသံ တေသံ အာနိသံသာနံ၊ ထိုထိုအာနိသင်တို့၏။ ဝတ္ထုစ၊ အကြောင်း သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ပုညကြိယ ဝတ္ထု၊ မည်၏။ သေသေသု ပိ၊ ကြွင်းသော သီလမယစသည် တို့၌လည်း။ ဧသေဝ နယော၊ ကိုသာလျှင်။ ဝေဒိတဗ္ဗော၊ ၏။

တတ္ထ၊ ထိုဆယ်ပါးသော ပုညကြိယ ဝတ္ထုတို့၌။ ဝိနိစ္ဆယော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ (ထည့်)။ စီဝရာဒီသု၊ သင်္ကန်း-အစရှိကုန်သော။ စတူသု၊ ကုန်သော။ ပစ္စယေသု၊ တို့တွင်ရင်း။ ရူပါဒီသု၊ ကုန်သော။ ဆသု အာရမ္မဏေသု ဝါ၊ ခြောက်ပါးသော အာရုံတို့တွင်ရင်း။ အန္နာဒီသု၊ အန္န-အစရှိကုန်သော။ ဒသသု ဒါနဝတ္ထုသု ဝါ၊ ဆယ်ပါးသောဒါနဝတ္ထုတို့တွင်ရင်း။ တံတံ ဒါနံ၊ ဒါနဝတ္ထု ထိုထိုကို။ ဒေန္တဿ၊ လှူသသူအား။ တေသံ တေသံ စီဝရာဒီနံ၊ တို့ကို။ ဥပ္ပါဒနတော၊ ဖြစ်စေသည်မှ။ ပဋ္ဌာယ၊ စ၍။ ပုဗ္ဗဘာဂေ၊ ရှေးအဘို့၌ရင်း။ ပရိစ္စာဂ ကာလေ၊ စွန့်ကြဲသော ကာလ၌ရင်း။ ပစ္ဆာ၊ နောက်၌။ သောမနဿ စိတ္တေန၊ သောမနဿနှင့် ယှဉ်သောစိတ်ဖြင့်။ အနုဿရဏေ စ၊ အဖန်တလဲလဲ အောက်မေ့ရာ၌ရင်း။ "အနုဿရဏကာလေစာ တိပိ အတ္ထိ"။ ဣတိ၊ ဤသို့။ တီသု ကာလေသု၊ တို့၌။ ပဝတ္တာ၊ ဖြစ်သော။ စေတနာ၊ စေတနာသည်။ ဒါန မယံ၊ ဒါနမယဖြစ်သော။ ပုညကြိယ ဝတ္ထု နာမ၊ မည်၏။

ပဉ္စသီလံ၊ ကို။ အဋ္ဌသီလံ၊ ကို။ ဒသသီလံ၊ ကို။ သမာဒိယန္တဿ၊ ဆောက်တည်သသူအားရင်း။ ပဗ္ဗဇိဿာမိ၊ ရဟန်းပြုအံ့။ ဣတိ၊ ဤသို့။ ဝိဟာရံ၊ ကျောင်းသို့။ ဂစ္ဆန္တဿ၊ သွားသသူအားရင်း။ ပဗ္ဗဇန္တဿ၊ ရဟန်းပြုသသူ

http://www.dhammadownload.com



အားရှင်း။ မနောရထံ၊ နှလုံးအလိုကို။ မတ္ထကံ၊ ဖပြီးသို့။ ပါပေတွာ၊ ရောက်စေ၍။ "အဟံ၊ ငါသည်။ ပဗ္ဗဇိတော၊ ရဟန်းသည်။ အမှိတတော၊ ဖြစ်ပေပြီတကား။ သာဓုသာဓု၊ ကောင်းစွ-ကောင်းစွ"။ဣတိ၊ ဤသို့။ အာဝဇ္ဇန္တဿ၊ ဆင်ခြင်သသူအားရှင်း။ "အာဝဇ္ဇေန္တဿာတိပိ အတ္ထိ"။ ပါတိမောက္ခံ၊ ပါတိမောက္ခသီလကို။ သံဝရန္တဿ၊ စောင့်သသူအားရှင်း။ စီဝရာဒယော၊ သက်န်းအစရှိကုန်ခသော။ ပစ္စယေ၊တို့ကို။ ပစ္စဝေက္ခန္တဿ၊ ဆင်ခြင်သသူ အားရှင်း။ အာပါထဂတေသု၊ ထင်ခြင်းသို့ ရောက်ကုန်သော။ ရူပါဒီသု၊ ရူပါရုံ-စသည်တို့၌။ စက္ခုဒွါရာဒီနိ၊ စက္ခုဒွါရ-စသည်တို့ကို။ သံဝရန္တဿ၊ ပိတ်ဆို့စောင့်စည်းသသူအားရှင်း။ အာဇီဝံ၊ အာဇီဝသီလကို။ သောဓေန္တဿစ၊ သုတ်သင်သသူအားရှင်း။ပဝတ္တာ၊သော။ စေတနာ၊သည်။ သီလမယံ၊သော။ပုညကြိယဝတ္ထုနာမ၊မည်၏။

ပဋိသမ္ဘိဒါယံ၊ ပဋိသမ္ဘိဒါ၌။ ဝုတ္တေန၊ သခင် သာရိပုတြာသည်ဟောတော်မူ အပ်သော။ ဝိပဿနာ မဂ္ဂေန၊ ဝိပဿနာ၏ အစဉ်ဖြင့်။ စက္ခုံ၊ စက္ခုကို။ အနိစ္စတော၊ အနိစ္စဟူ၍။ ဒုက္ခတော၊ ဒုက္ခဟူ၍။ အနတ္တတော၊ အနတ္တဟူ၍။ ဘာဝေန္တဿ၊ ပွားစေသသူအား။ပ။ မနံ၊ မနောဒွါရကို။ ရူပေ၊ရူပါရုံတို့ကို။ပ။ ဓမ္မေ၊ ဓမ္မာရုံတို့ကို။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဉ်ကို။ ပ။ မနောဝိညာဏံ၊ မနောဝိညာဉ်ကို။ စက္ခု သမ္ဖဿံ၊ စက္ခုသမ္ဖဿကို။ပ။မနောသမ္ဖဿံ၊ မနော သမ္ဖဿကို။ စက္ခု သမ္ဖဿဇံ၊ စက္ခုသမ္ဖဿကြောင့်ဖြစ်သော။ ဝေဒနံ၊ ဝေဒနာကို။ပ။ မနောသမ္ဖဿဇံ၊ မနောသမ္ဖဿ ကြောင့်ဖြစ်သော။ ဝေဒနံ၊ ဝေဒနာကို။ ရူပသညံ၊ ရူပါရုံ၌ဖြစ်သော သညာကို။ပ။ ဓမ္မသညံ၊ ဓမ္မာရုံ၌ဖြစ်သောသညာကို။ပ။ ဇရာ,မရဏံ၊ ကို။အနိစ္စတော၊ ဟူ၍။ ဒုက္ခတော၊ ဟူ၍။ အနတ္တတော၊ ဟူ၍။ ဘာဝေန္တဿ၊ အား။ ပဝတ္တာ၊ ဖြစ်သော။ စေတနာ၊ သည်။ ဘာဝနာမယံ၊ သော။ ပုညကြိယဝတ္ထုနာမ၊ မည်၏။ (ရှေ့သို့သွား)။ ဝါ၊ ကား။ အဋ္ဌတ္တိံသာယ၊ သုံးဆယ့်ရှစ်ပါးသော။ အာရမ္မဏေသု၊ တို့၌။ အပ္ပနံ၊ သို့။ အပ္ပတ္တာ၊ မရောက်သော။ သမ္ဘာပိ၊ အလုံးစုံလည်းဖြစ်သော။ စေတနာ၊ သည်။ ဘာဝနာမယံ၊ သော။ ပုညကြိယ ဝတ္ထုနာမ၊ မည်၏။

29 ပန၊ ထိုမှတပါး။ မဟာလ္လကံ၊သိက္ခာကြီးသောသူကို။ ဒိသွာ၊ ၍။ ပစ္စုဂ္ဂမန ပတ္တ စီဝရ ပဋိဂ္ဂဟဏ အဘိဝါဒန မဂ္ဂသမ္ပဒါန ဝသေန၊ ခရီးဦးကြိုဆိုခြင်း,

http://www.dhammadownload.com



သပိတ်, သင်္ကန်းလှမ်းယူခြင်း, ရှိခိုးခြင်း, ခရီးပေးခြင်းတို့၏ အစွမ်းဖြင့်။ အပစိတိသဟဂတာ၊သော။ ပုညကြိယဝတ္ထု၊ကို။ (လိုက်)။ ဝေဒိတဗ္ဗ၊၏။

ဝုဍ္ဎတရာနံ၊ သီတင်းကြီးမြတ်သော သူတို့အား။တို့၏။ဝတ္တပဋိပတ္တိ ကရဏဝသေန၊ ဝတ်ကြီး, ဝတ်ငယ်ကို ပြုသည်၏ အစွမ်းဖြင့်။ ဝေယျာဝစ္စ သဟဂတာ၊ သော။ ပုညကြိယ ဝတ္ထု၊ ကို။ ဝေဒိတဗ္ဗ၊ ၏။ "လှမ်း၍စပ်"။

အနုသန္ဓေ။ ။လူတို့အားဖြစ်သော ဝေယျာဝစ္စကို ပြခြင်းငှာ ဂါမံ စသည်ကို ပိန္နဲသော်။

ဂါမံ၊ ရွာသို့။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ ပဝိဋ္ဌံ ဝင်သော။ ဘိက္ခုံ ကို။ ဒိသွာ၊ ၍။ ပတ္တံ၊ သပိတ်ကို။ ဂဟေတွာ၊ ယူ၍။ ဂါမေ၊ ရွာ၌။ ဘိက္ခံ၊ ဆွမ်းကို။ သမာဒပေတွာ၊ ပြည့်စုံစေ၍။ ဥပသံဟရဏဝသေန၊ အနီးသို့ ဆောင်သည်၏ အစွမ်းဖြင့်ရင်း။ "ဂစ္ဆ၊ သွားချေ။ ဘိက္ခူနံ၊ တို့၏။ ပတ္တံ၊ ကို။ အာဟရ၊ ဆောင်ချေ"။ ဣတိ၊ ဤသို့။ သုတွာ၊ ၍။ ဝေဂေန၊ လျင်သော အဟုန်ဖြင့်။ ဂန္တွာ၊ သွား၍။ ပတ္တာဟရဏာဒိဝသေန စ၊ သပိတ်ကို ဆောင်ခြင်း စသည်တို့၏အစွမ်းဖြင့်ရင်း။ ကာယဝေယျာဝစ္စကကာလေ၊ကိုယ်ဖြင့်အမှုကြီးငယ်ကို ရွက်ဆောင်သော ကာလ၌။ ဝေယျာဝစ္စ သဟဂတာ၊သော။ ပုညကြိယ ဝတ္ထု၊ ကို။ ဝေဒိတဗ္ဗ၊ သိအပ်၏။

ဒါနံ၊ အလှူကို။ ဒတွာ၊ ပေး၍။ ဂန္ဓာဒီဟိ၊ နံ့သာစသည်တို့ဖြင့်။ ပူဇံ၊ ပူဇော်ခြင်းကို။ ကတွာ၊ ပြု၍။ "အသုကဿ နာမ၊ ဤမည်သော သူအား။ ပတ္တိ၊ အဘို့သည်။ ဟောတု၊ဖြစ်ပစေ"။ ဣတိဝါ၊ ဤသို့ရင်း။ "သဗ္ဗသတ္တာနံ၊ အလုံးစုံသော သတ္တဝါတို့အား။ ပတ္တိ၊ သည်။ ဟောတု၊ ဖြစ်ပစေ"။ ဣတိဝါ၊ ဤသို့ရင်း။ ပတ္တိံ၊ မိမိပြုသောကုသိုလ် အဘို့ကို။ ဒဒတော၊ ပေးသသူအား။ ပတ္တာနုပ္ပဒါနံ၊ သော။ ပုညကြိယဝတ္ထု၊ ကို။ (လိုက်)။ ဝေဒိတဗ္ဗ၊ သိအပ်၏။ ဧဝံ၊ ဤသို့။ ပတ္တိံ၊ မိမိပြုသော ကုသိုလ်အဘို့ကို ဒဒတော၊ ပေးသသူအား။ ပုညက္ခယော၊ ကောင်းမှု၏ ကုန်ခြင်းသည်။ ဟောတိ ကိံပန၊ ဖြစ်သလော။ ဣတိအယံ၊ ဤသည်ကား။ စောဒနာ၊ ခြင်းတည်း။ ပုညက္ခယော၊ သည်။ န ဟောတိ၊ မဖြစ်။ ပန-တံပါကဋ္ဌ ကရောမိ၊ အံ့။ ကေဒီပံ၊ တပွင့်သော ဆီမီးကို။ ဇာလေတွာ၊ ထွန်း၍။ တတော၊ ထို ဆီမီးမှ။ ဒီပ သဟဿံ၊ ဆီမီး တထောင်ကို။ ဇာလေန္တဿ၊ ညှိသသူ၏။ ပဌမ ဒီပေါ၊ ရှေးဦးစွာ ဆီမီးကို။

http://www.dhammadownload.com



''ခိဏော''တိ၊ ကုန်၏ဟူ၍။ န ဝတ္တဗ္ဗော၊ မဆိုသင့်။ ပန၊သမ္ဘာဝနာကိုဆိုအံ့။ ပုရိမာ လောကေန၊ ရှေးဆိမ်းရောင်နှင့်။ သဒ္ဓိံ၊ တကွ။ ပစ္ဆိမာလောကော၊ နောက် ဆိမ်းရောင်သည်။ ကေတော၊ တပြိုင်နက်။ ဟုတွာ၊ ၍။ အတိမဟာ၊ အလွန်ကြီးကျယ်သည်။ ဟောတိ ယသာ၊၏သို့။ ဧဝ မေဝ၊ဤအတူသာလျှင်။ ပတ္တိံ၊ ကို။ ဒဒတော၊ အား။ ပရိဟာနိ နာမ၊ ကုသိုလ်၏ ဆုတ်ယုတ်ခြင်း မည်သည်။ နတ္ထိ၊ မရှိ။ ပန၊ သမ္ဘာဝနာကို ဆိုအံ့။ ဝုဒ္ဓိ ယေဝ၊ ကြီးပွားသည် သာလျှင်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗော၊၏။

ပရေဟိ၊ သူတပါး တို့သည်။ ဒိန္နာယ၊ ပေးအပ်သော။ ပတ္တိယာဝါ၊ ကုသိုလ် အဘို့ ကိုဖင်း။ အညာယ၊ ပေးအပ်သည်မှ တပါးသော။ ပုညာ ကြိယာယဝါ၊ ကိုဖင်း။ ''သာဓု သာဓု''တိ၊ ကောင်းစွ, ကောင်းစွ ဟူ၍။ အနုမောဒန ဝသေန၊ အနုမောဒနာ ပြုသည်၏ အစွမ်းဖြင့်။ အဗ္ဘာနုမောဒနံ၊ သော။ ပုညကြိယ ဝတ္ထု၊ ကို။ ဝေဒိတဗ္ဗံ၊၏။

ဧကော၊ တဦးသော ရဟန်းသည်။ ဓမ္မံ၊ဤသို့ တရားဟောသည်ရှိသော်။ မံ၊ ငါ့ကို။ ''ဓမ္မ ကထိကော''တိ၊ တရားဟောကောင်းဟူ၍။ ဇာနိဿန္တိ၊ သိကုန်လတ့ံ။ ဣတိ၊ သို့။ ဣစ္ဆာယ၊ ယုတ်မာသော အလိုဖြင့်။ ဌတွာ၊ တည်၍။ လာဘ ဂရုကော၊ လာဘ်၌ အလေးပြုသည်။ ဟုတွာ၍။ ဒေသေတိ၊ဟောအံ့။ တံ ဒေသနံ၊ ထိုဟောကြောင်းဖြစ်သော စေတနာသည်။ မဟပ္ဖလံ၊ကြီးသော အကျိုးရှိသည်။ န ဟောတိ၊ မဖြစ်။ ဧကော၊ တဦးသော ရဟန်းသည်။ အတ္တနော၊ ၏။ ပဂုဏံ၊ လေ့ကျက်အပ်သော။ ဓမ္မံ၊ ကို။ အပစ္စာသိသ မာနော၊ လာဘ သက္ကာရ-စသည်ကို ရှေးရှုမတောင့်တမူ၍။ ဝိမုတ္တာယတန သီသေန-ဝိမုတ္တာယတနံ သီသံကတွာ၊ နိဗ္ဗာန်၏ အကြောင်းထူးကို ပဌာနပြု။ ပရေသံ၊ သူတပါးတို့အား။ ဒေသေတိ၊အံ့။ ဣဒံ ဒေသနံ၊ ဤဟောကြောင်းဖြစ်သော စေတနာသည်။ ဒေသနာ မယံ၊သော။ ပုညကြိယ ဝတ္ထု နာမ၊မည်၏။

ဧကော၊ တဦးသော သူသည်။ သုဏန္တော၊နာသည်ရှိသော်။ ဣတိ၊ ဤသို့ နာသည်ရှိသော်။ မံ၊ ငါ့ကို။ သဒ္ဓေါ'တိ၊ သဒ္ဓါတရားရှိသူဟူ၍။ ဇာနိဿန္တိ၊ သိကုန်လတ့ံ။ ဣတိ၊ သို့။ ဣစ္ဆာယ၊ ယုတ်မာသော အလိုဖြင့်။ ဌတွာ၊ တည်၍။ (လိုက်)။ သုဏာတိ၊ နာအံ့။ တံ သဝနံ၊ ထိုသို့ နာကြောင်း

http://www.dhammadownload.com



ဖြစ်သော စေတနာသည်။ မဟပ္ဖလံ၊ သည်။ နဟောတိ၊ မဖြစ်။ ကော၊ တဦးသောသူသည်။ ''ဝေါ၊ ဤသို့ နာသည်ရှိသော်။ မေ၊ ငါ့အား။ မဟပ္ဖလံ၊ ကြီးသော အကျိုးသည်။ ဘဝိဿတိ၊ ဖြစ်ပေလတ္တံ့''။ ဣတိ၊ ဤသို့။ ဒေသကေ၊ တရားဟော ပုဂ္ဂိုလ်၌။ (ထည့်)။ ဟိတဖရဏေန မေတ္တာဖရဏေန၊ မေတ္တာကို နှံ့စေသော။ မုဒုစိတ္တေန၊ နူးညံ့သောစိတ်ဖြင့်။ တနည်း။ ''ဝေါ၊ သော်။ မေ၊ အား။ မဟပ္ဖလံ၊ သည်။ ဘဝိဿတိ၊ လတ္တံ့''။ ဣတိ၊ သို့၊ ဟိတ ဖရဏေန၊ မိမိ အစီးအပွား၌ ဖြန့်အပ်သော။ မုဒု စိတ္တေန၊ ဖြင့်။ ဓမ္မံ၊ ကို။ သုဏာတိ၊ အံ့။ ဣဒံသဝနံ၊ ဤ နာကြောင်း ဖြစ်သော စေတနာသည်။ သဝန မယံ၊ သော။ ပုညကြိယ ဝတ္ထုနာမ၊ မည်၏။

ဒိဋ္ဌိ၊ အယူကို။ ဥဇုံ၊ ဖြောင့်စွာ။ ကရောန္တဿ၊ ပြုသသူအား။ ဒိဋ္ဌိဇုကမ္မံ၊ အယူကို ဖြောင့်မတ်စွာ ပြုသော စေတနာဟူ ဆိုအပ်သော။ ဝါ၊ ဉာဏ်ဟု ဆိုအပ်သော။

မူလဋီကာ။ ။ကမ္မဿကတာဉာဏံ ဒိဋ္ဌိဇုကမ္မံ။ ။၁၀၀-ဆဌ။

ပုညကြိယ ဝတ္ထုနာမ၊ မည်၏။ ပန၊ အယူထူးကိုဆိုအံ့။ ဒီဃဘာဏကာ၊ တို့သည်။ ဒိဋ္ဌိဇုဘာတံ၊ ဒိဋ္ဌိဇုကတ ဖြစ်သော ပုညကြိယ ဝတ္ထုသည်။ ''ဒိဋ္ဌိဇု ကမ္မံ ဒိဋ္ဌုဇု ကမ္မန္တိပိ အတ္ထိ''။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော ပုညကြိယ ဝတ္ထုတို့၏။ နိယမ လက္ခဏံ၊ အကျိုးကြီးသည်၏အဖြစ်၌ မြဲခြင်း၏မှတ်ကြောင်း လက္ခဏာသည်။ ဟောတိ၊ ဖြစ်၏။ ဟိ-သစ္စံ၊ ၏။ ယံကိဉ္စိ၊ အလုံးစုံသော။ ပုညံ၊ ကို။ ကရောန္တဿ၊ ပြုသ သူအား။ ဒိဋ္ဌိယာ၊ ၏။ ဥဇုကဘာဝေနေဝ၊ ဖြောင့်သည်၏ အဖြစ်ဖြင့် သာလျှင်။ မဟပ္ဖလံ၊ သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ အာဟု၊ ကုန်၏။

ပန၊ ဆက်။ ဧတေသု ပုညကြိယ ဝတ္ထူသု၊ တို့တွင်။ တာဝ၊ စွာ။ ဒါနမယံ၊ ဒါနမယသည်။ ဒါနံ၊ ကို။ ဒဿာမိ၊ လှူအံ့။ ဣတိ၊ ဤသို့။ စိန္တေန္တဿ၊ ကြံသောသူအား။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒါနံ၊ ကို။ ဒဒတော၊ အား။ ဥပ္ပဇ္ဇတိ၊ ၏။ မေ၊ သည်။ ဒါနံ၊ ကို။ ဒိန္နံ၊ လှူအပ်ပြီ။ ဣတိ၊ ဤသို့။ ပစ္စဝေက္ခန္တဿ၊ အား။ ဥပ္ပဇ္ဇတိ၊ ၏။ ဝေါ၊ သို့။ ပုဗ္ဗစေတနာ၊ ကိုရင်း။ မုဉ္စစေတနာ၊ ကိုရင်း။ ''မုဉ္စနစေတနန္တိပိ အတ္ထိ''။ အပရစေတနာ၊ ကိုရင်း။ ဣတိ၊ ဤသို့။ တိဿောပိ၊ ကုန်သော။ စေတနာ၊ တို့ကို။ ကေ့တော၊ တပေါင်းတည်း။ ကတွာ၊ ၍။ ဒါနမယံ၊ သော။ ပုညကြိယ ဝတ္ထု၊

http://www.dhammadownload.com



နာမ၊သည်။ဟောတိ၊၏။သီလမယမ္ပိ၊သီလမယကုသိုလ်သည်လည်း။သီလံ၊ကို။ ပူရေသာမိ၊ ဖြည့်အံ့။ ဣတိ၊သို့။ စိန္တေန္တဿ၊ ကြံသသူအား။ ဥပ္ပဇ္ဇတိ၊၏။သီလ ပူရဏ ကာလေ၊ သီလကို ဖြည့်သော ကာလ၌။ ဥပ္ပဇ္ဇတိ၊ ၏။ မေ၊ ငါသည်။ သီလံ၊ကို။ (လိုက်)။ ပူရိတံ၊ ဖြည့်အပ်ပြီ။ ဣတိ၊သို့။ ပစ္စဝေက္ခန္တဿ၊ ဆင်ခြင်သ သူအား။ ဥပ္ပဇ္ဇတိ၊၏။ သဗ္ဗာပိ၊ ကုန်သော။ တာ၊ ထို သုံးပါးသော စေတနာ တို့ကို။ ဧကတော၊ တပေါင်းတည်း။ ကတွာ၊၍။ သီလမယံ၊ သော။ ပုညကြိယ ဝတ္ထု နာမ၊ သည်။ ဟောတိ၊၏။ပ။ ဒိဋ္ဌိဇုကမ္မမ္ပိ၊ သည်လည်း။ ဒိဋ္ဌိံ ၊ ကို။ ဥဇုံ၊ ဖြောင့်စွာ။ ကရိဿာမိ၊ အံ့။ ဣတိ၊ ဤသို့။ စိန္တေန္တဿ၊ အား။ ဥပ္ပဇ္ဇတိ၊ ၏။ ဒိဋ္ဌိံ ၊ကို။ ဥဇုံ၊ ဖြောင့်စွာ။ ကရောန္တဿ၊အား။ ဥပ္ပဇ္ဇတိ၊၏။မေ၊သည်။ဒိဋ္ဌိ၊ကို။ ဥဇုကာ၊ ဖြောင့်မတ်စွာ။ကတာ၊ပြုအပ်ပြီ။ဣတိ၊ဤသို့။ ပစ္စဝေက္ခန္တဿ၊အား။ ဥပ္ပဇ္ဇတိ၊ ၏။ သဗ္ဗာပိ၊ ကုန်သော။ တာ၊ ထို သုံးပါးသော စေတနာ တို့ကို။ ဧကတော၊ တည်း။ ကတွာ၊ ၍။ ဒိဋ္ဌိဇုကမ္မံ၊ သော။ ပုညကြိယ ဝတ္ထု နာမ၊ သည်လည်း။ ဟောတိ၊၏။

အနုသန္ဓေ။ ။အဋ္ဌကထာ နည်းကို ပြပြီး၍ ပါဠိနည်းကို ပြလိုရကား သုတ္တေဝန စသည်ကို မိန့်သော်....

ပန၊ အဋ္ဌကထာနည်းမှတပါး ပါဠိနည်းကို ဆိုအံ့။ သုတ္တေ၊ ပါဠိ၌။ တီဏိ ယေဝ၊ ဒါန,သီလ,ဘာဝနာဟူ၍ သုံးပါးသာလျှင် ဖြစ်ကုန်သော။ပုညကြိယ ဝတ္ထူနိ၊တို့သည်။အာဂတာနိ၊လာကုန်၏။ တေသု၊ထိုသုံးပါးသော ပုညကြိယ ဝတ္ထုတို့၌။ ဣတရေသမ္ပိ၊ ဤမှ တပါးသော ပုညကြိယ ဝတ္ထု တို့ကိုလည်း။ သင်္ဂဟော၊ ပေါင်း၍ ယူခြင်းကို။ ဝေဒိတဗ္ဗော၊ ၏။ ဟိ-သစ္စံ၊ ၏။ အပစိတိ ဝေယျာဝစ္စာနိ၊ အပစိတိ ပုညကြိယဝတ္ထု ဝေယျာဝစ္စပုညကြိယဝတ္ထုတို့သည်။ စာရိတ္တဝသေန၊ စာရိတ္တ၏ အစွမ်းဖြင့်။ (ထည့်)။ သီလမယေ၊၌။ သင်္ဂဟံ၊ ပေါင်း၍ ယူခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ပတ္တာနုပ္ပဒါန အဗ္ဘနုမောဒနာနိ၊ ပတ္တာနုပ္ပဒါန ပုညကြိယဝတ္ထု, အဗ္ဘနုမောဒန ပုညကြိယ ဝတ္ထုတို့သည်။ ဒါန မယေ၊၌။ သင်္ဂဟံ၊ ရေတွက်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

စောဒနာနုသန္ဓေ။ ။ပတ္တာနုပ္ပဒါနကို ဒါနမယ၌ သင်္ဂြိုဟ်သည်ကား သျော်ထူ ပေပြီ။ အဗ္ဘနုမောဒနကို အဘယ် အကြောင်းကြောင့် ဒါနမယ၌ သင်္ဂြိုဟ်သင့် သနည်းဟူမူ။

http://www.dhammadownload.com



**မူလဋီကာ။** ။အနဝဇ္ဇဝတ္ထုံ ပရိစ္စဇန္တော ဝိယ အဗ္ဘုနုမောဒ မာနောပိ ပရဿ သမ္ပတ္တိယာ မောဒတီတိ အဗ္ဘုနုမောဒနာ ဒါနမယေ သင်္ဂဟိတာ။ ။၁၀၀-ဆဋ္ဌ။

**ဋီကာအနက်။** ။အနဝဇ္ဇဝတ္ထုံ၊ အပြစ်မရှိသော ဝတ္ထုကို။ ပရိစ္စဇန္တော၊ စွန့်သောသူသည်။ ပရဿ၊ သူတပါး၏၊ သမ္ပတ္တိယာ၊ စည်းစိမ်ဖြင့်။ ဝါ၊၌။ မောဒတိဣဝ၊ ဝမ်းမြောက် သကဲ့သို့၊ အဗ္ဘုနုမောဒမာနောပိ၊ အသွန် ဝမ်းမြောက်သော သူသည်လည်း။ ပရဿ၊ ၏။ သမ္ပတ္တိယာ၊ ဖြင့်။ ဝါ၊ ၌။ မောဒတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ အဗ္ဘုနုမောဒနာ၊ အဗ္ဘုနုမောဒနာကို။ ဒါနမယေ၊ ဒါနမယ ပုညကြိယဝတ္ထု၌။ သင်္ဂဟိတာ၊ သင်္ဂြိုဟ်အပ်၏။

ဒေသနာ,သဝန,ဒိဋ္ဌိဇုကမ္မာနိ၊ ဒေသနာ, သဝန, ဒိဋ္ဌိဇုကမ္မတို့သည်။ ဘာဝနာမယေ၌၊ သင်္ဂဟံ၊ သို့။ ဂစ္ဆန္တိ၊ ကုန်၏။ မန၊အထူးကိုဆိုအံ့။ ယေ အာစရိယာ၊ တို့သည်။ "ဒိဋ္ဌိဇုကမ္မံ သဗ္ဗေသံ နိယမ လက္ခဏံ"န္တိ၊ ဟူ၍။ ဝဒန္တိ၊ ကုန်၏။ တေသံ အာစရိယာနံ၊တို့၏။ ဝါဒေ၌။ တံဒိဋ္ဌိဇုကမ္မံ၊ သည်။ တီသုပိ၊ ဒါန, သီလ, ဘာဝနာမယဟု ဆိုအပ်သော ပုညကြိယဝတ္ထု သုံးပါးတို့၌လည်း။ သင်္ဂဟံ၊ သို့။ ဂစ္ဆတိ၊ ၏။ ဧဝံ၊ သို့။ တောနိပုညကြိယ ဝတ္ထူနိ၊ တို့သည်။ သင်္ခေပတော၊ အကျဉ်းအားဖြင့်။ တီဏိ၊ သုံးပါးတို့သည်။ ဟုတွာ၍။ ဝိတ္ထာရတော၊ အကျယ်အားဖြင့်။ ဒသ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။

ဟောသု၊ ထိုဆယ်ပါးတို့တွင်။ "ဒါနံ၊ ကို။ ဒဿာမိ၊အံ့"။ ဣတိ၊ သို့၊ စိန္တေန္တော၊ သည်။ အဋ္ဌန္နံ၊ ကုန်သော။ ကာမာဝစရ ကုသလ စိတ္တာနံ၊တို့တွင်။ အညတရေ နေဝ၊ တပါးပါးဖြင့် သာလျှင်။ စိန္တေတိ၊ ၏။ ဒဒ မာနောပိ၊ ပေးလှူသော သူသည်လည်း။ တေသံ ယေဝ၊ ထိုရှစ်ပါးသော ကာမာဝစရ ကုသိုလ်စိတ်တို့တွင်သာလျှင်။ အညတရေန၊ဖြင့်။ ဒေတိ၊ ၏။ "မေ၊ သည်။ ဒါနံ၊ ကို။ ဒိန္နံ၊ ပြီ"။ ဣတိ၊ သို့။ ပစ္စဝေက္ခန္တောပိ၊ သော်လည်း။ တေသံ ယေဝ၊ တို့တွင်သာလျှင်။ အညတရေန၊ဖြင့်။ ပစ္စဝေက္ခတိ၊၏။ "သီလံ၊ ကို။ ပူရေဿာမိ၊ အံ့"။ ဣတိ၊သို့။ စိန္တေန္တောပိ၊ သော်လည်း။ တေသံ ယေဝ၊ တို့တွင်သာလျှင်။ အညတရေန၊ ဖြင့်။ စိန္တေတိ၊ ၏။ သီလံ၊ ကို။ ပူရေန္တောပိ၊ သော်လည်း။ တေသံ ယေဝ၊တို့တွင်သာလျှင်။ အညတရေန၊ဖြင့်။ ပူရေတိ၊၏။ "မေ၊သည်။ သီလံ၊ကို။ ပူရိတံ၊ပြီ"။ ဣတိ၊သို့။ ပစ္စဝေက္ခန္တောပိ၊ သော်လည်း။ တေသံယေဝ၊ တို့တွင်သာလျှင်။ အညတရေန၊ဖြင့်။ ပစ္စဝေက္ခတိ၊၏။ ဘာဝနံ၊ ကို။ ဘာဝေဿာမိ၊ ပွားစေအံ့။ ဣတိ၊ သို့။ စိန္တေန္တောပိ၊ သော်လည်း။

http://www.dhammadownload.com



တေသံ ယေဝ၊ တို့တွင်သာလျှင်။ အညတရေန၊ ဖြင့်။ စိန္တေတိ၊ ၏။ ဘာဝနံ၊ ကို။ (လိုက်)။ ဘာဝေန္တောပိ၊ သော်လည်း။ တေသံ ယေဝ၊ တို့တွင်သာလျှင်။ အညတရေန၊ တပါးပါးဖြင့်။ ဘာဝေတိ၊ ၏။

မူလဋီကာဒိပ္ပါယဏ္ဏ။ ။ဘာဝေန္တောပီတိ အသမတ္တ ဘာဝနံ သန္ဓာယာဟ။ သမတ္တာ ဟိ အပ္ပနာ ဟောတီတိ။ ။၁၀၀-ဆဌ။

ဋီကာအနက်။ ။ဘာဝေန္တောပီတိ၊ ဟူသော စကားကိုလည်း။ အသမတ္တဘာဝနံ၊ မပြည့်စုံသော ဘာဝနာကို။ ဝါ၊ ပုဗ္ဗဘာဂဘာဝနာကို။ သန္ဓာယ၊ ၍။ အာစရိယော၊ သည်။ အာဟ၊ ၏။ ဟိ-သစ္စံ၊ ၏။ သမတ္တာ၊ ပြည့်စုံသော ဘာဝနာသည်။ အပ္ပနာ၊ အပ္ပနာမည်သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့မှတ်အပ်၏။

မေ၊ သည်။ ဘာဝနာ၊ ကို။ ဘာဝိတာ၊ ပွားစေအပ်ပြီ။ ဣတိ၊ ဤသို့။ ပစ္စဝေက္ခန္တောပိ၊ သော်လည်း။ တေသံ ယေဝ၊ တို့တွင်သာလျှင်။ အညတရေန၊ ဖြင့်။ ပစ္စဝေက္ခတိ၊ ၏။

စေဒ္ဒွာ ပစိတိ ကမ္မံ၊ ကို။ ကရိဿာမိ၊ အံ့။ ဣတိ၊ သို့။ စိန္တေန္တောပိ၊ သော်လည်း။ တေသံ ယေဝ၊ တို့တွင်သာလျှင်။ အညတရေန၊ ဖြင့်။ စိန္တေတိ၊ ၏။ ကရောန္တောပိ၊ သော်လည်း။ တေသံ ယေဝ၊ တို့တွင်သာလျှင်။ အညတရေန၊ ဖြင့်။ ကရောတိ၊ ၏။ မေ၊ သည်။ စေဒ္ဒွာ ပစိတိကမ္မံ၊ ကို။ ကတံ၊ ပြီ။ ဣတိ၊ သို့။ ပစ္စဝေက္ခန္တောပိ၊ သော်လည်း။ တေသံယေဝ၊ တို့တွင်သာလျှင်။ အညတရေန၊ ဖြင့်။ ပစ္စဝေက္ခတိ၊ ၏။ ကာယဝေယျာဝစ္စိက ကမ္မံ၊ ကို။ ကရိဿာမိ၊ အံ့။ ဣတိ၊ သို့။ စိန္တေန္တောပိ၊ ကြံသော်ငြား။ ကရောန္တောပိ၊ ပြုသော်ငြား။ "မေ၊ သည်။ ကတံ၊ ပြီ"။ ဣတိ၊ ဤသို့။ ပစ္စဝေက္ခန္တောပိ၊ ဆင်ခြင်သော်ငြား။ တေသံ ယေဝ၊ တို့တွင်သာလျှင်။ အညတရေန၊ ဖြင့်။ ပစ္စဝေက္ခတိ၊ ၏။ ပတ္တိံ၊ ကို။ ဒဿာမိ၊ အံ့။ ဣတိ၊ သို့။ စိန္တေန္တောပိ၊ သော်ငြား။ ဒဒန္တောပိ၊ သော်ငြား။ မေ၊ သည်။ ဒိန္နံ၊ ပြီ။ ဣတိ၊ ဤသို့။ ပစ္စဝေက္ခန္တောပိ၊ သော်ငြား။ ပတ္တိံ ဝါ၊ သူတပါး ပေးသော ကုသိုလ်ကိုငြား။ ပရေသံ၊ တို့၏။ ကုသလံ ဝါ၊ မပေးဝေသော ကုသိုလ်ကိုငြား။ အနုမောဒိဿာမိ၊ အံ့။ ဣတိ၊ ဤသို့။ စိန္တေန္တောပိ၊ သော်လည်း။ တေသံယေဝ၊ တို့တွင်သာလျှင်။ အညတရေန၊ ဖြင့်။ စိန္တေတိ၊ ၏။ အနုမောဒန္တောပိ၊ သော်လည်း။ တေသံ ယေဝ၊ တို့တွင်သာလျှင်။ အညတရေန၊ ဖြင့်။ အနုမောဒတိ၊ ၏။ မေ၊ သည်။ အနုမောဒိတံ၊ ပြီ။ ဣတိ၊ ဤသို့။

http://www.dhammadownload.com



ပစ္စဝေက္ခန္တော ပိ၊ လည်း။ တေသံ ယေဝ၊ တို့တွင်သာလျှင်။ အညတရေန၊ ဖြင့်။ ပစ္စဝေက္ခတိ၊ ၏။ ဓမ္မံ၊ ကို။ ဒေသိယာ မိ၊ အံ့။ ဣတိ၊ သို့။ စိန္တေန္တော ပိ၊ သော်လည်း။ တေသံ ယေဝ၊ တို့တွင် သာလျှင်။ အညတရေန၊ ဖြင့်။ စိန္တေတိ၊ ၏။ ဓမ္မံ၊ ကို။ ဒေသေန္တော ပိ၊ သော်လည်း။ တေသံ ယေဝ၊ တို့တွင်သာလျှင်။ အညတရေန၊ ဖြင့်။ ဒေသေတိ၊ ၏။ မေ၊ သည်။ ဓမ္မော၊ ကို။ ဒေသိတော၊ ပြီ။ ဣတိ၊ သို့။ ပစ္စဝေက္ခန္တော ပိ၊ သော်လည်း။ တေသံယေဝ၊ တို့တွင်သာလျှင်။ အညတရေန၊ ဖြင့်။ ပစ္စဝေက္ခတိ၊ ၏။ ဓမ္မံကို။ သောဿာမိ၊ နာအံ့။ ဣတိ၊ ဤသို့။ စိန္တေန္တော ပိ၊ သော်လည်း။ တေသံ ယေဝ၊ တို့တွင်သာလျှင်၊ အညတရေန၊ ဖြင့်။ စိန္တေတိ၊ ၏။ သုဏန္တော ပိ၊ သော်လည်း။ တေသံ ယေဝ၊ တို့တွင်သာလျှင်။ အညတရေန၊ ဖြင့်။ သုဏာတိ၊ ၏။ မေ၊ သည်။ ဓမ္မော၊ ကို။ သုတော၊ ပြီ။ ဣတိ၊ သို့။ ပစ္စဝေက္ခန္တော ပိ၊ သော်လည်း။ တေသံ ယေဝ၊ တို့တွင်သာလျှင်။ အညတရေန၊ ဖြင့်။ ပစ္စဝေက္ခတိ၊ ၏။ ဒိဋ္ဌိံ၊ ကို။ ဥဇုကံ၊ ဖြောင့်မတ်စွာ။ ကရိဿာမိ၊ အံ့။ ဣတိ၊ ဤသို့။ စိန္တေန္တော ပိ၊ သော်လည်း။ တေသံ ယေဝ၊ တို့တွင်သာလျှင်။ အညတရေန၊ ဖြင့်။ စိန္တေတိ၊ ၏။ ပန၊ အထူး။ ဒိဋ္ဌိံ၊ ကို။ ဥဇုံ၊ စွာ။ ကရောန္တော၊ သည်။ စတူသု၊ ကုန်သော။ ဉာဏသမ္ပယုတ္တေသု၊ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် လေးခုတို့တွင်။ အညတရေန၊ ဖြင့်။ ကရောတိ၊ ၏။ မေ၊ သည်။ ဒိဋ္ဌိ၊ ကို။ ဥဇုကာ၊ စွာ။ ကတာ၊ ၏။ ဣတိ၊ သို့။ ပစ္စဝေက္ခန္တော ပိ၊ သော်လည်း။ တေသံ ယေဝ အဋ္ဌန္နံ၊ တို့တွင်သာလျှင်။ အညတရေန၊ ဖြင့်။ ပစ္စဝေက္ခတိ၊ ၏။

ကျမ်းတက်။ ။သာမညဖြင့် ဝိသေသကို ယူလိုရကား၊ ဣမသ္မိံ ဌာနေ စသည်ကို ထက်သော်....။

ဣမသ္မိံ ဌာနေ၊ ဤအရာ၌။ စတ္တာရိ၊ လေးပါးကုန်သော။ အနန္တာနိ နာမ အနန္တ မည်သည်တို့ကို။ ဂဟိတာနိ၊ မဟာ အဋ္ဌကထာ၌ ယူအပ်ကုန်၏။ ကတမာနိ စတ္တာရိ၊ အဘယ်လေးပါးတို့နည်း၊ ဟူမူကား။ ဟိ၊ ချဲ့အံ့။ အာကာသော၊ ကောင်းကင်သည်။ အနန္တော၊ အဆုံး, အပိုင်း, အခြားမရှိ။ စက္ကဝါဠာနိ၊ စကြဝဠာတို့သည်။ အနန္တာနိ၊ အဆုံး, အပိုင်း, အခြားမရှိကုန်။ သတ္တနိကာယော၊ သတ္တဝါအပေါင်းသည်။ အနန္တော၊ အဆုံး,အပိုင်း, အခြားမရှိ။ ဗုဒ္ဓဉာဏံ၊ ဘုရားဉာဏ်တော်သည်။ အနန္တံ၊ အဆုံး, အပိုင်းအခြားမရှိ။

http://www.dhammadownload.com



ဣတိ၊ ဤသို့။ အနန္တာနိ၊ တို့သည်။ စတ္တာရိ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ ဟိ-သစ္စံ၊ ၏။ အာကာသဿ၊ ကောင်းကင်၏။ ပုရတ္ထိမ ဒိသာယ ဝါ၊ အရှေ့ အရပ်၌ရင်း။ ပစ္ဆိမုတ္တရ, ဒက္ခိဏာသုဝါ၊ အနောက်, မြောက်, တောင်အရပ်တို့၌ရင်း။ တွေကာနိ၊ ဤမျှအတိုင်းအရှည်ရှိကုန်သော။ ယောဇနသတာနိတိဝါ၊ ယူဇနာအရာတို့ဟူ၍ရင်း။ တွေကာနိ၊ ကုန်သော။ ယောဇန သဟဿာနိတိဝါ၊ယူဇနာအထောင်တို့ ဟူ၍လည်းကောင်း။ ပရိစ္ဆေဒေါ၊ အပိုင်းအခြားသည်။ နတ္ထိ၊မရှိ။ သိနေရုမတ္တမ္ပိ၊ မြင်းမိုရ်တောင် ပမာဏရှိသည် လည်း ဖြစ်သော။ အယောကူဋံ၊သံချောင်းကို။ ပထဝိံ၊မြေကို။ ဒွိဓာ ကတွာ၊ နှစ်ဖြာပြု၍။ ဟေဋ္ဌာ၊အောက်သို့။ ခိတ္တံ၊ ချအပ်သည်ရှိသော်။ ဘဿေဝ[၁]၊ ကျသည်သာလျှင်တည်း။ ပတိဋ္ဌံ၊ တည်ရာကို။ နေဝ လဘေထ၊ မရရာ။ ဇဝံ၊ ဤသို့။ အာကာသော[၂]၊သည်။ အနန္တောနာမ၊ မည်သည်။ ဟောတိ၊ ဖြစ်၏။

စက္ကဝါဠာနမ္ပိ၊ တို့၏လည်း။ သတေဟိ ဝါ၊ အရာတို့ဖြင့်ရင်း။ သဟဿေဟိဝါ၊ အထောင်တို့ဖြင့်ရင်း။ ပရိစ္ဆေဒေါ၊ သည်။ နတ္ထိ၊ မရှိ။ ဟိ-သစ္စံ၊ ၏။ အကနိဋ္ဌ ဘဝနေ၊ ၌။ နိဗ္ဗတ္တာ၊ ကုန်သော။ (မဟာ ဗြဟ္မာနေ၌စပ်)။

ဝစနတ္ထ။ ။ဥဒ္ဒြဋ္ဌသမ္ပတ္တိကတ္တာ နတ္ထိ ဧတေသံ ကနိဋ္ဌဘာဝေါတိ အကနိဋ္ဌာ။

ဒဋ္ဌ, ထာမ, ဓနုဂ္ဂဟာဿ၊ ပိုလ် နှစ်ထောင် ဝန်ကို ဆောင်သော ကျန်းသော လေးကို စွဲကိုင်သော လေးသမား၏။ "ဒဠှ ဓမ္မ ဓနုဂ္ဂဟဿာတိပိ အတ္ထိ"။

အဓိပ္ပါယ်။ ။တင်ပြီးသော လေးညှို့ အလယ်၌ နှစ်ထောင်ပိဿ လေးသာရကို ချည်၍ လေးရိုးကို ချီလသော် လေးညှို့အလယ်နှင့် လေးရိုးအလယ် အကြားသည် မြှားနှင့် အရှည် ခွင်ထည်း ကျယ်အံ့။ သာရလည်း မြေမှ ကြွအံ့။ ဤ လေးသည် ဒွိသဟဿ ထာမ,မည်၏။ ယင်းသို့ ဒွိသဟဿ ထာမ ထေးသည်ပင် ဒဠှ ထာမ မည်၏။

လဟုကေန၊ မြှားကိုခွဲ၍ အဦးနှုတ်ပြီး လဲသွတ်သဖြင့် ပေါ့သော။ အသနေန၊ မြှားသည်။ "သရေနာတိပိ ကတ္ထစိ အတ္ထိ"။

---

၁။ ဘဿတေဝ-တ။ ဘဿတေယေဝါတိ ပထေယော- ယောဇနာ- ၁၁၆။
၂။ ဇဝံ အာကာသံ အနန္တံ နာမ-ဆဋ္ဌ။

30

A

http://www.dhammadownload.com



မှတ်ချက်။ ။အတိက္ကမနဥ္စ ကတ္တာ။ "အသနေနာတိ သရေန၊ အတိက္ကမန ဇုတိပဒေ ကရဏံ၊ အသိယတိ ခိပိယတီတိ အသနော၊ အသ, ခိပနေ၊ ကမ္မေ,ယု" ဇယာ ဝ နာ သာ ရ ကား အသနေနကား ပါဠိဟောင်း။ ဤ ယောဇနာ၌ အတိက္ကမန ဇုတိပဒေ ကရဏံ,ကို ဆင်ခြင်။

တိရိယံ၊ ဖီလာ။ တာလစ္ဆာယံ၊ ထန်းရိပ်ကို။ အတိက္ကမန မတ္တေန၊ လွန်ခြင်း အတိုင်းအရှည်ရှိသော။ ကာလေန၊ဖြင့်။ စက္ကဝါဠ သတ သဟဿံ၊ စကြဝဠာ တသိန်းကို။ အတိက္ကမန သမတ္တေန၊ လွန်ခြင်းငှာ စွမ်းနိုင်သော။ ဇဝေန၊ လျှင်ခြင်းနှင့်။ သမန္နာဂတာ၊ပြည့်စုံကုန်သော။ စတ္တာရော၊လေးဦးကုန်သော။ မဟာဗြဟ္မာနော၊ ဗြဟ္မာကြီးတို့သည်။

ခါတု ပစ္စယ ဝိနိစ္ဆယ။ ။ဗြူဟ ခါတ်။ မ-ပစ္စည်း။ ဥ-ကို အ-ပြု၍ ဗြဟ္မပြီးသည်။ ထိုကြောင့် မဏိမဥ္ဇူ၌ "ဗြဟ္မာနောတိ ဧတေန ဗြူဟ ဓာတုတော မပစ္စယံ ကတွာ ဥကာရဿ စ အကာရံ ကတွာ ဗြဟ္မာဇုတိ ရူပံ သိဒ္ဓတီတိ ဒဿေတိ။" ဟူအဝ်ပြီ။

သဒ္ဒနီတိ သုတ် အဋ္ဌကထာ။ ။ဗြဟ္မာတိ ကာမာဝစရ သတ္တာနံ သေဋ္ဌဋ္ဌေန၊ တထာ ဗြူဟိတ ဂုဏတာယ ဗြဟ္မဝိဟာရတော နိဗ္ဗတ္တဋ္ဌေန စ ဗြဟ္မာ။

"စက္ကဝါဠ ပရိယန္တံ၊ စကြဝဠာအဆုံးကို။ပဿိဿာမ၊ရှုကုန်အံ့"။ဣတိ၊ဤသို့။ ဧတေန ဇဝေန၊ ထိုသို့သော လျင်ခြင်းဖြင့်။ သစေပိဓာဝေယျုံ၊ အကယ်၍ကား ပြေးကုန်ငြားအံ့။ စက္ကဝါဠ ပရိယန္တံ၊ စကြဝဠာ အဆုံးကို။ အဒိသွာဝ၊ မမြင်မူ၍သာလျှင်။ ပရိနိဗ္ဗာယေယျုံ၊ ခရီးအကြား၌ ပရိနိဗ္ဗာန်စံကုန်ရာ၏။ဧဝံ၊သို့။ စက္ကဝါဠာနိ၊ တို့သည်။ အနန္တာနိနာမ၊ မည်ကုန်၏။

ပန၊ ထိုမှ တပါး။ ဧတ္တကေသု၊ ဤမျှအတိုင်းအရှည် ရှိကုန်သော။စက္ကဝါဠေသု၊တို့၌။ ဥဒကက္ခန္ဓ,ထလက္ခန္ဓကသတ္တာနံ၊ ရေ၌တည်သောသတ္တဝါ,ကြည်း၌တည်သော သတ္တဝါတို့၏။ ပမာဏံ၊သည်။နတ္ထိ၊မရှိ။ဧဝံ၊သို့။သတ္တနိကာယော၊သည်။ အနန္တော နာမ၊ အနန္တ မည်သည်။ ဟောတိ၊ ဖြစ်၏။ တတောပိ၊ ထိုသုံးပါးသော အနန္တထက်လည်း။ ဗုဒ္ဓဉာဏံ၊ဘုရားဉာဏ်တော်သည်။ အနန္တတရမေဝ[1]၊ အနန္တထက် အနန္တသည် သာလျှင်။ ဟောတိ၊ဖြစ်၏။

---

၀။ ပိဋကရေ ၂၀၂၊ ဒုအုပ်။ စာမျက်နှာ ၆၊ ကြောင်းရေ-၂၆။

၂။ အနန္တမေဝ-ဆဋ္ဌ။

30

B

http://www.dhammadownload.com



ဇဝံ၊ သို့။ အပရိမာဏေသု၊ အတိုင်းအရှည် မရှိကုန်သော။ စက္ကဝါဠေသု၊ စကြာဝဠာတို့၌။ အပရိမာဏာနံ၊ အတိုင်း အရှည် မရှိ ကုန်သော။ သတ္တာနံ၊ သတ္တဝါတို့၏။ ကာမာဝစရ သောမနဿ သဟဂတ ဉာဏသမ္ပယုတ္တ အသင်္ခါရိက ကုသလ စိတ္တာနိ၊ တို့သည်။ ကေဿ၊ တဦးသသူအား။ ဗဟူနိ၊ များစွာတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဗဟူနမ္ပိ၊ များစွာသော သူတို့ အားလည်း။ ဗဟူနိ၊ များစွာသော ကုသိုလ်စိတ်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ သဗ္ဗာနိပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ တာနိ ကုသလ စိတ္တာနိ၊ တို့သည်။ ကာမာဝစရဋ္ဌေန၊ ကာမာဝစရ ဟူသော အနက်အားဖြင့် လည်းကောင်း။ သောမနဿ သဟဂတဋ္ဌေန၊ သောမနဿ သဟဂုတ် ဟူသော အနက်အားဖြင့် လည်းကောင်း။ ဉာဏသမ္ပယုတ္တဋ္ဌေန၊ ဉာဏသမ္ပယုတ်ဟူသော အနက်အားဖြင့်လည်းကောင်း။ အသင်္ခါရိကဋ္ဌေန၊ အသင်္ခါရိက ဟူသော အနက် အားဖြင့် လည်းကောင်း။ ဧကတ္တံ၊ တူသည်၏ အဖြစ်သို့။ ဝါ၊ တခုတည်း၏ အဖြစ်သို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ဧက မေဝ၊ တခုသာလျှင်ဖြစ်သော။ သောမနဿသဟဂတံ၊ သော။ တိဟေတုကံ၊ သော။ အသင်္ခါရိကံ၊သော။ မဟာစိတ္တံ၊သည်။ ဟောတိ၊ ဖြစ်၏။ တထာ၊တူ။ သသင်္ခါရိကံ၊သော။ မဟာစိတ္တံ၊သည်။ ဟောတိ၊ဖြစ်၏။ပ။တထာ၊ တူ။ ဥပေက္ခာသဟဂတ ဉာဏဝိပ္ပယုတ္တ ဒုဟေတုက သသင်္ခါရိကံ၊သော။ မဟာစိတ္တံ၊သည်။ ဟောတိ၊ဖြစ်၏။ ဣတိဧဝံ၊သို့။ သဗ္ဗာနိပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ အပရိမာဏေသု၊ ကုန်သော။ စက္ကဝါဠေသု၊တို့၌။ အပရိမာဏာနံ၊ကုန်သော။ သတ္တာနံ၊ တို့အား။ ဥပ္ပဇ္ဇမာနာနိ၊ ကုန်သော။ ကာမာဝစရ ကုသလ စိတ္တာနိ၊တို့ကို။ ''ပရိစ္ဆိန္ဒိတွာဒဿေတိ၊၌စပ်''။သမ္မာသမ္ဗုဒ္ဓေါ၊ သည်။ မဟာတုလာယ၊ ချိန်ကြီးဖြင့်။ တုလယ မာနော ဝိယ၊ ချိန်၏သို့ရင်း။ တုမ္ဗေ၊ပြည်တဲ့၌။ ပက္ခိပိတွာ၊ထည့်၍။ မိနမာနောဝိယ၊ခြင်၏သို့ရင်း။သဗ္ဗညုတညာဏေန၊ ဖြင့်။ ပရိစ္ဆိန္ဒိတွာ၊ ပိုင်းခြား၍။ တာနိ ကာမာဝစရ ကုသလ စိတ္တာနိ၊ တို့သည်။ အဋ္ဌေဝ၊ ရှစ်ပါးတို့သည်သာလျှင်။ ဟောန္တိ၊ ကုန်၏။ ဣတိ၊ဤသို့။ သံရိက္ခဋ္ဌေန၊ တူသည်၏ အဖြစ်ဖြင့်။ အဋ္ဌေဝ၊ရှစ်ပါးသာလျှင် ဖြစ်ကုန်သော။ ကောဋ္ဌာသေ၊ တို့ကို။ ကတ္ဝာ၊ ၍။ ဒဿေသိ၊ ပြတော်မူ၏။

မူလဋီကာဓိပ္ပါယတ္ထ။ ။အဋ္ဌေဝ ကောဋ္ဌာသေ ကတွာတိ ဧကေဿ သတ္တဿ ဧကသ္မိံ ခဏေ ဥပ္ပန္နမေကံ ဗဋ္ဋမစိတ္တံ ဒဿေတွာ အညာနိ၊ တာဒိသာနိ

http://www.dhammadownload.com



**အဓေယျေသု သမ္ဘာနိ တာနိ ထိရိက္ခဓမ္မေသု ဇေကတာနိ ဟောန္တိ။ တထာ ဝေသာနိပီတိ ဧဝံ အဋ္ဌကထာ။ ။၁၀၀ ဆဋ္ဌ။**

**ဋီကာအနက်။** ။အဋ္ဌေဝ ကောဋ္ဌာသေ ကတွာတိ၊ ကား။ ကေသာ၊ တယောက် သော၊ သတ္တသာ၊သတ္တဝါ၏ ကေသွိ ခဏေ၊တခုသော ခဏ၌။ ဥပ္ပန္နံ၊ဖြစ်သော၊ ဇော်၊ တခုသော၊ ပဌမစိတ္တံ၊ ပဌမ မဟာကုသိုလ်စိတ်ကို။ ဒသေတွာ၊ ပြ၍။ အညာနိ၊ သည်မှ တပါးကုန်သော၊ တာဒိသာနိ၊ ထိုပဌမ မဟာကုသိုလ်စိတ် နှင့်တူသော ကုသိုလ်စိတ်တို့ကို၊ အဒသေန္တေန၊ မပြသည်ဖြစ်၍။ သဗ္ဗာနိပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော၊ တာနိ၊ ထိုကုသိုလ်စိတ်တို့သည်။ သရိက္ခဓမ္မေန၊ တူသော အနက်ဖြင့်။ ဧကတာနိ၊တခုတည်းကဲ့သို့ ပြုအပ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ တထာ၊ တူ၊ ဝေသာနိပိ၊ ကြွင်းသော ဒုတိယ မဟာကုသိုလ်စိတ် အစ ရှိသည်တို့သည်လည်း။ ဝါ၊ ဒုတိယ မဟာကုသိုလ်စိတ် အစရှိသည်နှင့် တူကုန် သော ကုသိုလ်စိတ်တို့သည်လည်း။ ဧကတာနိ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဣတိ ဧဝံ၊ ဤသို့။ အဋ္ဌ၊ရှစ်ပါးတို့ကို။ ကတွာ၊ပြု၍။

ပုန၊ တဖန်။ ဣမသ္မိံ ဌာနေ၊ ဌ၌။ ဆဗ္ဗိဓေန၊ ခြောက်ပါး အပြားဖြင့်။ ပုညာယူဟန်နာမ၊ ကောင်းမှုကို အားထုတ်ခြင်းမည်သည်ကို။ ဂဟိတံ၊ မဟာ အဋ္ဌကထာ၌ ယူအပ်၏။ ဟိ၊ချဲ့အံ့။ သယံ ကာရံ၊မိမိသဘောဓမ္မတာအားဖြင့် ပြုအပ်သော။ ပုညံ၊ ကောင်းမှုသည်။ အတ္ထိ၊ ၏။ ပရံကာရံ၊ သူတပါးတို့ ပြုသည်ကိုမြင်၍ အတူပြုအပ်သော။ ပုညံ၊ ကောင်းမှုသည်။ အတ္ထိ၊ ရှိ၏။ သာဟတ္ထိကံ၊ မိမိလက်ဖြင့် ပြုအပ်သော။ ပုညံ၊ ကောင်းမှုသည်။ အတ္ထိ၊ရှိ၏။ အာဏတ္တိကံ၊ သူတပါးကို စေခိုင်း၍ ပြုအပ်သော။ ပုညံ၊ ကောင်းမှုသည်။ အတ္ထိ၊ရှိ၏။ သမ္ပဇာနကတံ၊ ထက်ဝန်းကျင် အပြားအားဖြင့် သိ၍ ပြုအပ် သော။ ပုညံ၊ ကောင်းမှုသည်။ အတ္ထိ၊၏။ အသမ္ပဇာန ကတံ၊ ထက်ဝန်းကျင် အပြားအားဖြင့် မသိမူ၍ ပြုအပ်သော။ ပုညံ၊ ကောင်းမှုသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ ဆဗ္ဗိဓံ၊ သည်။ ဟောတိ၊ ဖြစ်၏။

တတ္ထ၊ ထိုသယံကာရ-စသည်တို့တွင်။ အတ္တနော၊ မိမိ၏။ ဓမ္မတာယ၊ သဘောအားဖြင့်။ ကတံ၊ ပြုအပ်သော ကောင်းမှုသည်။ သယံ ကာရံ နာမ၊ မည်၏။ ပရံ၊ သူတပါးကို။ ကရောန္တံ၊ပြုသည်ကို။ ဒိသွာ၊မြင်၍။ ကတံ၊ အတူ ပြုအပ်သော ကောင်းမှုသည်။ ပရကာရံနာမ၊ မည်၏။ သာဟတ္ထေန၊ မိမိလက် ဖြင့်။ ကတံ၊ပြုအပ်သော ကောင်းမှုသည်။ သာဟတ္ထိကံ နာမ၊မည်၏။ အာဏာ

http://www.dhammadownload.com



ပေတွာ၊စေ၍။ ကာရိတံ၊ ပြုစေအပ်သော ကောင်းမှုသည်။ အာဏတ္တိကံနာမ၊ မည်၏။ ကမ္မဉ္စ၊ ကံကိုလည်းကောင်း။ ဖလဉ္စ၊ အကျိုးကိုလည်းကောင်း။ သဒ္ဒဟိတွာ၊ယုံကြည်၍။ ကတံ၊ ပြုအပ်သောကောင်းမှုသည်။ သမ္ပဇာနကတံနာမ၊ မည်၏။ ကမ္မမ္ပိ၊ကိုလည်းကောင်း။ ဖလမ္ပိ၊ ကိုလည်းကောင်း။ အဇာနိတွာ၊ မသိမူ၍။ ကတံ၊ပြုအပ်သောကောင်းမှုသည်။ အ သမ္ပဇာနကတံနာမ၊ မည်၏။ တေသု၊ ထို သယံကာရ-စသည်တို့တွင်။ သယံကာရံ၊ ကို။ ကရောန္တောပိ၊ ပြုသော သူသည်လည်း။ အဋ္ဌန္နံ၊ ကုန်သော။ ကာမေသံ ကုသလစိတ္တာနံ၊တို့တွင်။ အညတရေနေဝ၊ ဖြင့်သာလျှင်။ ကရောတိ၊ ၏။ ပရံကာရံ၊ကို။ ကရောန္တောပိ၊ သည်လည်းကောင်း။ သဟတ္ထေန၊ဖြင့်။ ကရောန္တောပိ၊ သည်လည်းကောင်း။ အာဏာပေတွာ၊ ၍။ ကရောန္တောပိ၊ သည်လည်းကောင်း။ အဋ္ဌန္နံ၊ ကုန်သော။ ကာမေသံ ကုသလ စိတ္တာနံ၊ တို့တွင်။ အညတရေနေဝ၊ ဖြင့်သာလျှင်။ ကရောတိ၊ ၏။ ပန၊ အထူး။ သမ္ပဇာန ကတံ[၁]၊ထက်ဝန်းကျင် အပြားအားဖြင့် သိ၍ ပြုအပ်သော ကုသိုလ်သည်။ စတူဟိ၊ လေးပါးကုန်သော။ ဉာဏသမ္ပယုတ္တေဟိ၊ဉာဏသမ္ပယုတ်စိတ်တို့ဖြင့်။ ဟောတိ၊ဖြစ်၏။ အသမ္ပဇာနကတံ[၂]၊ ထက်ဝန်းကျင် အပြားအားဖြင့်မသိမူ၍ ပြုအပ်သော ကုသိုလ်သည်။ စတူဟိ၊ လေးပါးကုန်သော။ ဉာဏဝိပ္ပယုတ္တေဟိ၊ ဉာဏဝိပ္ပယုတ်စိတ်တို့ဖြင့်။ ဟောတိ၊ ဖြစ်၏။

ပစ္စယာနံ၊ ပစ္စည်းတို့၏။ ဓမ္မိကတာ၊ တရားသဖြင့် ဖြစ်သည်၏ အဖြစ်လည်းကောင်း။ စေတနာ မဟတ္တံ၊ စေတနာ ကြီးမား, အားသန်သည်၏ အဖြစ်လည်းကောင်း။ ဝတ္ထုသမ္ပတ္တိ၊ အလှူခံပုဂ္ဂိုလ်ဟူသောဝတ္ထု၏ ပြည့်စုံခြင်းလည်းကောင်း။ ဂုဏာတိရေကတာ၊ ဂုဏ်ကျေးဇူး လွန်သည်၏အဖြစ် လည်းကောင်း။ ဣတိ၊ သို့။ အပရာပိ၊ တပါးလည်း ဖြစ်ကုန်သော။ စတဿော၊ ကုန်သော။ ဒက္ခိဏာဝိသုဒ္ဓိယော၊ အလှူ၏ စင်ကြယ်ကြောင်းတို့ကို။ ဣမသ္မိံ ဌာနေ၊၌။ ဂဟိတာ၊ မဟာအဋ္ဌကထာ၌ ယူအပ်ကုန်၏။ တတ္ထ တာသု စတူသု ဒက္ခိဏာ ဝိသုဒ္ဓိသု၊ တို့တွင်။ ဓမ္မေန၊ တရားနှင့်။ သမေန၊ ညီသဖြင့်။ ဥပ္ပန္နာ၊ ဖြစ်ကုန်သော။ ပစ္စယာ၊ တို့သည်။ ဓမ္မိကာနာမ၊ တရားသဖြင့် ဖြစ်သည်

---

၁-၂။ သမ္ပဇာနကရဏံ၊ အသမ္ပဇာနကရဏံ-ဆဋ္ဌ။

http://www.dhammadownload.com



မည်ကုန်၏။ ပန၊ထိုမှတပါး။ သဒ္ဓါဟိတွာ၊ယုံကြည်၍။ ဩကပ္ပေတွာ၊သက်ဝင်သဖြင့် ယုံကြည်၍။ ဒဒတော၊ ပေးလှူသော သူ၏။ စေတနာ၊သည်။ မဟတ္တံနာမ၊ ကြီးမား အားသန်သည်မည်၏။ ခိဏာသဝ ဘာဝေ၊ ရဟန္တာပုဂ္ဂိုလ်၏ အဖြစ်သည်၊ ဝတ္ထုသမ္ပတ္တိနာမ၊ ဝတ္ထု၏ ပြည့်စုံခြင်းမည်၏။ ခိဏာသဝဿေဝ၊ ရဟန္တာပုဂ္ဂိုလ်၏သာလျှင်။ နိရောဓာ၊ နိရောဓသမာပတ်မှ။ ဝုဋ္ဌိတဘာဝေါ၊ ထသည်၏ အဖြစ်သည်။ ဂုဏာတိရေကတာနာမ၊ ဂုဏ်ကျေးဇူး လွန်သည်၏ အဖြစ် မည်၏။ ဣမာနိ စတ္တာရိ၊ ဤလေးပါးသော အင်္ဂါတို့ကို။ သမောဓာနေတွာ၊ ပေါင်း၍။ ဒါတုံ၊ ပေးခြင်းငှာ။ သက္ကောန္တဿ၊ စွမ်းနိုင်သသူ၏။ ကာမာဝစရ ကုသလံ၊ သည်။ ဣမသ္မိံ ယေဝ အတ္တဘာဝေ၊ ဤအတ္တဘော၌ ပင်လျှင်။ ဝိပါကံ၊ အကျိုးကို။ ဒေတိ၊ ပေး၏။ ပုဏ္ဏကသေဋ္ဌိ ကာဠဝလ္လိယ သုမနမာလာကာရာဒီနံ၊ သူဌေးပုဏ်ကာဠဝလ္လိယ သူဌေး၊သုမနပန်းသည်-စသည်တို့၏။ ကုသလံ၊ သည်။ ဣမသ္မိံ အတ္တဘာဝေ၌။ ဝိပါကံ၊ ကို။ ဒေတိ ဝိယ၊ ပေးသကဲ့သို့တည်း။

**အမိပ္ပါယ်။** ။သူဌေး ပုဏ်ကား သခင် သာရိပုတြာအား ဒန်ပူမျက်သစ်လှူသည်။ ကာဠဝလ္လိယ သူဌေးမယားကား အရှင်မဟာကဿပအား ပအုံးရည်တအိုးလှူသည်။ သုမနပန်းသည်ကား ဘုရားရှင်အား ပန်းရှစ်ဆုပ် ပူဇော်သည်။ သူဌေးပုဏ်နှင့် သုမနပန်းသည် ဝတ္ထုကား ဓမ္မပဒ၌လာ၏။ ကာဠဝလ္လိယ သူဌေး ဝတ္ထုကား မဇ္ဈိမနိကာယ် ဒေဝဒဟသုတ် အဋ္ဌကထာ၌လာ၏။

ပန၊ဆက်။ သခေ်ပတော၊ အကျဉ်းအားဖြင့်။ သဗ္ဗမ္ပိ၊ အလုံးစုံလည်းဖြစ်သော။ တေ ကာမာဝစရ ကုသလ စိတ္တံ၊သည်။ ဝါ၊ကို။ စိတ္တန္တိ၊စိတ်ဟူ၍။ ကရိတွာ၊ တပေါင်းတည်းပြု၍။ စိတ္တ ဝိစိတ္တဋ္ဌေန၊ ဖြင့်။ ကေမေဝ၊ တခုသာလျှင်။ ဟောတိ၊ဖြစ်၏။ ဝေဒနာ ဝသေန၊ ဖြင့်။ သော မနဿ သဟဂတံ၊ ရင်း။ ဥပေက္ခာသဟဂတံ၊ရင်း။ ဣတိ၊ဤသို့။ ဒုဝိဓံ၊သည်။ ဟောတိ၊ ဖြစ်၏။ ဉာဏဝိဘတ္တိဒေသနာ ဝသေန၊ဉာဏ်ကို ဝေဘန်၍ဟောအပ်သော ဒေသနာ၏ အစွမ်းဖြင့်။ စတုဗ္ဗိဓံ၊ သည်။ ဟောတိ၊ ဖြစ်၏။ ဟိ-သစ္စံ၊မှန်၏။ သောမနဿ သဟဂတ ဉာဏသမ္ပယုတ္တအသင်္ခါရိက မဟာစိတ္တံ၊ သည်ရင်း။ ဥပေက္ခာသဟဂတ ဉာဏသမ္ပယုတ္တ အသင်္ခါရိက မဟာစိတ္တဥ္စ၊သည်ရင်း။ ဉာဏသမ္ပယုတ္တဋ္ဌေန၊ ဉာဏသမ္ပယုတ်၏ အဖြစ်ဖြင့်ရင်း။ အသင်္ခါရိကဋ္ဌေနစ၊ အသင်္ခါရိကအဖြစ်ဖြင့်

http://www.dhammadownload.com



ၡင်း။ ကေမေ၀၊တခုသည်သာ လျှင်။ ဟောတိ၊ဖြစ်၏။ ဉာဏသမ္ပယုတ္တသင်္ခါရိကဋ္ဌ၊ သည်ၡင်း။ ဉာဏဝိပ္ပယုတ္တ အသင်္ခါရိကဋ္ဌ၊ သည်ၡင်း။ ဉာဏဝိပ္ပယုတ္တ သသင်္ခါရိကဋ္ဌ၊သည်ၡင်း။ တထာ၊တူ။ ကေမေ၀၊တခုသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ဤသို့မှတ်အပ်၏။ ပန၊ ထိုမှ တပါး။ ဧ၀ံ၊ဤသို့။ ဉာဏဝိဘတ္တိ ဒေသနာ၀သေန၊ ဉာဏ်ကိုဝေဘန်၍ ဟောအပ်သော ဒေသနာ၏ အစွမ်းဖြင့်။ စတုဗ္ဗိဓေ၊လေးပါးအပြားရှိသော။ တသ္မိံ စိတ္တေ၊ ထို ကာမာ၀စရ ကုသိုလ် စိတ်၌။ အသင်္ခါရ သသင်္ခါရ ဝိဘတ္တိတော၊အသင်္ခါရ သသင်္ခါရကို ဝေဘန်သော အားဖြင့်။ စတ္တာရိ၊ ကုန်သော။ အသင်္ခါရိကာနိ၊ တို့ၡင်း။ စတ္တာရိ၊ ကုန်သော။ သသင်္ခါရိကာနိ၊တို့ၡင်း။ ဣတိ၊ဤသို့။ အဋ္ဌေ၀၊ရှစ်ပါးသာလျှင်ဖြစ်ကုန်သော။ ကုသလစိတ္တာနိ၊ ကာမာ၀စရ ကုသိုလ်စိတ်တို့သည်။ ဟောန္တိ၊ ကုန်၏။ တာနိ ကာမာ၀စရ ကုသလ စိတ္တာနိ၊ တို့ကို။ ယာထာ၀တော၊ မဖောက်မပြန် ဟုတ် မှန်သော သဘော အားဖြင့်။ ဉ တွာ၊ သိပြီး၍။ သဗ္ဗညူ၊ ကုန်အောင် စုံသော တရားကို သိတော်မူသော။ ဂဏီ၀ရော၊ ဂိုဏ်းဆရာတို့တွင် ဂိုဏ်းဆရာတို့ထက် ဂိုဏ်း ဆရာ တို့၌ မြတ်တော် မူသော။ မုနိသေဋ္ဌော၊ မုနိ သေးပါး တို့ထက် မြတ်တော်မူသော။ ဘဂ၀ါ၊ မြတ်စွာဘုရားသည်။ အာစိက္ခတိ၊ ကြားတော် မူ၏။ ဒေသေတိ၊ ဟောတော်မူ၏။ ပညပေတိ၊ ပညပ်တော်မူ၏။ ပဋ္ဌပေတိ၊ ထားတော်မူ၏။ ဝိဝရတိ၊ဘွင့်တော်မူ၏။ ဝိဘဇတိ၊ဝေဘန်တော်မူ၏။ ဉတ္တာနီ ကရောတိ၊ ပေါ်သည်ကို ပြုတော်မူ၏။ ဣတိ၊ ဤသည်လျှင် စကားတရပ် အပြီးသတ်တည်း။

အဋ္ဌသာလိနိယာ၊သော။ မေ္ဘသင်္ဂဟဋ္ဌကထာယ၊၌။

ကာမာ၀စရ ကုသလ နိဒ္ဒေသော၊သည်။

သမတ္တော၊ ပြီးပြီ။

---

http://www.dhammadownload.com



## ရူပါဝစရကုသလဝဏ္ဏနာ

### စတုက္ကနယပဌမဈာန

၁၆၀။ ဣဒါနိ၊ ကာမာဝစရကုသလနိဒ္ဒေသကို ဟောပြီးသည်၏အခြားမဲ့ဖြစ်သော ဤအခါ၌။ ရူပါဝစရ ကုသလံ ကို။ ဒဿေတုံ၊ ပြခြင်းငှာ။ ကတမေ ဓမ္မာကုသလာတိ အာဒိ၊ ဤသို့ အစရှိသော စကားကို။ အာရဒ္ဓံ၊ အားထုတ်တော် မူအပ်၏။ တတ္ထ၊ ထိုကတမေ ဓမ္မာ–အစရှိသော စကား၌။ ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတီတိ ဧတ္ထ၊ ဤ၌။ ရူပဘဝေါ၊ ရူပဘဝကို။ ရူပံ၊ ရူပဟူ၍။ ဝုစ္စတိ၊ ၏။ ဥပပတ္တီတိ၊ ကား။ နိဗ္ဗတ္တိ ဇာတိ သဉ္ဇာတိ၊ ဖြစ်ခြင်းတည်း။

ရှင်းလင်းချက်။ ။ကုသ္တာပစရန္တိ-စသည်၌ ဌာနီဖြစ်သော ကုသ္တ၏အမည်ကို ဌာန ဖြစ်သော လူ၌ တင်စားသော အားဖြင့် ကုသ္တ ဟူသကဲ့သို့၊ ဌာနီ ဖြစ်သော ရူပ၏ အမည်ကို ဌာန ဖြစ်သော ဘဝ၌ တင်စားသော အားဖြင့် ရူပ ဟူသည် မဟုတ်။ ဘဝဟူသော ဥတ္တရပဒလောပ အားဖြင့် ရူပ ဟူပါသည်ဟု ပြလိုရကား.... "ရူပံ ဝုစ္စတိ ရူပဘဝေါ" မိန့်သော်....။ ထိုကြောင့် ရကား မူလဋီကာ၌၊ ဥတ္တရ ပဒ လောပံ ကတွာ, ဟူသည်ကို မဓုသာရတ္ထ ဒီပနီ၌၊ ကိံ ဥပစာရ ဝသေန ရူပံ ရူပ ဘဝေါ နာမ၊ ဥဒါဟု ဥတ္တရ ပဒ လောပေနာတိ အာဟ ဥတ္တရ ပဒ လောပန္တိ အာဒိ – မိန့်ပြီ၊ ဥပပတ္တိ ဇာတိ သဉ္ဇာတိ၌ အထက် အထက် သည် အောက် အောက်၏ အနက်တည်း။

မဂ္ဂေါတိ၊ ကား။ ဥပါယော၊ အကြောင်းတည်း။ ပန၊ အဘိဓေယျတ္ထမှ တပါး ဝစနတ္ထကို ဆိုအံ့။ တွေ၊ ဤ မဂ္ဂေါ ဟူသော ပုဒ်၌။ ဝစနတ္ထော၊ ကို။ ဧဝံ၊ သို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ယော ဥပါယော၊ အကြင် အကြောင်းသည်။ တံ ဥပပတ္တိံ၊ ထိုရူပဘုံ၌ ဖြစ်ခြင်းကို။ မဂ္ဂတိ ဂဝေသတိ၊ ရှာတတ်၏။ ဇနေတိ နိပ္ဖါဒေတိ၊ ဖြစ်စေတတ်၏။ ဣတိတသ္မာ၊ ကြောင့်။ သော ဥပါယော၊ သည်။ မဂ္ဂေါ၊ မည်၏။ ဣဒံ အယံ အဓိပ္ပါယော၊ ဤသို့သော အဓိပ္ပါယ်ကို။ ဝုတ္တံ-ဝုတ္တော၊ဆိုအပ်သည်။ဟောတိ၊ဖြစ်၏။ယေန မဂ္ဂေန၊ အကြင် အကြောင်းဖြင့်။ ရူပဘဝေ၊ ရူပဘုံ၌။ ဥပပတ္တိ၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ နိဗ္ဗတ္တိ ဇာတိ သဉ္ဇာတိ၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တံ မဂ္ဂံ၊ ထို ရူပဘုံ၌ ဖြစ်ခြင်း၏ အကြောင်းကို။ ဘာဝေတိ၊ ပွားစေ၏။ ဣတိ–အယံ အဓိပ္ပါယော၊ ကို။ ဝုတ္တံ-ဝုတ္တော၊သည်။ဟောတိ၊၏။ ဓေနမဂ္ဂေန၊ ထိုဈာန်ဟူသော အကြောင်းဖြင့်။

http://www.dhammadownload.com



နိယမတော၊ အမြဲအားဖြင့်။ ရူပဘဝေ၊ ၌။ ဥပပတ္တိ၊ သည်။ ဟောတိ ကိံ ပန၊ ဖြစ်သလော၊ ဣတိအယံ၊ ကား။ စောဒနာ၊ ခြင်းတည်း။ န ဟောတိ၊ မဖြစ်။ ဟိ-သစ္စံ၊ ၏။ "ဘိက္ခဝေ၊ ရဟန်းတို့။ သမာဓိံ ၊ သမာဓိကို။ ဘာဝေထ၊ပွားစေကုန်လော့။ သမာဟိတော၊ တည်ကြည်သောသူသည်။ ဝါ၊ သမာဓိဖြင့် အညီအညွတ် ကောင်းစွာ အာရုံ၌ ထားအပ်သော စိတ်ရှိသော သူသည်။ ယထာဘူတံ၊ ဟုတ်မှန်တိုင်း။ပဇာနာတိ၊သိ၏။ပဿတိ၊မြင်၏"။ဣတိဝစနံ၊သို့။ဝုတ္တေန၊ ဟောတော်မူ အပ်သော။ နိဗ္ဗေဓ ဘာဂိယေန၊ ရူပဘဝကို ဖောက်ခွဲ ဖျက်ဆီးခြင်းအဘို့၌ဖြစ်သော။ မဂ္ဂေန၊ ဈာန်ဟုဆိုအပ်သော အကြောင်းဖြင့်။ရူပဘဝါတိက္ကမောပိ၊ရူပဘဝကို လွန်မြောက်ခြင်းသည်လည်း၊ ဟောတိ၊ဖြစ်၏။

ယောဇနာ။ ။နိဗ္ဗေဓ ဘာဂိယေနာတိ ရူပဘဝဿ နိဗ္ဗိန္ဒန ဘာဂေ ပဝတ္တ ဈာနေန။ ။၁၁၇-သု။

ပန၊ထိုသို့ နိယမအားဖြင့် ရူပဘုံ၌ ဖြစ်ခြင်း၏အကြောင်းမဟုတ်သော်လည်း။ ရူပူပပတ္တိယာ၊ ရူပဘုံ၌ဖြစ်ခြင်း၏။ ဣတော၊ ဤဈာန်မှ။ အညော၊ တပါးသော။မဂ္ဂေါနာမ၊ အကြောင်းမည်သည်။ နတ္ထိ၊ မရှိ။

မှတ်ချက်။ ။နတ္ထီတိ ဇာတိသဒ္ဒေါ သမာပန္နတ္တာ-ဟု ယောဇနာ (၁၁၇) လာရကား ရှေးစာတို့၌ ဇာတိ ရှိဘွယ်။ ယခုစာတို့၌ ပျောက်သည်။

ဣတိ၊ဤသို့ အပြီး မှတ်အပ်၏။တေန၊ကြောင့်။"ရူပူပပတ္တိယာမဂ္ဂံ ဘာဝေတိ" တိ၊ ဟူ၍။ဝုတ္တံ၊ ဟောတော်မူအပ်၏။စ၊ ဆက်။ အတ္ထတော၊ သရုပ်အားဖြင့်။ အယံ မဂ္ဂေါ နာမ၊ဤမဂ်မည်သည်။ စေတနာပိ၊ စေတနာသည်ရင်း။ စေတနာယ၊ နှင့်။ သမ္ပယုတ္တာ ဓမ္မာပိ၊ ယှဉ်သောတရားတို့သည်ရင်း။ တဒုဘယမ္ပိ၊ ထိုစေတနာ, စေတနာသမ္ပယုတ္တဓမ္မ တရားနှစ်ပါး အပေါင်းသည်ရင်း။ ဟောတိ၊ ဖြစ်၏။ ဟိ၊ ချဲ့အံ့။ "သာရိပုတ္တ၊ သာရိပုတြာ။ အဟံ၊ သည်။ နိရယဉ္စ၊ ငရဲကိုလည်း။ ပဇာနာမိ၊ သိ၏။ နိရယ ဂါမိံ : ငရဲသို့လားစေတတ်သော။ မဂ္ဂဉ္စ၊ အကြောင်းဖြစ်သော စေတနာကိုလည်း။ ပဇာနာမိ၊ ၏"။ ဣတိ တွေ ဤပါဠိ၌။ စေတနာ၊ သည်။ မဂ္ဂေါနာမ၊ မည်၏။

31 ဂါထာအနက်။ ။သဒ္ဓါ စ၊ရင်း။ဟိရိယဉ္စ၊ ရင်း။ ကုသလာ၊ အပြစ်မရှိသော။ ဝါ၊ ကောင်းကျိုးကို ပေးခြင်းလက္ခဏာရှိသော။ ဝါ၊ ကုသိုလ်ဟု ဆိုအပ်

A

http://www.dhammadownload.com



သော။ ဒါနဥ္စ၊ အလောဘရင်း။ ဝါ၊စေတနာရင်း။စေတေမှာ၊ တို့သည်၊ သပ္ပုရိသာနုယာတာ၊ သူတော်ကောင်းသို့ အစဉ် လိုက်တတ် ကုန်၏။ ဝါ၊ တို့သည် အစဉ် လိုက်အပ်ကုန်၏။ ဟိ-သစ္စံ၊ ၏။ ဇတံ မဂ္ဂံ၊ ထို အကြောင်းကို။ ဒိဗ္ဗိယံ-ဒေဝလောက ဂါမိနံ၊ နတ်ပြည်သို့ လားစေတတ် သော။မဂ္ဂံ၊အကြောင်းဟူ၍။ဝဒန္တိ၊ ကုန်၏။ ဟိ-ယသ္မာ၊ကြောင့်။ဧတေန မဂ္ဂေန၊ ဖြင့်။ ဇနော၊ သတ္တဝါသည်။ (ထည့်)။ ဒေဝလောကံ၊ သို့၊ ဂစ္ဆတိ၊ လားတတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ဝဒန္တိ၊ ဆိုကုန်၏။

ဣတိ ဧတ္ထ၊ ၌။ စေတနာ သမ္ပယုတ္တာ ဓမ္မာ၊ တို့သည်။ မဂ္ဂေါနာမ၊ မည် ၏။ "အယံ ဘိက္ခဝေ မဂ္ဂေါ အယံ ပဋိပဒါ" တိ၊ ဟူသော။ သင်္ဂါရဝပတ္တိ သုတ္တာဒီသု တို့၌။ စေတနာပိ၊ သည်ရင်း။ စေတနာသမ္ပယုတ္တာ ဓမ္မာပိ၊ တို့သည်ရင်း၊ မဂ္ဂေါနာမ၊ မည်၏။

မှတ်ချက်။ ။သင်္ဂါရဝပတ္တိသုတ်၌ မဂ္ဂေါကား စေတနာ။ပဋိပဒါကား သမ္ပယုတ်။

ပန၊ အတ္ထုဒ္ဒါရမှ တပါး အတ္ထုဒ္ဒေသကို ဆိုအံ့။ ဣမသ္မိံ ဌာနေ၊ ဤရူပါဝစရ ကုသိုလ်အရာ၌။ ဧကန္တိ၊ ဧကန်ဟူ၍။ ဝစနတော၊ ဟောတော်မူခြင်းကြောင့်။ စေတနာသမ္ပယုတ္တာ၊ စေတနာသမ္ပယုတ် တရားတို့ကို။ အဓိပ္ပေတာ၊ လိုအပ် ကုန်၏။ ပန၊ ထိုသို့ စေတနာ သမ္ပယုတ္တဓမ္မတို့ကို လိုအပ်၏ဟု ရှေးဆရာတို့ ဆို သော်လည်း။ ယသ္မာ၊ ကြောင့်။ဧကန စေတနာ၊ ဧကန်နှင့် ယှဉ်သော စေတနာ သည်။ပဋိသန္ဓိံ ၊ကို။အာကဍ္ဎတိ၊ငင်၏။ တသ္မာ၊ ထိုကြောင့်။ စေတနာပိ၊ သည် ရင်း။စေတနာ သမ္ပယုတ္တာ၊ ကုန်သော။ဓမ္မာပိ၊တို့သည်ရင်း။ မဂ္ဂ ဘာဝတော၊ ရူပဘုံ၌ ဖြစ်ခြင်း၏ အကြောင်း၏ အဖြစ်ကြောင့်။ ဧကန ဝစနေန၊ ဧကနသဒ္ဒါ ဖြင့်။ သင်္ဂဟေတွာ၊ ပေါင်းယူ၍။ မဂ္ဂေါတိ၊ ဟူ၍။ ဧတ္ထ၊ ဆိုခြင်း၌။ ဝဋ္ဋန္တိ ယေဝ၊ သင့်ကုန်သည်သာတည်း။

မှတ်ချက်။ ။ဝဋ္ဋန္တိ သဒ္ဒါသည် သမ္ပဒါနာပေက္ခ ဖြစ်ရကား မဂ္ဂေါတိ ဝတ္တုံ ထည့်သည်။

ဘာဝေတီတိ၊ ကား။ ဇနေတိ ဥပ္ပါဒေတိ၊ ဖြစ်စေတတ်၏။ ဝဍ္ဎေတိ၊ ပွားစေ တတ်၏။ အယံ၊ ကား။ တာဝ၊ စွာ။ ဣဓ၊ ဤအရာ၌။ ဘာဝနာယ၊ ဘာဝေတိ ဟူသော ကြိယာ၏။ အတ္ထော၊ အနက်တည်း။

31

B

http://www.dhammadownload.com



**မှတ်ချက်နှင့် ကျမ်းတက်။** ။အယံ တာဝ ဥာမ ဘာဝနာယ အတ္ထော-ကား စကားပျိုး, စကားရိုး, စကားကိုး, သုံးပါးတို့တွင် စကားပျိုးတည်း။ စကားပျိုးစေပြီးရကား-အညတ္ထပန-စသည်ကို တက်ရချေသော်-

ပန၊ ထိုမှတပါး။ အညတ္ထ၊ တပါးသော အရာ၌။ ဥပသဂ္ဂ ဝသေန၊ ဥပသာရ၏ အစွမ်းဖြင့်။ သမ္ဘာဝနာ၊ယုံကြည်ခြင်း။ ပရိဘာဝနာ၊ ထုံခြင်း။ ဝိဘာဝနာ၊ ကွယ်ပျောက်ခြင်း။ ဣတိ ဓေ၀်၊ ဤသို့။ အညထာပိ၊ တပါးသော အပြားအားဖြင့်လည်း။ အတ္ထော၊ သည်။ ဟောတိ၊၏။

**အနုသန္ဓေ။** ။အထူးကို ပြလိုရကား တတ္ထ-စသည်ကို မိန့်သော်-

တတ္ထ တာသု သမ္ဘာဝနာဒီသု၊ ထိုသမ္ဘာဝနာ-အစရှိသည်တို့တွင်။ "ဥဒါယိ၊ ဥဒါယီ။ ဣမ၊ ဤသာသနာတော်၌။ မမ၊၏။ သာဝကာ၊တပည့်သားတို့သည်။ သမဏော ဂေါတမော၊ သည်။ သီလဝါ၊ သီလရှိ၏။ ပရမေန၊ မြတ်သော။ သီလက္ခန္ဓေန၊ သီလကျေးဇူးနှင့်။ သမန္နာဂတော၊ ပြည့်စုံ၏"။ ဣတိ၊ ဤသို့။ အဓိ သီလေ၊ အဓိသီလ၌။ သမ္ဘာဝေန္တိ သဒ္ဒဟန္တိ၊ ယုံကြည်ကုန်၏။ ဣတိ ဧတ္ထ၌။ အယံ ဘာဝနာ၊ သည်။ သမ္ဘာဝနာ နာမ၊ မည်၏။ သြကပ္ပနာ၊ ယုံကြည်ခြင်း။ ဣတိအယံ၊ဤသည်ကား။ အတ္ထော၊တည်း။

**ဋီကာပုဒ်ဖွင့်ပုံ။** ။အဝ ရှေးရှိသော ကပ္ပသဒ္ဒါသည် သဒ္ဒဟန အနက်ကို ဟောသတည်း။ ထိုကြောင့် သြကပ္ပနာတိ သဒ္ဒဟနာဟု ဋီကာဘွင့်သော်-

သမုပ္ပန္နာ၊ ကောင်းစွာဖြစ်သော သညာသည်။ ပဋိဃသညာ၊ မည်၏။ ဧတံ၊ ထိုပဋိဃသညာ ဟူသော အမည်သည်။ ရူပသညာဒီနံ၊ တို့၏။ အဓိဝစနံ၊ တည်း။ ယထာဟ-ကိံ အာဟ၊ အဘယ်သို့ ဟောတော်မူသနည်း။ ''တတ္ထ ကတမာ။ပ။ ပဋိဃသညာယော''တိ၊ ဟူသော စကားကို။ အာဟ၊ ၏။ ကုသလဝိပါကာနံ၊ ကုန်သော။ ပဉ္စန္နံ၊ ငါးပါးတို့၎င်း။ အကုသလ ဝိပါ ကာနံ၊ ကုန်သော။ ပဉ္စန္နံ၊ တို့၎င်း။ ဣတိ၊ ဤသို့။ ဒသန္နံ၊ ဆယ်ပါးကုန်သော။ တာသံ ပဋိဃသညာနံ၊ ထိုပဋိဃသညာတို့ကို။ အတ္ထင်္ဂမာ-ပဟာနာ၊ ပယ်ခြင်း ကြောင့်။ အသမုပ္ပါဒါ၊ တဖန်မဖြစ်စေခြင်းကြောင့်။ အပ္ပဝတ္တိံ၊ တဖန်ဖြစ် ခြင်း မရှိသည်ကို။ ကတ္ဝာ၊ ပြု၍။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ သည်။ ဟောတိ၊ ၏။

**အနုသန္ဓေ။** ။အတ္ထင်္ဂမာ, စသည်တို့၌ ရှေးရှေးသောပုဒ်သည် နောက်နောက် ပုဒ်၏ အတ္ထဝစနတည်း။ ထို ကြောင့် ပဋိဃသညာတို့၏ အတ္ထင်္ဂမသည် ဈာန်နှင့် ပြည့်စုံသောအခါ၌ မဖြစ်ခြင်းတည်း။ ထိုကြောင့် ထိုအနုပ္ပတ္တိကို ဤ၌သာ ယူခြင်း၌ အကြောင်းကို စောဒနာမှုသဖြင့် ပြခြင်းငှာ ''ကာမဉ္စေတာ''စသည် ကို မိန့်သော်....

http://www.dhammadownload.com



တော၊ ထိုပဋိဃသညာတို့သည်။ ပဉ္စမဈာနာဒီနိ၊တို့ကို။ သမာပန္နဿ ပိ၊ ဝင်စား၍ နေသသူအားလည်း။ ကာမဥ္စ နသန္တိ၊ အကယ်၍ကား မရှိဇါရှင့်။

**အနုသန္ဓေ**။ ။မရှိသည်ကို မြဲစေလိုရကား၊ 'နဟိ' စသည်ကို မိန့်သော်....

ဟိ-သစ္စံ၊မှန်၏။ တသ္မိံ သမယေ၊ထိုပဉ္စမဈာန် စသည်တို့ကို ဝင်စား၍နေသော အခါ၌။ ပဋိဃ္ဃဒွါရ ဝသေန၊ ဖြင့်။ စိတ္တာ၊သည်။ န ပဝတ္တတိ၊ မဖြစ်။ ဇဝံ ဇဝိဇ္ဇမာနေ၊ ဤသို့ ပဉ္စမဈာန် စသည်တို့ကို ဝင်စားသူအား ပဋိဃသညာ၏ မရှိခြင်းသည်။ သန္တေပိ၊ ဖြစ်သော်လည်း။ အညတ္ထ၊ စတုတ္ထဈာန်မှ တပါးသော ဈာန်တို့၌။ ပဟီနာနံ၊ ပယ်အပ်ကုန်သော်လည်း။ (ပိကြေ)။ သုခ ဒုက္ခာနံ၊ သုခိန္ဒြေ ဒုက္ခိန္ဒြေတို့ကို။ စတုတ္ထဈာနေ၌။ ဝစနံ ဝိယ၊ ဟောတော်မူခြင်း ကဲ့သို့ရင်း။ အညတ္ထ၊ (လိုက်) အနာဂါမိမဂ်မှ တပါးသော မဂ်တို့၌။ ပဟီနာနံ၊ ပယ်အပ်ကုန်သော်လည်း။ သက္ကာယ ဒိဋ္ဌာဒီနံ၊တို့ကို။ တတိယမဂ္ဂေ၊ ၌။ ဝစနံ ဝိယ၊ ဟောတော်မူခြင်းကဲ့သို့ရင်း။ ဣမသ္မိံ ဈာနေ၊ ဤအရူပဈာန်၌။ ဥဿာဟ ဇနနတ္ထံ၊ ကျင့်ပေသသူတို့ အားထုတ်စေခြင်းငှာ။ ဣမဿ ဈာနဿ၊ ဤ အရူပဈာန်အား။ ပသံသာ ဝသေန၊ ချီးမွမ်းတော်မူသည်၏ အစွမ်းဖြင့်။ တေသံ ပဋိဃသညာနံ၊ တို့ကို။ ဧတ္ထ၊ ဤပဉ္စမ အရူပကထာ၌။ ဇတ္တက်မ ဝသေန၊ (ထည့်) ချုပ်ခြင်းသို့ ရောက်သည်၏ အစွမ်းဖြင့်။ ဝစနံ၊ ဟောတော်မူခြင်းကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

**အနုသန္ဓေချုပ်တက်**။ ။တနည်း-ချီးမွမ်းတော်မူသည်ကို ဆိုသဖြင့် အဘယ်မူစအံ့နည်း၊ ပဋိဃသညာတို့၏ကား အထွက်မကို ဤ၌ ဟောတော်မူသင့်လှသော ကြောင့်ပင် ဟောတော်မူပေသည်ဟုပြခြင်းငှာ "အထဝါ" စသည်ကိုမိန့်သော်..

**အနုသန္ဓေချုပ်ရိုးတက်**။ ။သဘာဝဓမ္မ၏ အဘာဝမည်သည့် ပဋိပက္ခဖြင့် ပယ်အပ်သော အဖြစ်ဖြင့်ရင်း အကြောင်း၏ မရှိသဖြင့်ရင်း ဖြစ်၏။ ထိုနှစ်ပါးတို့တွင် ရူပါဝစရဈာန သမင်္ဂီအား ပဋိဃသညာတို့၏ အဘာဝသည် အကြောင်းမရှိကာမျှသာတည်း။ ပဋိပက္ခဖြင့် ပယ်၍ကင်းသဖြင့်ကား မဟုတ်ဟုပြလိုသည်ဖြစ်၍ "ကိဥ္စာပိ" စသည်ကို မိန့်သော်....

အထဝါ၊ကား။ တာ ပဋိဃသညာ၊တို့သည်။ ရူပါဝစရံ၊ ကို။ သမာပန္နဿ၊ ဝင်စား၍ နေသသူအား။ ကိဉ္စာပိ န သန္တိ၊ ရှင့်။ အထခေါ၊ ထိုသို့မရှိသော်လည်း။ ပဟီနတ္တာ၊ ထိုအခါ ပယ်အပ်ပြီးသည်၏ အဖြစ်ကြောင့်။ န န သန္တိ၊ ပဋိဃသညာတို့ မရှိသည် မဟုတ်ကုန်။

http://www.dhammadownload.com



**ပါဠိ၂၁နုသန္ဓိ။** ။တတ္ထ ကာရဏံ မာဟ န ဟိ ရူပ ဝိရာဂါယ ရူပါဝစရဘာဝနာ သံဝတ္တတီတိ။ ။၃၃၃-ပ-ဇံ-၀ိ-ဋီ။

ဟိ-ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ရူပါဝစရ ဘာဝနာ၊ ရူပါဝစရ စျာန်ကိုပွားစေခြင်းသည်။ ရူပ ဝိရာဂ ါယ၊ ရုပ်ကို စက်ဆုပ်ခြင်းငှာ။ န သံဝတ္တတိ၊ မဖြစ်။

**စောဒနာနုသန္ဓိ။** ။နနုစ ပဋိဃသညာပိ အရူပမ္ပော ဝေါ တိ စောဒနံ သန္ဓာယ ဟာ ရူပါယတ္တာ စ တေသံ ဝဝတ္တီတိ။ ။၃၃၃-ပ-ဇံ-၀ိ-ဋီ။

စ၊ဆက်၍ ဆိုအံ့။ တေသံ ပဋိဃသညာနံ၊တို့၏။ ပဝတ္တိ၊ ဖြစ်ခြင်းသည်။ ရူပါယတ္တာ၊ ရုပ်၌စပ်သည်။ ရုပ်အားစပ်သည်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ န န သန္တိ၊ ကုန်။

**အနုသန္ဓိ။** ။အရူပဘာဝနာကား ရူပဘာဝနာကဲ့သို့ မဟုတ်ဟူခြင်းငှာ "အယမ္ပ န"စသည်ကို မိန့်သော်....

ပန၊ အထူးကိုဆိုအံ့။ အယံ ဘာဝနာ၊ ဤအရူပ ဘာဝနာသည်။ ရူပဝိရာဂါယ၊ ငှာ။ သံဝတ္တတိ၊ ဖြစ်ပေ၏။ တသ္မာ၊ ထို့ကြောင့်။ တာ၊ ထိုပဋိဃသညာတို့ကို။ ဧတ္ထ၊ ဤအရူပစျာန်၌။ ပဟီနာတိ၊ ပယ်အပ်ကုန်၏ဟူ၍။ ဝတ္တုံ၊ ဟောခြင်းငှာ။ ဟောခြင်းသည်။ ဝဋ္ဋတိ၊ သင့်၏။ ကေဝလဉ္စ၊ သက်သက်ကား။ ဝတ္တုံ၊ ဟောခြင်းငှာသာလျှင်။ ဟောခြင်းသည်သာလျှင်။ ဝဋ္ဋတိ၊ သင့်သည်။ န၊ မဟုတ်သေး။ ကေံသေ နေဝ၊ စင်စစ်အားဖြင့်သာလျှင်။ ဧဝံ၊ ဤသို့ပယ်အပ်ကုန်၏ဟူ၍။ ဓာရေတုမ္ပိ၊ မှတ်ခြင်းငှာလည်း။ မှတ်ခြင်းသည်လည်း။ ဝဋ္ဋတိ၊ သင့်၏။ ဟိ-သစ္စံ၊ မှန်၏။ တာသံ၊ ထိုပဋိဃသညာတို့၏။ ဣတော၊ ဤ အရူပစျာန်မှ။ ပုဗ္ဗေ၊ ရှေး၌။ အပ္ပဟီနတ္တာယေဝ၊ မပယ် အပ်သေးသည်၏ အဖြစ်ကြောင့်သာလျှင်။ ပဌမံစျာနံ၊ ကို။ သမာပန္နဿ၊ ဝင်စား၍ နေသသူအား။ သဒ္ဒေါ၊ ကို။ ကဏ္ဍကောတိ၊ ဆူးငြောင့်ဟူ၍။ ဘဂဝတာ၊သည်။ ဝုတ္တော၊၏။ ဣဓစ၊ဤအရူပစျာန်၌ကား။ ပဟီနတ္တာယေဝ၊ ပယ်အပ်ပြီးသည်၏ အဖြစ်ကြောင့်သာလျှင်။ အရူပ သမာပတ္တီနံ၊ တို့၏။ အာနေဉ္ဇာဘိသင်္ခါရဝစနာဒီဟိ၊ တို့ဖြင့်။(ထည့်)။ အာနေဉ္ဇတာစ၊ မတုန်လှုပ် သည်၏အဖြစ်ကိုရင်း။ ယေတေသန္တာဝိမောက္ခာအတိက္ကမ္မ ရူပေအာရုပ္ပါတိ

http://www.dhammadownload.com



အာဒိနာ၊ ဤသို့ စသည်ဖြင့်။ (ထည့်)။ သန္တိဝိမောက္ခတာစ၊ ငြိမ်သက်သော ဝိမောက္ခ၏ အဖြစ်ကိုလည်း။ ဝုတ္တာ၊ ဟောတော်မူအပ်၏။

**အနုသန္ဓေတက်။** ။အရူပသမာပတ်တို့၏ မတုန်လှုပ်သည်၏ အဖြစ်ကို ဆရာ အသယ်ကို ထောက်၍ မိန့်သနည်း ဟူသော စောဒနာကို ဖြေလိုရကား "အာဠာရော"စသည်ကို မိန့်သော်....

**စ-သဒ္ဒါ၏။** ကာဠဿာမော၊ ကာဠာမအမျိုးဖြစ်သော။ အာဠာရော၊ အာဠာရ ရသေ့သည်။ အရူပသမာပန္နော၊သော်။ ပဉ္စသတာနိ သကဋာနိ၊ လှည်းငါးရာ တို့ကို။ နိဿာဒယနိဿာယ၊ မှီ၍,မှီ၍။ ဝါ၊ ဆက်ကာဆက်ကာ။ အတိက္ကန္တာနိ၊ လွန်သည်တို့ကို။ နေဝအဒ္ဒသ၊ မမြင်။ သဒ္ဒံ၊ လှည်းသံကို။ န ပန အသောသိ၊ မကြား။ ဣတိ၊ ဤသို့ မတုန်လှုပ်သည်၏အဖြစ် ငြိမ်သက်သည်၏ အဖြစ်ကို မှတ်အပ်၏။

**အဓိပ္ပါယ်ကား။** ။အဖြစ်ကိုမြင်ခြင်း ရှေ့သွားရှိသော ပဋိမက္ခဿဝနာ၏ အစွမ်း အားဖြင့် ပဋိဃသညာတို့၏ ကောင်းစွာ ပယ်အပ်ပြီးသည်၏ အဖြစ်ကြောင့် သည်းစွာသော အသံဖြင့်လည်း .အရူပသမာပတ်မှ မထ၊ ထိုထိုသော အခြင်း အရာအားဖြင့် ကောင်းစွာမပယ်အပ်သည်၏ အဖြစ်ကြောင့်ကား အလုံးစုံသော ရူပါဝစရ သမာပတ်မှ ထခြင်းသည် ဖြစ်ကောင်း၏။ ထိုသို့ အလုံးစုံမှ ထခြင်း ဖြစ်ကောင်းသော်လည်း ပဉ္စမဈာန်သည် အနည်းငယ်သော အသံကိုမျှလည်း သည်းမခံနိုင်၊ ထိုကြောင့် ထိုပဉ္စမဈာန်ကို ဝင်စား၍ နေသောသူအား အသံကို ဆူးငြောင့်ဟူ၍ ဟောတော်မူအပ်၏။

နာနတ္တသညာနံ အမနသိကာရာတိ၊ ကား။ နာနတ္တော၊ အထူးထူးသော သဘောရှိသော။ ဂေါစရေ၊ အာရုံ၌။ ပဝတ္တာနံ၊ ဖြစ်ကုန်သော။ သညာနံ ဝါ၊ တို့ကိုဂုဏ်း။ နာနတ္တာနံ၊ အထူးထူးသော သဘောရှိကုန်သော။ သညာနံ ဝါ၊ တို့ကိုဂုဏ်း။ ဟိ၊ ထိုစကားကို ထင်ရှားပြုအံ့။ "တတ္ထကတမာ။ပ။သညာ ယော"တိ၊ ဟူ၍။ ဧဝံ၊ ဤသို့။ ဝိဘင်္ဂေ၊ ဈာနဝိဘင်း၌။ ဝိဘဇိတွာ၊ ခွဲခြမ်း၍။ ဝုတ္တာ၊ ကုန်သော။ ဣဓ၊ ဤဈာန်၌။ အဓိပ္ပေတာ၊ ကုန်သော။ အသမာပန္နဿ၊ ဈာန်မဝင်စားသသူ၏။ မနောဓာတု မနောဝိညာဏဓာတု သင်္ဂဟိတာ၊ တို့ဖြင့် ရေတွက်အပ်ကုန်သော။ တောသညာ၊ တို့သည်။ ရူပသဒ္ဒါဒိဘေဒေ၊ ရူပ,သဒ္ဒ စသည်အပြားရှိသော။ နာနတ္တေ နာနာ သဘာဝေ၊ ရှိသော။ ဂေါစရေ၊ ၌။ ယသ္မာ၊ ကြောင့်။ ပဝတ္တန္တိ၊ ကုန်၏။ စ၊ ထိုမှတပါး။ ယသ္မာ၊

http://www.dhammadownload.com



ကြောင့်။ အဠ၊ ကုန်သော။ ကာမာဝစရ ကုသလသညာ တို့ရင်း။ပ။ဣစ္စတိ ဧဝံ၊ သို့။ စတုစတ္တာလီသမ္ပိ၊ လေးဆဲ့လေးပါး အပြားရှိသည်လည်း ဖြစ်ကုန်သော။ တာသညာ၊ တို့သည်။ နာနတ္တာ နာနာ သဘာဝါ၊ ကုန်၏။ အညမညံ၊ အချင်းချင်း။ အသဒိသာ၊ မတူကုန်။ "တသ္မာ၊ ထို့ကြောင့်။ နာနတ္တသညာ"တိ၊ ဟူ၍။ ဝုတ္တာ၊ ကုန်၏။ သဗ္ဗသော-သဗ္ဗာကာရေန၊ ဖြင့်။ ဝါ၊ သဗ္ဗသော-သဗ္ဗာသံ၊ကုန်သော။ တာသံ နာနတ္တသညာနံ၊ ထိုအထူးထူးသော သဘောရှိသော အာရုံ၌ဖြစ်သော သညာတို့ကို။ ဝါ၊ ထိုအထူးထူးသော သဘောရှိသော သညာတို့ကို။ အမနသိကာရာ၊ နှလုံးမမူခြင်းကြောင့်။ အနာဝဇ္ဇနာ၊ နှလုံးမသွင်းခြင်းကြောင့်။ အသမန္နာဟာရာ၊ နှလုံးသို့ ကောင်းစွာ မဆောင်ခြင်းကြောင့်။ အပစ္စဝေက္ခဏာ၊ မဆင်ခြင်ခြင်းကြောင့်။ ယသ္မာ၊ ကြောင့်။ တာ၊ ထိုနာနတ္တသညာတို့ကို။ နာဝဇ္ဇတိ၊ နှလုံးမသွင်း။ နမနသိကရောတိ၊ နှလုံး၌မမူ။ နပစ္စဝေက္ခတိ၊ မဆင်ခြင်။ တသ္မာ၊ ထိုကြောင့်။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ သည်။ ဟောတိ၊ ဖြစ်၏။

**အနုသန္ဓေ**။ ။အဘယ်ကြောင့် ရူပသညာ ပဋိဃသညာတို့၌ သမတိက္ကမာ,အတ္ထင်္ဂမာ;ဟု နှစ်ပါးဟောသနည်း။ နာနတ္တ သညာတို့၌ကား အမနသိကာရာ ဟု ဟောသနည်းဟု။ ကား။ အထူးဟောခြင်းကို ပြခြင်းငှာ "ယသ္မာ စေတ္ထ ပုရိမာ ရူပသညာ"-စသည်ကို မိန့်သော်....

စ၊ အပြစ်တင်ဘွယ်ကို ပယ်တတ်သော ဝါကျတပါးကို အားထုတ်အံ့။ ယသ္မာ၊ ကြောင့်။ ဧတ္ထ၊ ဤသုံးပါးသော သညာတို့တွင်။ ပုရိမာ၊ ရှေး၌ဖြစ်ကုန်သော။ ရူပသညာ စ၊ တို့သည်ရင်း။ ပဋိဃသညာ စ၊ တို့သည်ရင်း။ ဣမိနာ ဈာနေန၊ ဤ ပဥ္စမာရုပ္ပဈာန်ဖြင့်။ နိဗ္ဗတ္တေ ဘဝေပိ၊ ဖြစ်ရာဘုံ၌လည်း။ န ဝိဇ္ဇန္တိ၊ မရှိကုန်သေး၏ရှင့်။ တသ္မိံ ဘဝေ၊ ထိုပဥ္စမ အရူပဘုံ၌။ ဣမံ ဈာနံ၊ ဤပဥ္စမာရုပ္ပဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ၍။ ဝိဟရဏ ကာလေ၊နေသော ကာလ၌ကား။ ပဂေဝ၊အဘယ်ဆိုဘွယ်ရှိတုံအံ့နည်း။ တသ္မာ၊ထို့ကြောင့်။ "တာသံ၊ ထိုရူပသညာ, ပဋိဃသညာတို့ကို။ တို့၏၊ သမတိက္ကမာ၊ကြောင့်။ အတ္ထင်္ဂမာ၊ ပယ်ခြင်းကြောင့်"။ ဣတိ၊ သို့။ ဒွိဓာပိ၊ နှစ်ပါးသော အပြားဖြင့်လည်း။ အ ဘာဝေါ ယေဝ၊ မရှိခြင်း ကိုသာလျှင်။ ဝုတ္တော၊ ၏။ ပန၊အထူးကိုဆိုအံ့။ နာနတ္တ သညာသု၊ တို့တွင်။ ယသ္မာ၊ကြောင့်။ အဠ၊ ကုန်သော။ ကာမာဝစရ

http://www.dhammadownload.com



ကုသလသညာ၊ငင်း။ပ။ ဣတိ၊ ဤသို့။ ဣမာ သတ္တဝီသတိ သညာ၊ဤနှစ်ဆဲ့ ခုနစ်ပါးသော သညာတို့သည်။ ဣမိနာ ဈာနေန၊ဖြင့်။ နိဗ္ဗတ္တေ ဘာဝေ၊ ၌။ ဝိဇ္ဇန္တိ၊ ရှိကုန်၏။ တသ္မာ၊ ထိုကြောင့်။ "တာသံ၊ ထိုနှစ်ဆဲ့ ခုနစ်ပါးသော သညာတို့ကို။ အမနသိကာရာ၊ ကြောင့်"။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ၏။ ဣတိ သန္နိဋ္ဌာနံ၊ကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

**အနုဋီကာ။** ။ထိုဘုံ၌ ရှိကုန်သျှင်ဖင် အသယ်ကြောင့် 'အမနသိကာရာ'ဟု ဟောသောဟူသင့်သနည်းဟု၊ ကြောင့် "တတြာပိယိုယ၊ ဟောထိတိ"ဟူသည်။

ပိ-ယသ္မာ၊ အကြင်ကြောင့်။ တတြာပိ၊ ထိုဘုံ၌လည်း။ ဣမံ ဈာနံ၊ ဤ ယူမာ ရုပ္ပဈာန်ကို။ ဥပသမ္ပဇ္ဇ၊၍။ ဝိဟရန္တော၊ နေသသူသည်။ တာသံ၊ ထိုနှစ်ဆဲ့ခုနစ်ပါးသော သညာတို့ကို။ အ မနသိကာရာယေဝ၊ နှလုံးမမူခြင်းကြောင့်သာလျှင်။ ဥပသမ္ပဇ္ဇ၊၍။ ဝိဟရတိ၊၏။ ပန၊ဗျထိရိုက်ကို ဆိုအံ့။ တာ၊ ထိုနှစ်ဆဲ့ခုနစ်ပါးသော သညာတို့ကို။ မနသိကရောန္တော၊နှလုံး၌ထားမူကား။ အ သမာပန္နော၊ ဈာန်မဝင်စားနိုင်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ တသ္မာ၊ ကြောင့်။ "နာနတ္တ သညာနံ အ မနသိကာရာ"တိ၊ ဟူ၍။ ဝုတ္တံ၊၏။

**ပာဠိနိဿယ။** ။တာသံ,ဟူ၍ ဆဋ္ဌီကံ မသင့်။ အန္တ ပစ္စည်း၏ အယှဉ်ဖြစ်၍ တာ, ဟူ၍ ဒုတိယကံသာ သင့်သည်။

**အနုဋီကာ။** ။ထိုထိုအချို့သော နာနတ္တသညာတို့၏ ထိုဘုံ၌ဖြစ်သောကြောင့် ထိုနာနတ္တသညာတို့ကို မနသိကာရ၏ အကြောင်း ဖြစ်သော ရုပ်တို့ကို လွန်ခြင်းကြောင့် သမာဓိ၏ တိရဘာဝကို ပြ၍ဝင်းဌာ "သဒ်ေပတော" စသည်ကို မိန့်ဖယ်-

စ၊ဆက်၍ဆိုအံ့။ ဧသ ရူပသညာနံ သမတိက္ကမာတိ အာဒိ ပဒေသု၊ ဤရူပ သညာနံ သမတိက္ကမာ-အစရှိသော ပုဒ်တို့တွင်။ သဒ်ပတော၊ အကျဉ်းအားဖြင့်။ ရူပသညာနံ သမတိက္ကမာတိ ဣမိနာ၊ ဤပါဌ်ဖြင့်။ သဗ္ဗရူပါဝစရ ဓမ္မာနံ၊ တို့ကို။ ပဟာနံ၊ ပယ်ခြင်းကို။ ဝုတ္တံ၊ ၏။ ပဋိဃ။ပ။ ဣမိနာပဒ ဒွယေန၊ဖြင့်။ သဗ္ဗေသံ၊ ကုန်သော။ ကာမာဝစရ စိတ္တစေတသိကာနဥ္စ၊ တို့ကို လည်း။ ပဟာနဥ္စ၊ ကိုငင်း။ အ မနသိကာရော စ၊ကိုငင်း။ ဝုတ္တော၊၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊၏။

ဣတိ ယထာ ဝုတ္တ နယေန၊ ဖြင့်၊ ဘဂဝါ၊သည်။ ပန္နရသန္နံ၊ ကုန်သော။ ရူပသညာနံ၊ တို့ကို။ သမတိက္ကမေန၊ လွန်ခြင်းကြောင့်။ ဒသန္နံ၊ ကုန်သော။

http://www.dhammadownload.com



ပဋိဃသညာနံ၊တို့ကို။ အတ္ထင်္ဂမေန၊ ချုပ်ခြင်းသို့ ရောက်စေခြင်းကြောင့်။ စတုစတ္တာလီသာယ၊ လေးဆဲ့လေးပါးသော။ နာနတ္တသညာနံ၊ အထူးထူးသော သဘောရှိသော အာရုံ၌ဖြစ်သော သညာတို့ကို။ ဝါ၊အထူးထူးသော သဘောရှိသော သညာတို့ကို။ အ မနသိကာရေန၊ နှလုံးမသွင်းခြင်းကြောင့်။ ဣတိ၊ ဤသို့။ တီဟိ၊ကုန်သော။ ပဒေဟိ၊ ရူပသညာနံ သမတိက္ကမာ-စသော ပုဒ်တို့ဖြင့်။ အာကာသာနဉ္စာယတနသမာပတ္တိယာ၊၏။ ဝဏ္ဏံ၊ကျေးဇူးကို။ကထေသိ၊ ဟောတော်မူ၏။ ကိံ ကာရဏာ၊ အဘယ်အကြောင်းကြောင့်။ ကထေသိ၊ ဟောတော်မူသနည်း။ ဣတိစေ၊ဤသို့မေးငြားအံ့။ သောတူနံ၊ နာကုန်သော သူတို့၏။ တိုကို။ ဥဿာဟံ၊ ကို။ ဇနနတ္ထဉ္စေဝ၊ဖြစ်စေခြင်းငှာလည်း။ ပလောဘနတ္ထဉ္စ၊ဖြားယောင်းခြင်းငှာ လည်းကောင်း။ ကထေသိ၊၏။ ဟိ၊ချဲ့အံ့။ ကေစိ၊ ကုန်သော။ အပဏ္ဍိတာ၊ တို့သည်။ 'သတ္ထာ၊ သည်။ အာကာသာနဉ္စာယတန သမာပတ္တိံ၊ ကို။ နိဗ္ဗတ္တေထ၊ ဖြစ်စေကုန်လော'။ ဣတိ၊ ဤသို့။ ဝဒတိ၊ ဟောတော်မူ၏။ နိဗ္ဗတ္တိတာယ၊ ဖြစ်စေအပ်သော။ တာယ၊ ဤအာကာသာနဉ္စာယတန သမာပတ်ဖြင့်။ ကောအတ္ထော၊ အဘယ်အကျိုးသည်။ အတ္ထိ နုခေါ၊ နည်း။ ကောအာနိသံသော၊ အဘယ်အာနိသင်သည်။ အတ္ထိနုခေါ၊ နည်း။ ဣတိ၊ ဤသို့။ သစေဝဒေယျုံ၊ အကယ်၍ ဆိုကုန်ငြားအံ့။ တေအပဏ္ဍိတာ၊ တို့သည်။ ဝေံ၊ ဤသို့။ ဝတ္တုံ၊ ငှာ။ မာလဘန္တု၊ မရစေကုန် သတည်း။ ဣတိ၊ ဤသို့ နှလုံးတော်၌ထား၍။ ဣမေဟိ အာကာရေဟိ၊ တို့ဖြင့်။ သမာပတ္တိယာ၊ ၏။ ဝဏ္ဏံ၊ ကို။ ကထေသိ၊ ၏။ ဟိ-သစ္စံ၊ ၏။ တံ ဝဏ္ဏကထနံ၊ ထိုကျေးဇူးကို ဟောတော်မူခြင်းသော စကားကို။ သုတွာ၊ ၍။ နေသံအပဏ္ဍိတာနံ၊ တို့၏။ ဧဝံပရိဝိတက္ကော၊ ဤသို့သော အကြံသည်။ ဘဝိဿတိ၊ ဖြစ်လတ့်။ 'အယံသမာပတ္တိ၊ ဤအာကာသာနဉ္စာယတန သမာပတ်သည်။ ဧဝံသန္တာကိရ၊ ဤသို့ ငြိမ်သက်သတတ်။ ဧဝံပဏီတာကိရ၊ ဤသို့ မွန်မြတ်သတတ်။ နံ'အာကာသာနဉ္စာယတန သမာပတ္တိံ၊ ကို။ နိဗ္ဗတ္တေဿာမ၊ ဖြစ်စေကုန်အံ့'။ ဣတိဧဝံပရိဝိတက္ကော၊ သည်။ ဘဝိဿတိ၊ လတ့်။ အထတဒါ၊ ထိုအခါ၌။ အဿ၊ ထိုအာကာသာနဉ္စာယတန သမာပတ်၏။ နိဗ္ဗတ္တနတ္ထာယ၊ ဖြစ်ခြင်းငှာ။ ဥဿာဟံ၊ ကို။ ကရိဿန္တိ၊ လတ့်။

ပလောဘနတ္ထဉ္စာပိ၊ ဖြားယောင်းခြင်းငှာလည်း။ နေသံအပဏ္ဏိတာနံ၊ တို့အား။ တေသာသမာပတ္တိယာ၊ ဤအာကာသာနဉ္စာယတန သမာပတ်၏။ ဝဏ္ဏံ၊ ကို။ ကထေသိ၊ ၏။ ဝိသကဏ္ဍကာဝါဏီဇော၊ တင်လဲကုန်သည်သည်။ ဝဏ္ဏံ၊ တင်လဲ၏ကျေးဇူးကို။ ကထေသိဝိယ၊ ချီးမွမ်း၏သို့တည်း။ ဂုဠဝါဏိဇော၊ တင်လဲကုန်သည်ကို။ ဝိသကဏ္ဍကဝါဏိဇော နာမ၊ ဝိသကဏ္ဍက ဝါဏိဇမည်၏ဟူ၍။ ဝုစ္စတိ၊ ၏။ သော၊ ထိုတင်လဲကုန်သည်သည်။ ဂုဠဖာဏိတ ခဏ္ဍသက္ခရာဒီနိ၊ အလုံးအခဲဖြစ်သော တင်လဲ၊ ပျော့သော တင်လဲ၊ အပိုင်းအပိုင်းပြတ်သော တင်လဲ၊ သကာ-စသည်တို့ကို။

အဓိပ္ပါယ်။ ။ဥစ္ဆု ရသော ယမပါကပက္ကော စုဏ္ဏာဒိယိ မိသေတွာ ပိဏ္ဍိ ကတော ဂုဠော၊ အပိဏ္ဍိကတော ဖာဏိတ၊ ပါကပိသေသေန ခဏ္ဍ ခဏ္ဍသေဒိ နော ခဏ္ဍော၊ ။ ဋီကာနိပါတ်၊ အင်္ဂုတ္တိုရ်ဋီကာ။

မဓဒ်နိဿယ။ ။သက္ကရ၊ သက္ခရ-ကား နိဂ္ဂဟိတ-နိဂ္ဂဟိတကဲ့သို့ ကာရိ၊ ကာရိယ ယာ လွဲ၍ အနက်မကွဲ။

ဂုဠော စ ဖာဏိတံ ခဏ္ဍော၊ မစ္ဆဏ္ဍီ သက္ခရာ ဣတိ။
ဣမေ ဥစ္ဆု ဝိကာရာထ၊ ဂုဠသို့ ဝိသကဏ္ဍကံ။ အဘိဓာန်။

သကာရွှေနှ၊ လှည်းဖြင့်။ အာဒါယ၊ ယူ၍။ ပစ္စန္တဂါမံ၊ အစွန်ဖြစ်သော ရွာသို့။ ဂန္တွာ၊ သွား၍။ "ဝိသကဏ္ဍကံ၊ ဝိသကဏ္ဍကကို။ ဂဏှထ၊ ဝယ်ယူကြကုန်။ ဝိသကဏ္ဍကံ၊ ဝိသကဏ္ဍကကို။ ဂဏှထ၊ ဝယ်ယူကြကုန်"။ ဣတိ၊ ဤသို့။ ဉဂ္ဃောသေသိ၊ ကြွေးကြော်၏။ တံဉဂ္ဃောသနံ၊ ထိုကြွေးကြော်သံကို။ သုတွာ၊ ၍။ ဂါမိကာ၊ ရွာသားတို့သည်။ ဝိသံနာမ၊ အဆိပ်မည်သည်ကား။ ကက္ခဠံ၊ ကြမ်းထမ်း၏။ ယော၊ အကြင်သူသည်။ နံဝိသံ၊ ကို။ ခါဒတိ၊ ခဲ၏။ သော၊ ထို ခဲသောသူသည်။ မရတိ၊ သေတတ်၏။ ကဏ္ဍကာပိ၊ ဆူးသည်လည်း။ ဝိဇ္ဈိတွာ၊ စူးဝင်၍။ မာရေတိ၊ သေစေတတ်၏။ ဥဘောပိ၊ ဤနှစ်ပါးသော အဆိပ်၊ ဆူးတို့သည်လည်း။ ကက္ခဠာ၊ ကြမ်းထမ်းကုန်၏။ ဧတ္ထ၊ ဤအဆိပ်၊ ဆူး၌။ ကော အာနိသံသော၊ အဘယ်အာနိသင်သည်။ အတ္ထိ၊ ရှိအံ့နည်း။ ဣတိ၊ ဤသို့ နှလုံးပြု၍။ ဂေဟဒွါရာနိ၊ အိမ်တံခါးတို့ကို။ ထကေသုံ၊ ပိတ်စေကုန်၏။ ဒါရကေစ၊ သူငယ်တို့ကိုလည်း။ ပလာပေသုံ၊ ပြေးစေကုန်၏။ 54
တံ အာကာရံ၊ ထိုရွာသားတို့ အမူအရာကို။ ဒိသွာ၊ မြင်၍။ ဝါဏိဇော၊ သည်။ B

http://www.dhammadownload.com



"ဣမေဂါမိကာ၊ ဤရွာသားတို့သည်။ အဝေါဟာရကုသလာ၊ ဝေါဟာရ၌ မလိမ္မာကုန်။ ဟန္ဒ၊ ယခု။ နေ၊ ထိုရွာသားတို့ကို။ ဥပါယေန၊ ဥပါယ်တမျည် ဖြင့်။ ဂဏှာပေမိ၊ ယူစေအံ့"။ ဣတိ၊ ဤသို့နှလုံးပြု၍။ မဓုရံ၊ ချိုမြိန်သော အရသာရှိသော ခဲဘွယ်ကို။ ဂဏှထ၊ ကုန်။ အတိသာဒုံ၊ အလွန်ကောင်းမြတ်သော အရသာရှိသော ခဲဘွယ်ကို။ ဂဏှထ၊ ကုန်။ ဂုဠံ၊ အလုံး, အခဲဖြစ်သော တင်လဲ ကို။ ဖာဏိတံ၊ ပျော့သော တင်လဲကို။ သက္ကရံ၊ သကာကို။ ဂဏှထ၊ ကုန်။ သမ္ဗဟုလံ-သမဂ္ဃေန၊ အဖိုးနည်းနည်းဖြင့်။ လဗ္ဘတိ၊ ရအပ်၏။ ကူဋမာသက ကူဋကဟာပဏာ ဒီဟိ၊ ကြမ်းသောပဲ, ကြမ်းသော အသပြာ-စသည့်တို့ဖြင့်။ လဗ္ဘတိ၊ ရအပ်၏။ ဣတိ၊ သို့။ ဥဃ္ဃောသေသိ၊ ၏။ တံဥဃ္ဃောသနံ၊ ကို။ သုတွာ၊ ၍။ ဂါမိကာ၊ တို့သည်။ ဟဋ္ဌ ပဟဋ္ဌာ၊ အလွန် ရွှင်လန်းကုန်သည်ဖြစ်၍။ နိက္ခမိတွာ၊ ထွက်၍။ ဗဟုမ္ပိ၊ များစွာလည်း ဖြစ်သော။ မူလံ၊ အဖိုးကို။ ဒတွာ၊ ပေး၍။ ဂဟေသုံ၊ ယူကုန်၏။

တတ္ထ-တသ္မိံ ဝစနေ၊ ထိုစကား၌။ ဩပမ္မ သံသန္ဒနံ၊ ဥပမာ, ဥပမေယျ နှိုးနှောခြင်းကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဝါဏိဇဿ၊ ၏။ "ဝိသကဋ ဏူကံဂဏှထာ" တိ၊ ဟူ၍။ ဥဃ္ဃောသနံဝိယ၊ ကြွေးကြော်ခြင်းကဲ့သို့။ ဘဂဝတော၊ ၏။ "အာကာသာနဉ္စာယတန သမာပတ္တိံ ဘာဝေထာ"တိ၊ ဟူ၍။ ဝစနံ၊ ဟော တော်မူခြင်းကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ "ဥဘောပေ တေ ကက္ခဠာ ကော ဧတ္ထ အာနိသံသော"တိ၊ ဟူ၍။ ဂါမိကာနံ၊ တို့၏။ စိန္တနံဝိယ၊ ကြံခြင်းကဲ့သို့။ "ဘဂဝါ၊ သည်။ အာကာသာနဉ္စာယတနံ ဘာဝေထာ"တိ၊ ဟူ၍။ အာဟ၊ ၏။ ဧတ္ထ၊ ဤအာကာသာနဉ္စာယတန သမာပတ်၌။ ကော အာနိသံသော၊ အဘယ်အာနိသင်သည်။ အတ္ထိ နုခေါ၊ ရှိအံ့နည်း။ အဿ၊ ထိုအာကာသာ နဉ္စာယတန သမာပတ်၏။ ဂုဏံ၊ ကျေးဇူးကို။ န ဇာနာမ၊ မသိကုန်"။ ဣတိ၊ ဤသို့။ သောတူနံ၊ နာကုန်သော သူတို့၏။ စိန္တနံ၊ ကြံခြင်းကို။ ဝေဒိတဗ္ဗံ၊ သိ အပ်၏။ အထပစ္ဆာ၊ ထိုမှနောက်၌။ ဝါဏိဇဿ၊ ၏။ "အတိမဓုရံ ဂဏှထာ"တိ အာဒိဝစနံ ဝိယ၊ ဤသို့ အစရှိသော စကားကို ဆိုခြင်းကဲ့သို့။ ဘဂဝတော၊ ၏။ ရူပသညာ သမတိက္ကမနာဒိကံ၊ ရူပသညာကို လွန်ခြင်း အစရှိသော။ အဿ အာကာသာနဉ္စာယတနဿ၊ ၏။ အာနိသံသ ပ္ပကာသနံ၊ အာနိသင်ကို ပြခြင်းကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဟိ၊ အကျိုးကိုဆိုအံ့။ တေ ဂါမိကာ၊ တို့သည်။

http://www.dhammadownload.com



ဗဟုမ္ပိ၊ များစွာလည်းဖြစ်သော။ မူလံ၊ကို။ ဒတွာ၊၍။ ဂုဠ္ဌံ၊တင်လဲကို။ ဂဏှန္တာ ဝိယ၊ယူကုန်၏သို့။ ဝုတ္တံ၊အာနိသံသံ၊ကို။ သုတွာ၊၍။ ဝုတ္တမိနာ၊အာနိသံသေန၊ဖြင့်။ ပလောဘိတစိတ္တာ၊ ဖြားယောင်းသော စိတ်ရှိကုန်သည်ဖြစ်၍။ မဟန္တမ္ပိ၊ များစွာလည်းဖြစ်သော။ ဥဿာဟံ၊ ကို။ ကတွာ၊ ၍။ ဣမံ သမာပတ္တိံ၊ကို။ နိဗ္ဗတ္တေယျန္တိ၊ ကုန်လတ့်။ ဣတိ၊ဤသို့။ ဥဿာဟ ဇနနတ္ထဉ္စ၊ငှာရင်း။ ပလောဘနတ္ထဉ္စ၊ ငှာရင်း။ ဘဂဝါ၊သည်။ ကထေသိ၊၏။

အာကာသာနဉ္စာယတနသညာသဟဂတန္တိ ဧတ္ထ၊ ၌။ ဝိနိစ္ဆယော၊ ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ အဿ၊ထိုကသိုဏ်းကိုးပါးကို ခွါခြင်း ကောင်းကင်အား။ ဝါ၊ ထိုကသိုဏ်းကိုးပါးကို ခွါခြင်းဖြင့် ရအပ်သော ကောင်းကင်အား။ အန္တော၊ ဥပါဒ်အပိုင်းအခြား ဘင်အပိုင်းအခြားသည်။ န ပညာယတိ၊မထင်။ ဣတိတသ္မာ၊ထို့ကြောင့်။ အနန္တံ၊မည်၏။ အနန္တံ၊ ဥပါဒ်အပိုင်းအခြား,ဘင်အပိုင်းအခြား မထင်သော။ အာကာသံ၊ ကောင်းကင်။ အာကာသာနန္တံ၊ ကောင်းကင်။

အဂ္ဂါဟိတ, စသည်ကဲ့သို့ ဝိသေသန ပရနိပါတ။

အာကာသာနန္တ မေဝ၊ဥပါဒ် အပိုင်းအခြား ဘင် အပိုင်းအခြား မထင်သော ကောင်းကင်သည်ပင်လျှင်။ အာကာသာနဉ္စံ၊မည်၏။

**အရုံးအဖြတ်။** ။သကတ္ထ၌ ဏျ၂ပစ္စည်း။တျကို စပြု။ နကို နိဂ္ဂဟိတ်ပြု။ ထိုနိဂ္ဂဟိတ်ကို ဉပြု၍ အာကာသာနဉ္စ ပြီးသည်။ ဤကို ရည်၍ မဏိမဉ္ဇူ၌-

တျဿ စကာရံ န ကာရဿ စ နိဂ္ဂဟိတံ ကတွာ တဿ စ ဉကာရံ ကတွာ အာကာသာနဉ္စန္တိ ဝုတ္တံ၊ ဟူအပ်ပြီ။ ။၂ဝ၄-ဝ။

ဒေဝါနံ၊ နတ်တို့၏။ အာယတနံ၊ တည်ရာသည်။ (ထည့်)။ "အချို့စာ၌ အာယတနံ ဒေဝါနံ, ဟုရှိ၏"။ ဒေဝါယတနံ ဣဝ၊ ဒေဝါယတနမည်၏သို့။ သ သမ္ပယုတ္တ ဓမ္မဿ၊ သမ္ပယုတ်တရားနှင့် တကွသော။ အဿဈာနဿ၊ ဤ ပဉ္စမာရုပ္ပ ဈာန်၏။ အဓိဋ္ဌာနဋ္ဌေန၊ တည်ရာဟူသော အနက်ကြောင့်။ တံ အာကာသာနဉ္စံ၊ ထို ဥပါဒ် အပိုင်းအခြား ဘင်အပိုင်းအခြား မထင်သော ကောင်းကင်သည်ပင်လျှင်။ "ဝေကြေ"။ အာယတနံ၊ တည်ရာ အာရုံသည်။ ဟောတိ၊၏။ ဣတိဣမိနာ ဝစနတ္ထေန၊ ဤဗဟုဗ္ဗီဟိသမာသ်ဝစနတ်ကြောင့်။ အာကာသာနဉ္စာယတနံ၊ မည်၏။ ဣတိ၊ ဤ ဆိုအပ်ပြီးသော နည်းဖြင့်။

http://www.dhammadownload.com



အာကာသာနဉ္စ၊ သည်လည်း။ ဟောတိ၏။ တံ၊ ဟူသည်။ အာယတနဉ္စ၊ သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိပိ၊ ကြောင့်လည်း။ အာကာသာနဉ္စာ ယတနံ၊ မည်၏။ ဝေါ၊ ဤ အာကာသာနဉ္စာယတန ဟူသော အမည်သည်။ ကသိဏုဂ္ဃာဋိမာကာသဿ၊ ကသိုဏ်းကိုးပါးကိုခွါကြောင်း ကောင်းကင်၏။ အဓိဝစနံ၊ အမည်တည်း။

ဝဇနဋ္ဌ။ ။ကသိဏံ ဥဂ္ဃာဋီယတိ ဧတေနာတိ ကသိဏုဂ္ဃာဋော၊ တဒေဝ ကသိဏုဂ္ဃာဋိမံ။

ဝ၊ ကသိုဏ်းကိုးပါးကို ခွါခြင်းဖြင့် ရအပ်သော ကောင်းကင်၏။ (ပေး)။

ဝဇနဋ္ဌ။ ။ကသိဏာသ ဥဂ္ဃာဋော ကသိဏုဂ္ဃာဋော၊ တေန လဒ္ဓံ ကသိဏုဂ္ဃာဋိမံ။(မြ)။

တသ္မိံ အာကာသာနဉ္စာ ယတနေ၊ ထိုဥပါဒ်အပိုင်းအခြား ဘင်အပိုင်းအခြား မထင်သော ကောင်းကင်ဟူသော အာရုံ၌။ အပ္ပနာပ္ပတ္တာယ၊ အပ္ပနာသို့ ရောက်သော။ သညာယ၊ သညာနှင့်။ သဟ ဂတံ၊ တကွဖြစ်သည်တည်း။ အာကာသာနဉ္စာယတနသညာသဟဂတံ၊ သည်။

ပန၊ အထူးကိုဆိုအံ့။ အညတ္ထ၊ အဘိဓမ္မာမှ တပါးသော သုတ္တန်၌။ "အနန္တော အာကာသော"တိ ဟူ၍။ ဝုတ္တံ ယထာ၊ ဟောအပ်၏သို့။ ဧဝံ၊ ဤအတူ။ ဣဓ၊ ဤ အဘိဓမ္မာ၌။ "အနန္တ"န္တိ ဝါ၊ အနန္တ ဟူ၍ရင်း။ "ပရိတ္တ"န္တိ ဝါ၊ ပရိတ္တဟူ၍ရင်း။ နဂဟိတံ၊ မယူအပ်။ ကသ္မာ၊ ကား။ ဟိ-ယသ္မာ၊ ကြောင့်။ အနန္တေ၊ အနန္တကို။ ဂဟိတေ၊ ယူအပ်သည်ရှိသော်။ ပရိတ္တံ၊ ပရိတ္တကို။ န ဂယှတိ၊ မယူအပ်။ ပရိတ္တေ၊ ကို။ ဂဟိတေ၊ သော်။ အနန္တံ၊ ကို။ န ဂယှတိ၊ အပ်။ ဧဝံ၊ ဤသို့ အနန္တကို ယူသည်ရှိသော် ပရိတ္တကို မယူအပ်-ပရိတ္တကို ယူသည်ရှိသော် အနန္တကို မယူအပ်သည်။သန္တေ၊ ဖြစ်လတ်သော်။ အာရမ္မဏ စတုက္ကံ၊ အာရမ္မဏ စတုက္ကသည်။ န ပူရတိ၊ မပြည့်။ ဒေသနာ၊ သည်။ သောဠသက္ခတ္တုကာ၊သည်။ နဟောတိ၊ မဖြစ်။ စ၊ ဆက်။ သမ္မာသမ္ဗုဒ္ဓဿ၊ ၏။ ဣမသ္မိံ ဌာနေ၊ ၌။ ဒေသနံ၊ ကို။ သောဠသက္ခတ္တုကံ၊ ကို။ ကာတုံ၊ ငှာ။ အဇ္ဈာသယော၊ သည်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။

---

၁။ အဘိ ၂-၂၅၇၊ ဋီ ၂-၆၀-မျက်နှာမှာကြည့်။

http://www.dhammadownload.com



"အနန္တ" န္တိ ဝါ၊ ဟူ၍ရင်း။ "ပရိတ္တ" န္တိ ဝါ၊ ဟူ၍ရင်း။ အဝတွာ၊ မဟော မူ၍။ အာကာသာနဉ္စာ ယတန သညာ သဟဂတန္တိ၊ ဟူ၍။ အ-ဟာ၊ ၏။ဟိ၊ အကျိုးကိုဆိုအံ့။ ဝေ ဠမသို့ ဝစနေ၊ ဤအာကာသာနဉ္စာ ယတန သညာ သဟ ဂတံ, ဟူသော စကားကို။ ဝုတ္တေ၊ ဟောအပ်သည်။ (ထည့်)။ သတိ၊ သော်။ ဉဘယမ္ပိ၊ နှစ်ပါးသော အနန္တ, ပရိတ္တ ကိုလည်း။ ဂဟိတမေဝ၊ သည် သာလျှင်။ ဟောတိ၊ ၏။ အာရမ္မဏ စတုက္ကံ၊ သည်။ ပူရတိ၊ ၏။ ဒေသနာ၊ သည်။ သောဠသက္ခတ္တုကာ၊ သည်။ သမ္ပဇ္ဇတိ၊ ပြည့်စုံ၏။ အဝ သေသော၊ ဘဉ့်အပ်ပြီးသည်မှ ကြွင်းသော။ ပါဠိအတ္ထော၊ ပါဠိအနက်ကို။ ဟေဋ္ဌာ၊ ၌။ ဝုတ္တ နယေနေဝ၊ ဖြင့်သာလျှင်။ ဝေဒိတဗ္ဗော၊ ၏။ စ၊ အထူးကို ဆိုအံ့။ တွေ-အာကာသာနဉ္စာ ယတန ဈာနေ၊ ၌။ ရူပါဝစရ စတုတ္ထ ဈာန နိကန္တိ ပရိယာဒါန ဒုက္ခတာယ၊ ရူပါဝစရစတုတ္ထ ဈာန်၌ တပ်ခြင်းကို ကုန်စေ ခြင်း၏ ဆင်းရဲ သည်၏ အဖြစ်ကြောင့်။ ဒုက္ခပဋိပဒါ၊ မည်သည်။ ဟောတိ၊ ၏။ ပရိယာဒိန္န နိကန္တိကဿ၊ ကုန်စေအပ်ပြီးသော တပ်ခြင်းရှိသူအား။ အပ္ပနာ ပရိဝါသ ဒန္ဓတာယ၊ အပ္ပနာဖြစ်ခြင်း၏ နှေးသည်၏ အဖြစ်ကြောင့်။ ဒန္ဓာဘိညာ၊ မည်သည်။ ဟောတိ၊ ၏။ ဝိပရိယာယေန၊ ထိုမှ ပြန်သောအား ဖြင့်။ သုခပဋိပဒါ စ၊ ကိုရင်း။ ခိပ္ပါဘိညာ စ၊ ကိုရင်း။ ဝေဒိတဗ္ဗာ၊ ၏။ ပန၊ တပါး။ ပရိတ္တ ကသိဏုဂ္ဃါဋိမ ာကာသေ၊ ပရိတ္တ, ဖြစ်သော ကသိုဏ်းကို ခွါကြောင်း ကောင်းကင်၌။ ပဝတ္တံ၊ သော။ ဈာနံ၊ သည်။ ပရိတ္တာ ရမ္မဏံ၊ မည်၏။ ဝိပုလ ကသိဏုဂ္ဃါဋိမ ာကာသေ၊ ဝိပုလဖြစ်သော ကသိုဏ်းကို ခွါကြောင်းကောင်းကင်၌။ ပဝတ္တံ၊ သော။ ဈာနံ၊ သည်။ (လိုက်)။ အပ္ပမာ ဏာ ရမ္မဏံ၊ မည်၏။ စ၊ ဆက်။ ဉပေက္ခာ ဗြဟ္မဝိဟာရေ၊ ၌။ စတုတ္ထ ဈာန ဝသေန၊ ဖြင့်။ပဉ္စ ဝိသတိ ကောဋ္ဌာသာ၊ တို့သည်။ ဟောန္တိဝိယ၊ သို့။ ဧဝမေဝ၊ ဤ အာကာသာနဉ္စာ ယတနဈာန်၌လည်း။ စတုတ္ထဈာန ဝသေန၊ ဖြင့်။ (တန္တိ နည်း)။ ပဉ္စ ဝိသတိ ကောဋ္ဌာသာ၊ တို့သည်၊ ဟောန္တိ၊ ကုန်၏။ စ၊ ဆက်။ တွေ၊ ဤ အာကာသာ နဉ္စာယတန ဈာန်၌။ ပဉ္စဝိသတိ ကောဋ္ဌာသာ၊ တို့သည်။ ဟောန္တိ ယထာ၊ ကုန်၏သို့။ ဝေ၊ တူ။ ဠမေဝ၊ ဤအာကာသာနဉ္စာယတန ဈာန်မှ။ ပရေသု၊ နောက် ဖြစ်ကုန်သော။ ဝိညာဏဉ္စာယတနာ ဒီသုပိ၊

http://www.dhammadownload.com



တို့၌လည်း။ (ထည့်)။ ပဌ ဝီသတိကေကာ၊ တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပန၊ဆက်။တေသု ဝိညာဏဉ္စာယတနာ ဒီသု၊တို့၌။ဝိသေသမတ္တမေဝ၊ ဆူထူးမျှ ကိုသာလျှင်။ ဝေဏ္ဏယိဿာမ၊ ဘွင့်ကုန်အံ့။

---

## ဝိညာဏဉ္စာယတန

၂၆၆။ အာကာသာနဉ္စာယတနံ သမတိက္ကမာတိ ဧတ္ထ ဝစနေ၊ ၌။ တာဝ၊ ရှေ့စွာ။ ပုဗ္ဗေ၊ ၌။ ဝုတ္တနယေန၊ ဖြင့်။ သ သမ္ပယုတ္တဓမ္မဿ၊ သမ္ပယုတ်တရားနှင့် တကွဖြစ်သော။ (ထည့်)။ အဿ ဈာနဿ၊ ဤအာကာသာနဉ္စာယတနဈာန် အား။ အာကာသာနဉ္စ၊ ဥပါဒ်အပိုင်းအခြား,ဘင်အပိုင်းအခြားမထင်သော ကောင်းကင်ဟူသော။ အဓိဋ္ဌာနဋ္ဌေန၊ တည်ရာဟူသော အနက်ကြောင့်။ အာယတနံ၊ တည်ရာဖြစ်သောအာရုံသည်။ အတ္ထိ၊၏။ ဣတိဣမိနာ၀စနတ္ထေန၊ ဤဗဟုဗ္ဗီဟိသမာသ်ဝစနတ်ကြောင့်။ ဈာနမ္ပိ၊ သည်လည်း။ အာကာသာနဉ္စာ ယတနံ၊ မည်၏။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသော ကမ္မဓာရည်းသမာသ်နည်း ဖြင့်သာလျှင်။ အာရမ္မဏမ္ပိ၊ သည်လည်း။ အာကာသာနဉ္စာယတနံ၊ မည်၏။ ဧဝံ၊ ဤသို့။ ဧတံဈာနဉ္စ၊ ဤအာကာသာနဉ္စာယတနမည်သော ဈာန်ကိုရင်း။ ဧတံအာရမ္မဏဉ္စ၊ ဤအာကာသာနဉ္စာယတနမည်သော အာရုံကိုရင်း။ ဣတိ၊ ဤသို့။ ဥဘယမ္ပိ၊ ဈာန်နှင့်, အာရုံ-နှစ်ပါးစုံကိုလည်း။ အပ္ပဝတ္တိကရဏေနစ၊ မဖြစ်ခြင်းကို ပြုခြင်းဖြင့်ရင်း။ အမနသိကရဏေနစ၊နှလုံး၌ မမူခြင်းဖြင့်ရင်း။ သမတိက္ကမိတွာဝ၊ လွန်၍သာလျှင်။ ယသ္မာ၊ကြောင့်။ ဣဒံဝိညာဏဉ္စာယတနံ၊ ကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟာတဗ္ဗံ၊ နေသင့်၏။ တသ္မာ၊ ထိုကြောင့်။ ဧတံဥဘယမ္ပိ၊ ဤဈာန်နှင့် အာရုံနှစ်ပါးစုံကိုလည်း။ ဧကဇ္ဈံကတွာ၊ တပေါင်း တည်းပြု၍။ "အာကာသာနဉ္စာယတနံ သမတိက္ကမာ"တိဣဒံ၊ ဟူသော ဤ စကားကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဣတိ သန္နိဋ္ဌာနံ၊ ကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ပန၊ ထိုမှတပါး။ ဝိညာဏဉ္စာယတန သညာသဟဂတန္တိ ဧတ္ထဝစနေ၊ ၌။ ဝိနိစ္ဆယော၊ ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ "အနန္တ"န္တိ၊ အပိုင်းအခြား မရှိ ဟူ၍။ မနသိကာတဗ္ဗဝသေန၊ နှလုံး၌မူအပ်သည်၏ အစွမ်းဖြင့်။ အဿ၊ ထို

http://www.dhammadownload.com



ပဌမာရုပ္ပဝိညာဉ်အား။ အန္တော၊ အပိုင်းအခြားသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ထို ကြောင့်။ အနန္တံ၊ မည်၏။ အနန္တမေဝ၊ အနန္တသည်ပင်လျှင်။ အာနဉ္စံ၊ အာနဉ္စ မည်၏။

ဿကတ္ထ ဏျ၀စ္စည်းရောက်၍ အနန္တသည် အာနဉ္စဖြစ်သည်။

အာနဉ္စံ၊ အပိုင်းအခြားမရှိသော။ ဝိညာဏံ၊ ပဌမာရုပ္ပဝိညာဉ်သည်။ ဝိညာ ဏာနဉ္စံ၊ မည်၏။ ဣတိ၊ ဤသို့ ဝိညာဏာနဉ္စဟု။ အဝတွာ၊ ၍။ ဝိညာဏဉ္စန္တိ၊ ဝိညာဏဉ္စံ,ဟူ၍။ ဝုတ္တံ၊ ၏။

ပဓာနိနိဿယနှင့်ကျမ်းတက်။ ။အာကိရဏ၊ နကိုလောပမှု၍ ဆိုသည်၊ ထိုသော် လည်း သင့်ပါမှ ဆိုကောင်းသည် တကားဟု။ ကြောင့်။ "အယံဟေတ္ထ" စသည် ကို မိန့်သော် ....

ဟိ၊ အသင့်ကိုဆိုအံ့။ ဧတ္ထ၊ ဤဝိညာဏဉ္စ,ဟူသော ပုဒ်၏အတ္ထ၌။ အယံ၊ ဤ ဝိညာဏဉ္စဟူသော သဒ္ဒါသည်။ ရုဠှီသဒ္ဒေါ၊ ရုဠှီသဒ္ဒါသည်။ ဟောတိ၊ ဖြစ်၏။ တဒေဝဝိညာဏဉ္စံ၊ ထိုအပိုင်းအခြားမရှိသော ပဌမာရုပ္ပဝိညာဉ်သည်ပင်လျှင်။ ဣမိဿာသညာယ၊ ဤသညာ၏။ အဓိဋ္ဌာနဋ္ဌေန၊ တည်ရာဟူသော အနက် ကြောင့်။ အာယတနံ၊ တည်ရာဖြစ်သော အာရုံသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ ဣမိနာဝစနတ္ထေန၊ ဤကမ္မဓာရည်းသမာသ် ဝစနတ်ကြောင့်။ ဝိညာ ဏဉ္စာယတနံ၊ မည်၏။ တသ္မိံ ဝိညာဏဉ္စာယတနေ၊ ထိုအပိုင်းအခြားမရှိသော ပဌမာရုပ္ပဝိညာဉ်ဟူသော တည်ရာအာရုံ၌။ ပဝတ္တာယ၊ သော။ သညာယ၊ သညာနှင့်။ သဟဂတံ၊ တကွဖြစ်သည်တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိညာဏဉ္စာယတန သညာသဟဂတံ၊ မည်၏။ ဧတံ၊ ဤဝိညာဏဉ္စာယတန သညာသဟဂတံ,ဟူသော အမည်သည်။ အာကာသေ၊ ၌။ ပဝတ္တဝိညာဏာ ရမ္မဏဿ၊ ဖြစ်သော ပဌမာရုပ္ပဝိညာဏ်လျှင် အာရုံရှိသော။ ဈာနဿ၊ ၏။ အဓိဝစနံ၊ တည်း။ ဣဓ ဝိညာဏဉ္စာယတနေ၌။ (ဒုက္ခာ ပဋိပဒါ ဝေဒိတဗ္ဗာ၌ စပ်)။ အာကာသာနဉ္စာယတနသမ္ပတ္တိယာ၊ ၌။ နိကန္တိ ပရိယာဒါန ဒုက္ခတာယ၊ တပ်ခြင်းကို ကုန်စေခြင်း၏ ဆင်းရဲသည်၏ အဖြစ်ကြောင့်။ ဒုက္ခပဋိပဒါ၊ ကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ ပရိယာဒိန္န နိကန္တိကဿ၊ ကုန်စေအပ်ပြီးသော တပ်ခြင်းရှိသသူ၏။ အပ္ပနာပရိဝါသဒန္ဓတာယ၊ အပ္ပနာဖြစ်ခြင်း နှေးသည်၏

http://www.dhammadownload.com



အဖြစ်ကြောင့်။ ဒန္တာဘိညာ၊ ကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ ဝိပရိယာယေန၊ ထိုမှပြန်သောအားဖြင့်။ သုခပဋိပဒါ၊ ကိုရင်း။ ခိပ္ပါဘိညာ၊ ကိုရင်း။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ ပရိတ္တ ကသိဏုဂ္ဃါဋိမာကာသာရမ္မဏသမာပတ္တိ၊ ပရိတ္တ ဖြစ်သော ကသိုဏ်းကို ခွါကြောင်း ကောင်းကင်လျှင် အာရုံရှိသော သမာပတ်ကို။ အာရဗ္ဘ၊ အာရုံပြု၍။ ပဝတ္တိယာ၊ ဖြစ်ခြင်းကြောင့်။ ပရိတ္တာရမ္မဏတာ၊ ပရိတ္တာရမ္မဏအဖြစ်ကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ ဝိပရိယာယေန၊ ထိုမှပြန်သောအားဖြင့်။ အပ္ပမာဏာ ရမ္မဏတာ၊ အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ သေသံ၊ သည်။ ပုရိမသဒိသမေဝ၊ ရှေးဆိုအပ်ပြီးသည်နှင့် တူသည်သာ လျှင်။ ဟောတိ၊ ဖြစ်၏။

---

## အာကိဉ္စညာယတန

၂၆၇။ ဝိညာဏဉ္စာယတနံ သမတိက္ကမာတိ ဧတ္ထာပိ၊ ဤလည်း။ ဝုတ္တနယေနေဝ၊ ဖြင့်သာလျှင်။ အဿစျာနဿ၊ ဤဝိညာဏဉ္စာယတနစျာန်အား။ ဝိညာဏဉ္စံ၊ အပိုင်းအခြားမရှိသော ပဌမာရုပ္ပဝိညာဉ်ဟူသော။ အဓိဋ္ဌာနဋ္ဌေန၊ တည်ရာဟူသော အနက်ကြောင့်။ အာယတနံ၊ တည်ရာဖြစ်သောအာရုံ သည်။ အတ္ထိ၊ ရှိ၏။ ဣတိ ဣမိနာ ဝစနတ္ထေန၊ ဤဗဟုဗ္ဗီဟိသမာသ် ဝစနတ်ကြောင့်။ ဈာနမ္ပိ၊ ဒုတိယာရုပ္ပဈာန်သည်လည်း။ ဝိညာဏဉ္စာယတနံ၊ မည်၏။ စ၊ တပါး။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသော ကမ္မဓာရည်းသမာသ် ဝစနတ် ကြောင့် သာလျှင်။ အာရမ္မဏမ္ပိ၊ အာရုံသည်လည်း။ ဝိညာဏဉ္စာယတနံ၊ မည်၏။ ဧဝံသို့။ တေစျာနဉ္စ၊ ဤဝိညာဏဉ္စာယတနမည်သော စျာန်ကိုရင်း။ တေ အာရမ္မဏဉ္စ၊ ဤဝိညာဏဉ္စာယတနမည်သော အာရုံကိုရင်း။ ဣတိ၊ ဤ သို့။ ဥဘယမ္ပိ၊ စျာန်နှင့် အာရုံနှစ်ပါးစုံကိုလည်း။ အပ္ပဝတ္တိကရဏေန စ၊ မဖြစ် ခြင်းကို ပြုသဖြင့်ရင်း။ အမနသိကရဏေန စ၊ နှလုံး၌မမူသဖြင့်ရင်း။ သမတိက္က မိတွာဝ၊ လွန်၍သာလျှင်။ ယသ္မာ၊ကြောင့်။ဣဒံအာကိဉ္စညာယတနံ၊ စျာန်ကို။ ဥပသမ္ပဇ္ဇ ၍။ ဝိဟာတဗ္ဗံ၊ နေသင့်၏။ တသ္မာ၊ ကြောင့်။ တေ ဥဘယမ္ပိ၊ ဤ စျာန်နှင့် အာရုံနှစ်ပါးစုံကိုလည်း။ ဧကဇ္ဈံကတွာ၊ ၍။ "ဝိညာဏဉ္စာယတနံ သမတိက္ကမာ"တိ ဣဒံဝစနံ၊ ကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။



55
A

http://www.dhammadownload.com



ပန၊ ထိုမှတပါး။ အာကိဉ္စညာယတန သညာသဟဂတန္တိ ဧတ္ထ ဝစနေ၌။ ဝိနိစ္ဆယော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ အသပဋ္ဌမာ ရူပ္ပဿ၊ ထိုပဌမာရူပ္ပဝိညာဉ်အား။ ကိဉ္စနံ၊ စိုးစဉ်းအနည်းငယ်မျှအကြွင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ကြောင့်။ တံ၊ ထိုပဌမာရူပ္ပဝိညာဉ်သည်။ အကိဉ္စနံ၊ မည်၏။ အဿပဌမာရူပ္ပဿ၊ အား။ အန္တမသော၊ အဆုံး၌ဖြစ်သော အဘို့အားဖြင့်။

အန္တိမသော ဟူအစ်လျက်၊ အန္တမသောဟူသည်၊

ဘင်္ဂမတ္တမ္ပိ၊ ဘင်မျှလည်းဖြစ်သော။ အဝသိဋ္ဌံ၊ အကြွင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ သို့။ ဝုတ္တံ၊ သည်။ ဟောတိ၊ ၏။ အကိဉ္စနဿ၊ စိုးစဉ်းအနည်းငယ်မျှ အကြွင်းမရှိသော ပဌမာရူပ္ပဝိညာဉ်၏။ ဘာဝေါ၊ အဖြစ်တည်း။ အာကိဉ္စညံ၊ စိုးစဉ်းအနည်းငယ် ဘင်မျှ အကြွင်းမရှိသော ပဌမာရူပ္ပဝိညာဉ်၏ အဖြစ်။ တော်၊ ဤအာကိဉ္စညဟူသော အမည်သည်။ အာကာသနဉ္စာယတန ဝိညာဏာပဂမဿ၊ အာကာသာနဉ္စာယတန ဝိညာဉ်၏ ဉာဏ်အား မထင်ကင်းကွာ ပျောက်ကွယ်ခြင်း၏။ အဓိဝစနံ၊ တည်း။

အဘိဓမ္မတ္ထ ဝိဘာဝနီဋီကာဓိပ္ပါယတ္ထ။ ။နဿပဌမာရူပ္ပဿ ကိဉ္စနံ အပ္ပမတ္တကံ အန္တမသော ဘင်္ဂမတ္တမ္ပိ အဝသိဋ္ဌံ အတ္ထီတိ အကိဉ္စနံ၊ တဿ ဘာဝေါ အာကိဉ္စညံ၊ ပဌမာရူပ္ပဝိညာဏာ ဘာဝေါ။ ။၉၆-ဆဋ္ဌ။

ဝိသုဒ္ဓိမဂ်ဋီကာ။ ။ကိဉ္စနန္တိ ကိဉ္စိပိ ထဘာဝဓမ္မဿ အပ္ပါဝသေသတာ နာမ ဘင်္ဂါဝေ သိယာတိအာဟ ဘင်္ဂမတ္တမ္ပိအဝသိဋ္ဌံနတ္ထီတိ။ သတိပိဘင်္ဂမတ္တေပိ တဿ သကိဉ္စနတာ သိယာ။ အကိဉ္စနန္တိစ ဝိညာဏဿ ကိဉ္စိပကာရံ အဂဟေတွာ သဒ္ဒေနသဗ္ဗ ဝိဘာဝနမာဟ။ ။၃၃၈-ပ-ဇီ။

တံ အာကိဉ္စညံ၊ ထို စိုးစဉ်း အနည်းငယ်ဘင်မျှအကြွင်းမရှိသော ပဌမာရူပ္ပ ဝိညာဉ်၏ အဖြစ်တည်းဟူသော နတ္ထိဘာဝပညတ်သည်ပင်။ အဓိဋ္ဌာနဋ္ဌေန၊ တည်ရာဟူသော အနက်ကြောင့်။ ဣမိဿာ သညာယ၊ ဤသညာ၏။ အာယတနံ၊ တည်ရာ အာရုံသည်။ ဟောတိ၊ ဖြစ်၏။ ဣတိဣမိနာ ဝစနတ္ထေန၊ ဤ ကမ္မဓာရည်းသမာသ် ဝစနတ်ကြောင့်။ အာကိဉ္စညာယတနံ၊ မည်၏။ တသ္မိံ အာကိဉ္စညာယတနေ၊ ထို စိုးစဉ်းအနည်းငယ် ဘင်မျှ အကြွင်းမရှိသော ပဌမာ ရူပ္ပ ဝိညာဉ်၏ အဖြစ်တည်းဟူသော နတ္ထိဘာဝပညတ်ဟု ဆိုအပ်သော တည်ရာအာရုံ၌။ ပဝတ္တာယ၊ သော။ သညာယ၊ နှင့်။ သဟ ဂတံ၊ တကွဖြစ်

http://www.dhammadownload.com



သည်တည်း။ ဣတိ တသ္မာ၊ ကြောင့်။ အာကာသာနဉ္စာယတနသညာသဟဂတံ၊ ၏။ ဧတံ၊ ဤ အမည်သည်။ အာကာသေ၊ ၌။ ပဝတ္တိတ ဝိညာဏာပဂမာ ရမ္မဏာသာ၊ ဖြစ်စေအပ်သော ပဌမာရုပ္ပဝိညာဉ်၏ ဉာဏ်အားမထင် ကင်းကွာ ပျောက်ကွယ်ခြင်း ဟူသော နတ္ထိဘာဝပညတ်လျှင် အာရုံရှိသော ဈာနဿ၊ ၏။ အဓိဝစနံ၊ တည်း။ ဣဓ၊ ဤအာကာသာနဉ္စာယတနဈာန်၌။ ဝိညာဏဉ္စာ ယတန သမာပတ္တိယာ၊ ၌။ နိကန္တိ ပရိယာဒါန ဒုက္ခတာယ၊ တပ်ခြင်းကို ကုန် စေခြင်း၏ ဆင်းရဲသည်၏ အဖြစ်ကြောင့်။ ဒုက္ခာပဋိပဒါ၊ မည်၏။ ပရိယာ ဒိန္န နိကန္တိကဿ၊ ကုန်စေအပ်ပြီးသော တပ်ခြင်းရှိသသူ၏။ အပ္ပနာ ပရိဝါသ ဒန္ဓတာယ၊ အပ္ပနာဖြစ်ခြင်း နှေးသည်၏ အဖြစ်ကြောင့်။ ဒန္ဓာဘိညာ၊ မည်၏။ ဝိပရိယာယေန၊ ဖြင့်။ သုခါပဋိပဒါ စ၊ ကိုရင်း။ ခိပ္ပါဘိညာ စ၊ ကိုရင်း။ ဝေဒိတဗ္ဗာ၊ ၏။ ပရိတ္တကသိဏုဂ္ဃါဋိမာကာသေ၊ ပရိတ္တဖြစ်သော ကသိုဏ်း ကို ခွါကြောင်းကောင်းကင်၌။ ပဝတ္တိတ ဝိညာဏာပဂမာရမ္မဏတာယ၊ ဖြစ် စေအပ်သော ပဌမာရုပ္ပဝိညာဉ်၏ ဉာဏ်အားမထင် ကင်းကွာ ပျောက်ကွယ် ခြင်းဟူသော နတ္ထိဘာဝပညတ်လျှင် အာရုံ ရှိသည်၏ အဖြစ်ကြောင့်။ ပရိတ္တာ ရမ္မဏတာ၊ အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ ၏။ ဝိပရိယာယေန၊ ဖြင့်။ အပ္ပမာဏာ ရမ္မဏတာ၊ ကို။ ဝေဒိတဗ္ဗာ၊ ၏။ သေသံ၊ သည်။ ပုရိမသဒိသ မေဝ၊ လျှင်။ ဟောတိ၊ ၏။

---

## နေဝသညာနာသညာယတန

၂၆၇။ အာကိဉ္စညာယတနံ သမတိက္ကမာတိ ဧတ္ထာပိ၊ ၌လည်း။ ပုဗ္ဗေ၊ ၌။ ဝုတ္တ နယေနေဝ၊ ဖြင့်သာလျှင်။ အဿ ဈာနဿ၊ ဤတတိယာရုပ္ပဈာန်အား။ အဓိဋ္ဌာနဋ္ဌေန၊ ကြောင့်။ အာကိဉ္စညံ၊ စိုးစဉ်းအနည်းငယ် ဘင်မျှ အကြွင်း မရှိသော ပဌမာရုပ္ပဝိညာဉ်၏ အဖြစ် တည်းဟူသော နတ္ထိဘာဝပညတ် ဟူသော။ အာယတနံ၊ တည်ရာအာရုံသည်။ အတ္ထိ၊ ရှိ၏။ ဣတိ ဣမိနာ ဝစနတ္ထေန၊ ဤဗဟုဗ္ဗီဟိ သမာသ်ဝစနတ်ကြောင့်။ ဈာနမ္ပိ၊ တတိယာ ရုပ္ပဈာန် သည်လည်း။ အာကိဉ္စညာ ယတနံ၊ မည်၏။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသော ကမ္မဓာရည်းသမာသ် ဝစနတ်ကြောင့်သာလျှင်။ အာရမ္မဏမ္ပိ၊ အာရုံသည်

http://www.dhammadownload.com



လည်း။ အာကိဉ္စညာယတနံ၊ မည်၏။ ဝါ၊သို့။ တေ၊ ဈာန်ဥ္မ၊ ဤအာကိဉ္စညာယတနမည်သော ဈာန်ကိုရင်း။ တေ၊ အာရမ္မဏဥ္မ၊ဤအာကိဉ္စညာယတန မည်သော အာရုံကိုရင်း။ ဣတိ၊ သို့။ ဥဘယမ္ပိ၊ ဈာန်နှင့်အာရုံ နှစ်ပါးစုံကိုလည်း။ အပ္ပဝတ္တိကရဏေနစ၊ မဖြစ်ခြင်းကိုပြုသဖြင့်ရင်း။ အမနသိကရဏေနစ၊ နှလုံးမသွင်းသဖြင့်ရင်း။ သမတိက္ကမိတွာဝ၊ လွန်၍သာလျှင်။ ယသ္မာ၊ ကြောင့်။ ဣဒံ နေဝသညာ နာသညာ ယတနံ၊ကို။ ဥပသမ္ပဇ္ဇ၊ ၍။ ဝိဟာတဗ္ဗံ၊ နေသင့်၏။ တသ္မာ၊ကြောင့်။ တေ ဥဘယမ္ပိ၊ကိုလည်း။ ကေဇ္ဈိကတွာ၊၍။ "အာကိဉ္စညာယတနံ သမတိက္ကမာ" တိ ဣဒံ ဝစနံ၊ကို။ ဝုတ္တံ၊၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊၏။

ပန၊ ထိုမှတပါး။ နေဝသညာ နာသညာယတန သညာ သဟဂတန္တိ ဧတ္ထ၊၌။ ဝိနိစ္ဆယော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ ယာယ-ယာဒိသာယ၊ အကြင်သို့ သဘောရှိသော။ ဝါ၊ ပဋုသညာ ကိစ္စ၏ မရှိခြင်းကြောင့် သညာဟူ၍လည်း မဆိုစလောက် သညာသဘောကိုမလွန်ခြင်းကြောင့်သညာမဟုတ်ဟူ၍လည်း မဆိုသင့်သော။ သညာယ၊ အလွန်တရာ သိမ်မွေ့စွာသော သညာ၏။ ဘာဝတော-အတ္တိတာဝေန၊ ရှိသည်၏ အဖြစ်ကြောင့်။

ဝိသုဒ္ဓိမဂ်ဋီကာအဘိဓမ္မပိဋကတ္ထ။ ။ယာယ သညာယ ဘာဝတောတိ ယာဒိသာယ သညာယ အတ္ထိဘာဝေန၊ ယာ ဟိ သာ ပဋုသညာကိစ္စသာ အဘာဝတော သညာတိ ပိ နဝတ္တဗ္ဗာ။ သညာသဘာဝါ နာတိဝတ္တနတော အသညာတိပိ နဝတ္တဗ္ဗာ။ တဿာ ဝိဇ္ဇမာနတ္တာ တိ အတ္ထော။ ။၃၃၈-ပ-၆။

တံဈာနံ၊ ထိုစတုတ္ထာ ရုပ္ပဈာန်ကို "နေဝသညာ နာသညာယတန" န္တိ၊ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ စ၊ ဆက်။ ယဿ၊ အကြင် အခြင်းအရာဖြင့်။ ပဋိပန္နဿ၊ ကျင့်သော ယောဂါဝစရအား။၏။ သာ သညာ၊ ထိုအလွန်တရာ သိမ်မွေ့စွာသော သညာသည်။ ဟောတိ၊ ဖြစ်၏။ တံ သညာ ပဋိပဒံ၊ ထိုအလွန်တရာ သိမ်မွေ့စွာသော သညာ,ထိုသညာကို ရကြောင်းအကျင့် နှစ်ပါးစုံကို။ တာဝ၊ လက်မှုန်။ ဒဿေတုံ၊ငှာ။

ဝိသုဒ္ဓိမဂ်ဋီကာအဘိဓမ္မပိဋကတ္ထ။ ။တံ တာဝ ဒဿေတုန္တိ ဧတ္ထ တန္တိ တံ သညာ ပဋိပဒံ၊ ယထာဝုတ္တသညံ တဿာ စ အဓိဂမူပါယန္တိ အတ္ထော။ ။၃၃၈-ပ-၆။

ဝိဘင်္ဂေ၌။ "နေဝသညီ နာသညီ" တိပဒံ။ကို။ ဥဒ္ဒရိတွာ၍။ "တညေဝ။ပ။ တေန ဝုစ္စတိ နေဝသညီ နာသညီ" တိ၊ ဟူ၍။ ဝုတ္တံ၊၏။

http://www.dhammadownload.com



**ဝိသုဒ္ဓိမဂ္ဂဋီကာယအဓဏေါဓိပ္ပါယတ္ထ။** ။ဤ ဝိဘင်း ပါဠိ၌ သညာကို အဘယ် ဖြင့် ပြသနည်း။ သညာကို ပြသောအရာ ရှာမတွေ့။ ကြောင့်။

နေဝသညီ နာသညီတိ ဟိ ပုဂ္ဂလာဓိဋ္ဌာနေန ဓမ္မံ ဥဒ္ဒိရန္တေန သညာဝန္တ မုခေန သညာ ဥဒ္ဒိဋ္ဌာ။ ။၃၃၉-ပ-ဇံ။

ပုဂ္ဂလာဓိဋ္ဌာန်ဖြင့် ဓမ္မကို ထုတ်သည်ဆိုသော် အဘယ်မှုသနည်း။ ကြောင့်။

**ဝိသုဒ္ဓိမဂ်ဋီကာ။** ။အညထာ နေဝသညာ နာသညာယတနန္တိ ဥဒ္ဒိရိတဗ္ဗံ သိယာ။ ကြွင်းသော ပါဠိဖြင့် ပဋိပဒါကို ပြသည်ကား အလွန်ရှည်သည်။ ကြောင့်။

ဝိသုဒ္ဓိမဂ်ဋီကာ။ ။သာ ပန ပဋိပဒါ ယတ္ထ ပဝတ္တတိ၊ ယထာ စ ပဝတ္တတိ၊ တံ ဒဿေတုံ အာကိဉ္စညာယတနံ သန္တတော မနသိကရောတိ သင်္ခါရာဝသေသ သမာပတ္တိံ ဘာဝေတီတိ ဝုတ္တံ။ ။၃၃၉-ပ-ဇံ။

ပဝတ္တိဋ္ဌာန ပဝတ္တိအာကာရကို ပြခြင်းငှာ ဟူလိုသော်....
အဘယ်ကား ပဝတ္တိဋ္ဌာန၊ အဘယ်ကား ပဝတ္တိအာကာရ-နည်း။ ကြောင့်။

ဝိသုဒ္ဓိမဂ်ဋီကာ။ ။အာကိဉ္စညာယတနံ ဟိ စတုတ္ထာရုပ္ပဘာဝနာယ ပဝတ္တိဋ္ဌာနံ၊ သင်္ခါရာဝသေသသမာပတ္တိဘာဝနာ ပဝတ္တိ အာကာရောတိ။ ။၃၃၉-ပ-ဇံ။

တတ္ထ၊ ထိုပါဠိတော်၌။ သန္တတောမနသိကရောတီတိ၊ ကား။ "အယံ သမာပတ္တိ၊ သည်။ သန္တာ ဝတ၊ ငြိမ်သက်ပေစွ။

**အနုသန္ဓိ။** ။အဘယ် သို့သော သမာပတ္တိနည်း။ "ယတြဟိ"စသည်ကို မိန့်သော်-

ယတြ-ယာ သမာပတ္တိ၊ သည်။ နတ္ထိ ဘာဝဥ္စ၊ ပဋ္ဌမာရုပ္ပဝိညာဉ်၏ ဆိတ်သည်၏ အဖြစ် နတ္ထိဘော ပညတ်ဟူသော သို့စင်အလွန်သိမ်မွေ့စွာကို လျက်လည်း။ အာရမ္မဏံ ကရိတွာ၊ ၍။ ဌဿတိ နာမ၊ အံ့စရာတည်နိုင်ပေသည် တကား။

**သဒ္ဒတ္ထာဒိ။** ။ယတြ-ကား ပစ္စတ္တတ္ထ၊ ဟိ-ကား ပဒါလင်္ကာရ၊ နာမကား အစ္ဆရိယတ္ထ။

ဣတိ ဧဝံ၊ သို့။ သန္တာရမ္မဏတာယ၊ ငြိမ်သက်သော အာရုံရှိသည်၏ အဖြစ် ကြောင့်။ နံ အာကိဉ္စညာယတနံ၊ကို။ "သန္တာ"တိ၊ ငြိမ်သက်ပေစွဟု။ မနသိ ကရောတိ၊ ၏။

၁။ ယတြဟိ နာမာတိ ယာနာမ-ဟု ဝိသုဒ္ဓိမဂ်ဋီကာ ၃၃၉-ပ-ဇံ-၌ ဆိုသည်ကို ရည်သည်။

http://www.dhammadownload.com



**အဓိပ္ပါယ်ကား။** ။သန္တာရမ္မဏတာယ၊ န ဈာန သန္တတာယ၊ ဈာန်၏ ငြိမ်သက်သည်၏ အဖြစ်ကြောင့်ကား မဟုတ်ဟုလွန်။ အထယ်ကြောင့် ဤသို့ လွန်သင့်အံ့နည်းဟူမူ။ န ဟိ တတိယာရုပ္ပသမာပတ္တိ စတုတ္ထာရုပ္ပဇ္ဈာနတော သန္တာ။ ။၃၃၉ ပ-ဇံ-ဝိဋီ။

**စောဒကဆရာသည်။** ။အကြင်ဈာန်ကို သန္တအားဖြင့် နှလုံးသွင်းအံ့၊ ထို ဈာန်၌ အာဒီနဝကိုမြင်ခြင်း မဖြစ်ကလည်း သမတိက္ကမ သည်ပင် မဖြစ်ရာဟု ပြလို၍ "သန္တတော စေ။ ပ။ ဟောတိ"ဟူသည်။ ပရိဟာရ်ဆရာကား "အနာဝဇ္ဇိတုကာမတာယ"ဟု ပရိဟာရ်မူသည်။ ထိုပါဌ်ဖြင့် အာဒီနဝ ဒဿနသည် ရှိသည် သာဟု ပြ၏။

သန္တတော၊ အားဖြင့်။ စေ မနသိကရောတိ၊ အကယ်၍ နှလုံးမူအံ့။ ကထံ၊ ကြောင့်။ သမတိက္ကမော၊ သည်။ ဟောတိ၊ နည်း။ ဣတိ အယံ၊ လျှင်။ ပုစ္ဆာ၊ တည်း။ အနာဝဇ္ဇိတုကာမတာယ၊ နှလုံးသွင်းခြင်းငှာ အလိုမရှိသည်၏ အဖြစ်ကြောင့်။ သမတိက္ကမော၊ သည်။ ဟောတိ၊ ၏။

ကျမ်းတက်စသည်ကား....သောတိတိ အာဒိနာ ဝုတ္တမေဝတ္ထံ ပါကဋတရံကရောတိ။ ။၃၃၉-ဝ-ဇံ-ဝိဋီ။

ထိုသောတိ စသော စကား၌ အကြင် ဈာန်၌ အတိရတိ-အလွန်မွေ့လျော်ခြင်းသည်ဖြစ်၏၊ ထိုဈာန်၌ အာဝဇ္ဇန သမာပဇ္ဇန စသော ပဋိပတ်သည် ဖြစ်ကောင်း၏။ ထို ပဋိပတ္တိသည်ကား ထိုယောဂီအား တတိယာရုပ္ပ၌ အချင်းခဝ်သိမ်း မရှိခဲ့သက်သက်မူကား ထို တတိယာရုပ္ပမှတပါး အာရုံ မရှိကာမျှတည်းဟု ပြလို၍ "ကိဥ္စာပိတိ အာဒိမာဟ"စသည်ကို မိန့်သတည်း။

ဟိ-တံပါကဋံ ကရောမိ၊ အံ့။ သော ယောဂီ၊ သည်။ နံ့အာကိဉ္စညာယတနံ၊ ကို။ သန္တတော၊ ဖြင့်။ ကိဉ္စာပိ မနသိကရောတိ၊ အကယ်၍ နှလုံးထား၏ရှင့်။ အထခေါ၊ ထိုသို့သော်လည်း။ အဿ၊ ထိုယောဂီအား။ "အဟံ၊ သည်။ တော်ဈာန်၊ ကို။ အာဝဇ္ဇိဿာမိ၊ နှလုံး သွင်းအံ့။ သမာပဇ္ဇိဿာမိ၊ ဝင်စားအံ့။ အဓိဋ္ဌဟိဿာမိ၊ ဆောက်တည်အံ့။ ဝုဋ္ဌဟိဿာမိ၊ ထအံ့။ ပစ္စဝေက္ခိဿာမိ၊ အံ့"။ ဣတိ၊ သို့။ သေ ဧသော အာဘောဂေါ၊ ဤသို့ နှလုံးသွင်းခြင်းသည်။ သေ-ဧသော သမန္နာဟာရော၊ ဤသို့ ကောင်းစွာ အဖန်ဖန် နှလုံးသို့ဆောင်ခြင်းသည်။ သေ-ဧသော မနသိကာရော၊ သည်။ န ဟောတိ၊ မဖြစ်။ ကသ္မာ၊

---

ဝ။ ဤစကားကိုကား ဝိသုဒ္ဓိမဂ်ဋီကာ ပ-ဇံ ၃၃၉-နှာကို ကြည့်၍ တက်သည်၊ ဆရာတော်ကြီး၏ တက်ရင်းစကားကို ထိုထိုပါဌ်ဟ ရှိမှာကြည့်ရှုလေ။

http://www.dhammadownload.com



ကား။ အာကိဉ္စညာယတနတော၊ ဈာန်ထက်။ နေဝသညာ နာသညာယတနသာ၊ ဈာန်၏။ သန္တတရ ပဏီတတရ တာယ၊ အလွန်ငြိမ်သက် အလွန်မွန်မြတ်သည်၏ အဖြစ်ကြောင့်တည်း။

ထိ တံပါကဋ္ဌံ ကရောမိ၊ အံ့။ ရာဇာ၊ သည်။ မဟာစ္စာရာဇာနုဘာဝေန၊ မြတ်သော မင်းအာနုဘော်ဖြင့်။ "မဟန္တ မေဝ မဟာစ္စံ၊ ပြု"။ ဟတ္ထိက္ခန္ဓဝရဂတော၊ မြတ်သော ဆင်ကျောက်ကုန်းထက် တည်လျက်။ နဂရ ဝီထိယံ၊ ၌။ ဝိစရန္တော၊ မြို့လည်တော်မူလသော်။ ဒန္တကာရာဒယော၊ ပန်းပွတ်သမားအစ ရှိကုန်သော။ သိပ္ပိကေ၊ အတတ်သည် တို့ကို။ ကော ဝတ္ထံ၊ ကို။ ဒဋ္ဌံ၊ မြစ္စာ။ နိဝါသေတွာ၊ ဝတ်၍။ ဧကေန၊ တထည်သော အဝတ်ဖြင့်။ သီသံ၊ ကို။ ဝေဌေတွာ၊ ရစ်၍။ ဒန္တစုဏ္ဏာဒီဟိ၊ ဆင်စွယ်မှုန့် အစရှိသည်တို့ဖြင့်။ သမော ကိဏ္ဏဂတ္တော၊ ထက်ဝန်းကျင် ပြွမ်းသော ကိုယ်ရှိကုန်လျက်။ အနေကာနိ၊ ကုန်သော။ ဒန္တဝိကတိအာဒီနိ၊ဆင်စွယ်ကြုတ် အထူး ပွတ်လုပ်ခြင်း အစရှိကုန်သော။ သိပ္ပါနိ၊ အတတ်တို့ကို။ (ထည့်)။ ကရောန္တေ၊ ပြုသည်တို့ကို။ ဒိသွာ၊ ၍။ "ရေ၊ အို အမတ်တို့။ အာစရိယာ၊ တို့သည်။ အဟော ဆေကာ ဝတ၊ သြော်....တတ်ပေကုန်စွ တကား။ ဤဒိသာနိ၊ ဤသို့ သဘောရှိကုန်သော။ သိပ္ပါနိပိ၊ သိမ်မွေ့သော အတတ်တို့ကို လျက်လည်း။ ကရိဿန္တိနာမ၊ အံ့စရာပြုနိုင်ပေကုန်၏"။ ဣတိ ဧဝံ၊ သို့။ တေသံ၊ ထိုအတတ်သည်တို့၏။ ဆေကတာယ၊ လိမ္မာသည်၏ အဖြစ်၌။ တုဿတိ၊ နှစ်သက်ကား နှစ်သက်၏။ စ၊ ထိုသို့ပင် နှစ်သက်သော်လည်း။ "အဟံ၊ သည်။ ရဇ္ဇံ၊ ကို။ ပဟာယ၊ ပယ်၍။ ဝေဠုပေါ၊ ဤသို့သဘောရှိသော။ သိပ္ပိကော၊ အတတ်သည်သည်။ ဘဝေယျံ၊ ဖြစ်ရဘိမူကား။ အဟော ဝတ၊ သြော် ကောင်းလေစွ"။ အသာ၊ ထိုမင်း၏။ ဣတိ ဧဝံ စိတ္တံ၊ သည်။ န ဟောတိ၊ မဖြစ်။ တံ၊ ထိုသို့မဖြစ်ခြင်းသည်။ ကိဿ ဟေတု၊ အဘယ်အကြောင်းကြောင့် နည်းဟူမူကား။ရဇ္ဇသိရိယာ၊ မင်းအဖြစ်ဟူသော အသရေ၏။ မဟာ နိသံသ တာယ၊ များသော အာနိသင် ရှိသည်၏ အဖြစ်ကြောင့်တည်း။ သောရာဇာ၊ ထိုမင်းသည်။ တေသံ သိပ္ပီနံ၊ ထို အတတ်သည်တို့၏။ ဇီဝိကံ၊ အသက်မွေးခြင်းကို။ တိဏာယပိ၊ မြက်မျှလည်း။ အမညမာနော၊ မမှတ်သည်ဖြစ်၍။ (ထည့်)။ သိပ္ပိကေ၊ အတတ်သည်တို့ကို။ သမတိက္ကမိတွာ ဝ၊ လွန်၍သာလျှင်။ ဂစ္ဆတိ ယထာ၊ သွား၏သို့။ ဧဝ မေဝ၊

http://www.dhammadownload.com



ဤအတူလျှင်။ သေ ယေသံ၊ ဤ ယောဂါဝစရသည်။ တံ သမာပတ္တိံ၊ ထို အာကိဉ္စညာယတန သမာပတ်ကို။ သန္တတော၊ဖြင့်။ ကိဉ္စာပိ မနသိကရောတိ၊ ရှင့်။ အထခေါ၊ ထိုသို့သော်လည်း။ အဿ၊ ထိုယောဂါဝစရအား။ "အဟံ၊ သည်။ တံ သမာပတ္တိံ၊ကို။ အာဝဇ္ဇိဿာမိ၊ အံ့။ သမာပဇ္ဇိဿာမိ၊အံ့။ အဓိဋ္ဌ ဟိဿာမိ၊အံ့။ ဝုဋ္ဌဟိဿာမိ၊အံ့။ ပစ္စဝေက္ခိဿာမိ၊အံ့"။ ဣတိ၊ ဤသို့။ သေ-ယေသော အာဘောဂေါ၊သည်။ သေ-ယေသော သမန္နာဟာရော၊ သည်။ သေ-ယေသော မနသိကာရော၊ သည်။ နေဝဟောတိ၊ မဖြစ်သည်သာလျှင်ကတည်း။ သော၊ထိုယောဂါဝစရသည်။ တံ တတိယာရုပ္ပသမာပတ္တိံ၊ ကို။ပုဗ္ဗေ၊ ရှေး၌။ ဝုတ္တ နယေန၊ 'သန္တာဝတာယံ သမာပတ္တိ' ဤသို့စသဖြင့် ဆိုအပ်ပြီးသော နည်းဖြင့်။ (ထည့်)။ သန္တတော-သန္တာ ဣတိ၊ ငြိမ်သက်စွ-ဟူ၍။ မနသိက ရောန္တော၊ ၍။ ပရမသုခုမံ-ဥက္ကံသဂတသုခုမဘာဝံ၊ အလွန်အကဲသို့ ရောက် သော သိမ်မွေ့သည်၏ အဖြစ်သို့။ ပတ္တံ၊ ရောက်သော။

ဝိနိစ္ဆယဋ္ဌ။ ။အပ္ပနာပ္ပတ္တံ ရှိသည်ကား ဋီကာနှင့်မညီ။ ရှိတိုင်းယောဇနာမူ ပရမသုခုမံ၊ အလွန်အကဲ သိမ်မွေ့စွာသော။ အပ္ပနာပ္ပတ္တံ၊ အပ္ပနာအဖြစ်သို့ ရောက်သော။ ပေး။

တံ သညံ၊ သို့။ ပါပုဏာတိ၊၏။

ဓာတ္ထနာ။ ။စျာန်သို့ရောက်သည် မဟုတ်သော။ သညာသီသေ န ဟိ ဒေသနာ။ ဝိသုဒ္ဓိမဂ်ဋီကာ။ ။အာဿယ်သို့သော သညာနည်း၊

ယာယ သညာယ၊ဖြင့်။ ပုဂ္ဂလော၊သည်၊ (ထည့်)။ နေဝသညီ နာသညီနာမ၊ သည်။ ဟောတိ၊ ဖြစ်၏။ သင်္ခါရာဝသေသ သမာပတ္တိံ၊ ရှုန်ရင်းသော သင်္ခါရ တို့မှ ကြွင်းကျန်သော အလွန်သိမ်မွေ့သော သင်္ခါရမျှဖြစ်သော သမာပတ်ကို။ ဘာဝေတီတိ၊ဟူ၍။ ဝုစ္စတိ၊၏။ တံ တာဒိသံ၊သော။ သညံ၊သို့။ ပါပုဏာတိ၊၏။

ဝိသုဒ္ဓိမဂ်ဋီကာ။ ။သင်္ခါရာဝသေသ သမာပတ္တိန္တိ ဥက္ကံသဂတ သုခုမတာယ သင်္ခါရာနံ သေသတာဗတ္တံ သမာပတ္တိံ။ ။၃၃၉-ပ-၆။

ရှင်းအနက်။ ။ဥက္ကံသဂတသုခုမ တာယ၊ အလွန် အကဲသို့ ရောက်သော သိမ်မွေ့ သော သင်္ခါရ၏ အဖြစ်ဖြင့်။ သင်္ခါရာနံ၊ရှုန်ရင်းသော သင်္ခါရတို့မှ။ သေသတာ မတ္တံ၊ အကြွင်းအကျန် သိမ်မွေ့သော သင်္ခါရမျှ ဖြစ်သော၊ သမာပတ္တိံ၊ကို၊ပေး။ တာအနက်မရ။

---

၀။ ပရမသုခုမန္တိ ဥက္ကံသဂတဘာဝံ-ဝိသုဒ္ဓိမဂ်ဋီကာ။

http://www.dhammadownload.com



**မဏိသာရမဉ္ဇူသာ။** ။သင်္ခါရာဝသေသသုခုမဘာဝေန ဝိဇ္ဇမာနတ္တာတိ ဩဠာရိကသင်္ခါရေဟိ အဝသေသသုခုမဘာဝေန ဝိဇ္ဇမာနတ္တာတိ အတ္ထော။ ။ ၂၀၉-ပ။

သင်္ခါရာဝသေသ သမာပတ္တိန္တိ၊ သည်ကား။ အစ္စန္တ သုခုမ ဘာဝ ပ္ပတ္တ သင်္ခါရံ၊ အပိုင်းအခြားကိုလွန်၍ သိမ်မွေ့သည်၏ အဖြစ်သို့ ရောက်လျက် မရှိပြောစလောက် သင်္ခါရမျှဖြစ်သော။ စတုတ္ထာ ရူပ္ပ သမာပတ္တိံ ၊ကို။

**ဝိသုဒ္ဓိမဂ်ဋီကာ။** ။အန္တမတိစ္စ အစ္စန္တံ၊ တတော သုခုမတမံ နာမ နတ္ထိ။ တထာ ပရမုက္ကံသဂတသုခုမသင်္ခါရန္တိ အတ္ထော။ ။၃၃၉-ပ-ဧ။

**အဘိဓါန်ကား။** ။အကြင် ပရမုက္ကံသဂတသုခုမထက် သုခုမတမ မည်သည်မရှိ။ ထိုသို့သော ပရမုက္ကံသ ဂတ သုခုမ သင်္ခါရဟူလိုသော်....

သို့သော် အဘယ်ကြောင့် သင်္ခါရာဝသေသ သမာပတ္တိ ဟူသနည်း။

**ဝိသုဒ္ဓိမဂ်ဋီကာ။** ။ပဋ္ဌမဇ္ဈာနူပစာရတော ပဋ္ဌာယ ဟိ တံ ဂန္တဗ္ဗယာ ဝိယ ပဝတ္တမာနာယ ဘာဝနာယ အနုက္ကမေန သင်္ခါရာ တတ္ထ အန္တိမကောဋိံ ပါပိတာ။ တတော ပရံ ခိရောဓော ဝေ၊ န သင်္ခါရပဝတ္တိတိ။ တေန ဝုတ္တံ သင်္ခါရာဝသေသ သမာပတ္တိန္တိ။ ။၃၃၉-ပ-၁။

ဘူဒါနိ၊ ဌ။ ယံ တံ စတုက္ကန္ဓံ၊ ကို။ ဓေ၀ံ၊ ဤသို့ ကျင့်စဉ်ဖြင့်။ အဓိဂတာယ၊ ရအပ်ပြီးသော။ သညာယ၊ ၏။ ဝသေန၊ ဖြင့်။ "နေဝ။ ပ။န္တိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ တံ စတုက္ကန္ဓံ၊ ကို။ အတ္တတော၊ ကုသိုလ်စသော ဝိသေသဖြင့် အထူး ပြုအပ်သော ပရမတ္ထ အားဖြင့်။ ဒဿေတုံ၊ ငှာ။ "နေဝသညာ။ပ။ဓမ္မာ"တိ၊ ဟူ၍။ ဝုတ္တံ၊ ၏၊ နေဝသညာ နာသညာယတနံ၊ ကို။ သမာပန္နဿဝါ၊ ဝင်စားသသူ၏ ၎င်း။ ဥပပန္နဿဝါ၊ ထိုဘုံ၌ ဖြစ်သသူ၏၎င်း။ ဒိဋ္ဌဓမ္မသုခဝိဟာရိဿဝါ၊ မျက်မှောက်ချမ်းသာ ခံစား၍နေသသူ၏၎င်း။ စိတ္တစေတသိကာ၊ ကုန်သော။ ဓမ္မာ၊ တို့တည်း။

**အနုသန္ဓေကျမ်းရိုးတက်။** ။ထိုသို့ သုံးတွေဟောမှုလည်း ဝိသေသအားဖြင့် အဓိပညာသိက္ခာ၏ အဓိဋ္ဌာန်ဖြစ်သော ခန္ဓာကို ဤ၌လိုရကား၊ "ဣမသေမာပန္နဿ" စသည်ကိုမိန့်။

56 တေသု၊ ထိုသုံးဦးတို့တွင်။ ဣဓ-စတုတ္ထာရူပ္ပါဓိကာရေ၊ ၌။ သမာပန္နဿ၊ ၏။ စိတ္တစေတသိကာ၊ ကုန်သော။ ဓမ္မာ၊ တို့ကို။ အဓိပ္ပေတာ၊ ကုန်၏။-

A

http://www.dhammadownload.com



တ္တေ-နေဝသညာ နာသညာယတနန္တိ ဝစနေ၊ ၌။ ဝစနတ္တောပနကိုကား။ ဇေ၊ သို့။ ဝေဒိတဗ္ဗော၊ ၏။ ပေဋ္ဌိမစျာနေသုဝိယ၊(ထည့်) အောက်ဖြစ်သော စျာန်တို့၌ကဲ့သို့။ ဩဠာရိကာယ၊ ရုန့်ရင်းသော။ သညာယ၊ ၏။ အဘာဝ တော-အဝိဇ္ဇမာနတ္တာ၊ မရှိသည်၏ အဖြစ်ကြောင့်ရင်း။ (နေဝဿအတ္ထိနှင့် စပ်)။ သုခုမာယ၊ သော။ သညာယ၊ ၏။ ဘာဝတော-အတ္ထိတာယစ၊ ရှိသည် ၏ အဖြစ်ကြောင့်ရင်း။(နာသညံနှင့်စပ်)။သသမ္ပယုတ္တ မ္မေဿ၊သော။ အဿ စျာနဿ၊အား။ သညာ၊ရုန့်ရင်းသော သညာသည်။ နေဝအတ္ထိ၊မရှိ။ တံစျာနံ၊ သည်။(ထည့်)။ အသညဥ္စ၊ သိမ်မွေ့သောသညာမရှိသည်လည်း။ န၊ မဟုတ်။

မှတ်ချက်။ ။စကြေ။ ဝိကြေလည်း ဟူသင့်၏။ နာသညန္တိ လိုသည်။ နာသညာ မလို။ “နာပိ အသညံ့ အဝိဇ္ဇမာန သညန္တိ”။ ဋီကာကျော်။

ဣတိတသ္မာ၊ ထိုကြောင့်။ တံစျာနံ၊ သည်။ နေဝသညာ နာသညံ၊ မည်၏။

ပုဒ်ဖြိုးပုံ။ ။အ,လယ် ညာ၏ အကို ဒီဃပြု။တနည်း။န,ကို အန်ပြု၊ အန သညဥ္စာတိ အသညံ။ ။ဝိသုဒ္ဓိမဂ်ဋီကာ။ ။၃၄၀-ဝ-၈။

တံစျာနံ၊ သည်။ နေဝသညာ နာသညဥ္စ၊ ရုန့်ရင်းသော သညာမရှိ သိမ်မွေ့ သော သညာမရှိသည် မဟုတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ မနာယတန ဓမ္မာယတန ပရိယာပန္နတ္တာ၊ ၌ အကျုံးဝင်သည်၏ အဖြစ်ကြောင့်။ အာယ တနဥ္စ၊ မည်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိကသ္မာ၊ ကြောင့်။ နေဝ။ပ။ နံ၊ မည်၏။

မဏိသာရမဉ္ဇူသာဝိပ္ပါယတ္ထ။ ။နေဝသာတိတ္တေ နကာရတ္တော နေဝသဒ္ဒေါ အဘာဝတ္တော၊ နာသညန္တိတ္တေ နကာရော အညတ္တော၊ အကာရော အဘာ ဝတ္တော၀။ ။၂၀၀-ဝ။

ဝစနတ္ထာဒီ။ ။နေဝသညာ နာသညာတိ နေဝသညာတိ နေဝသညာ၊ နသညာ အသညာ၊ န အသညာတိ နာသညာ၊ နေဝသညာစ သာနာသညာစာတိ နေဝ သညာ နာသညာတိ အတ္ထံ ဒဿေန္တော အာဟ အထဝါတိ အာဒိ။ ။မဏိ သာရမဉ္ဇူ-ဝ-၂၀၀။

အထဝါ၊ ကား။ ဧတ္တကစတုက္ကာရုပ္ပေ၊ ၌။ ယာအယံ သညာ၊သည်။ အတ္ထိ၊ ရှိ၏။ တာ၊ ထိုစတုတ္ထာရုပ္ပ၌ရှိသော သညာသည်။

http://www.dhammadownload.com



ပါဠိ။ ။ကသ္မာ သာ နေဝသညာ ဟောတီတိ အာဟ ပဋုသညာကိစ္စ ကာတုံ အသမတ္ထတာယာတိ။

ကသ္မာ ပန အသညာတိ အာဟ သင်္ခါရာဝသေသသုခုမဘာဝေန ဝိဇ္ဇမာနတ္တာတိ။

ပဋုသညာကိစ္စံ၊ ဝိပဿနာ၏ အာရုံအဖြစ်သို့ရောက်၍ ငြီးငွေ့ခြင်းကို ဖြစ်စေခြင်းဟု ဆိုအပ်သော ထင်ရှားသော သညာကိစ္စကို။ ကာတုံ၊ငှာ။ အသမတ္ထတာယ၊ ကြောင့်။ နေဝသညာ၊ သညာမမည်။ ဝါ၊ သညာမဟူစလောက်။ သင်္ခါရာဝသေသ သုခုမဘာဝေန၊ ရှုန့်ရင်းသော သင်္ခါရတို့မှ ကြွင်းကျန်သော သိမ်မွေ့သော သင်္ခါရ၏ အဖြစ်ဖြင့်။ ဝိဇ္ဇမာနတ္တာ၊ ကြောင့်။ အသညာ၊ သိမ်မွေ့သော သညာမဟုတ်သည်။ န၊ မဟုတ်။ ဣတိတသ္မာ၊ ထို့ကြောင့်။ နေဝသညာ နာသညာ မည်၏။ သာ ဓမ္မဇာတိ၊ သည်။ နေဝသညာ နာသညာ စ၊ ရှုန့်ရင်းသော သညာ မဟုတ်, သိမ်မွေ့သော သညာမဟုတ်သည် မဟုတ်သည်လည်း။ ဟောတိ၊ ၏။ သေသဓမ္မာနံ၊ ဖဿ,စသော ကြွင်းသော တရားတို့၏။ အဓိဋ္ဌာနဋ္ဌေန၊ နိဿယစသောပစ္စည်း၏ အဖြစ်ဖြင့် တည်ရာဟူသော အနက်ကြောင့်။ အာယတနဉ္စ၊ သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ကြောင့်။ နေဝသညာ နာသညာယတနံ၊ မည်၏။

အဓိပ္ပါယ်ကား....ဤဒုတိယဝိကပ်၌ နေဝ-န အ-တို့သည် အညတ္ထ နှင်နှင်တည်း။ ထို့ကြောင့် နေဝသညာ နာသညာ ဟူသောနှစ်ပုဒ်ဖြင့် သညာ၏ သဘောကိုသာ ပြအပ်သည်မှတ်။

အနုသန္ဓေကား....ဤ ဈာန်၌ အကြွင် အကြောင်းဖြင့် သညာသည်သာ ဤသို့ သဘောရှိသည်ဖြစ်၏။ ထို အကြောင်း အဘယ်နည်းဟု။ ကြောင့်။ "န ကေဝလညွှတ္ထ" စသည်ကို မိန့်သော်....

ယင်းသို့သော် နေဝ ဝေဒနာ, စသည်မည်လျက် သညာအားဖြင့်သာ ဈာန် ကိုအဘယ့်ကြောင့် မှတ်သနည်းဟု။ ကြောင့်။ "သညာသီသေန ။ပ။ ကတာ" ဟူသည်။ "နာနုတ္တကာယ နာနုတ္တသညီနော" စသည်တို့၌ကဲ့သို့တည်း။

စ၊ ဆက်၍ ဆိုအံ့။ ဧတ္ထ၊ ဤစတုတ္ထာရုပ္ပဈာန်၌။ ကေဝလံ၊ သက်သက်ကား။ သညာ ဧဝ၊ သာလျှင်။ ဧဒိသီ၊ ဤသို့ သဘောရှိသည်။ န၊ မဟုတ်သေး။ အထခေါ-သစ္စတော၊ အဟုတ် အမှန်အားဖြင့်ကား။ဝေဒနာပိ၊ သည်လည်း။ နေဝ ဝေဒနာ နာဝေဒနာ၊ မည်၏။ စိတ္တမ္ပိ၊ သည်လည်း။ နေဝစိတ္တံ နာစိတ္တံ၊

http://www.dhammadownload.com



မည်၏။ ဖသောပိ၊ သည်လည်း။ နေဝ ဖသော နာဖသော၊မည်၏။ သေသ သမ္ပယုတ္တ ဓမ္မေသု၊ ယခင် လေးပါးမှ ကြွင်းသော သမ္ပယုတ်တရားတို့၌။ သေ နယော၊ ကို။ နေတဗ္ဗာ၊ ၏။ ပန၊ ထိုသို့သော်လည်း။ သညာ သီသေန၊ ဖြင့်။ အယံ ဒေသနာ၊ ကို။ ကတာ၊ ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ စ၊ ဆက်၍ဆိုအံ့။ သေ အတ္ထော၊ တစုံတခုသော ဝိသေသကိုစွဲ၍ သဘော အားဖြင့် ရှိ၏ဟူ၍ ဆိုအပ်သော ဓမ္မ၏ပင် တစုံတခုသော ဝိသေသကိုစွဲပြန်၍ မရှိဟူ၍ ဆိုသင့်သည်၏ အဖြစ်ဟူသော ဤအနက်ကို။ ပတ္တ မက္ခန တေလပ္ပ ဘုတီဟိ၊ သပိတ်သုတ်သော ဆီ အစရှိကုန်သော။ ဥပမာဟိ စ၊ တို့ဖြင့်လည်း။ ဝိဘာဝေတဗ္ဗော၊ ထင်ရှား ပြအပ်၏။ သာမဏေရော၊သည်။ တေလေန၊ဖြင့်။ ပတ္တံ၊ ကို။ မက္ခေတွာ၊ ၍။ ဌပေသိ ကိရ၊ ထားသတတ်။ တံ၊ ထိုသာမဏေကို။ ယာဂု ပါနကာလေ၌။ ထေရော၊သည်။ "ပတ္တံ၊ကို။ အာဟရာတိ၊ ဆောင်ခဲ့လော့ဟု"။ အာဟ၊၏။ သော၊ ထိုသာမဏေသည်။ "ဘန္တေ၊ ရား။ ပတ္တေ၌။ တေလံ အတ္ထိ၊ ဆီရှိ၏"။ ဣတိ၊သို့ အကပ္ပိယဘာဝံ ဥပါဒါယ၊ (ထည့်)။ မအပ်သည်၏ အဖြစ်ကိုစွဲ၍။ အာဟ၊၏။ တတော၊မှ။ "သာမဏေရ၊သာမဏေ။ တေလံ၊ ဆီကို။ အာဟရ၊ ဆောင်ခဲ့။ နာဠိံ၊ ဆီကျည်ကို။ ပူရေဿာမိ၊ ပြည့်စေအံ့"။ ဣတိ၊ သို့။ ဝုတ္တေ၊ သော်။ "ဘန္တေ၊ ဘုရား။ တေလံ၊ သည်။ နတ္ထိ၊ မရှိ"။ ဣတိ၊သို့။ နာဠိ ပူရဏံ၊ဆီကျည်ပြည့်လောက်သော ဆီကို။ ဥပါဒါယ၊ စွဲ၍။ အာဟ၊၏။

**အနုသန္ဓ ကျမ်းရိုးတက်ကား။** ။အကြင် အနည်းငယ်သော ဆီကိုလည်း အတ္ထိ ဘန္တေ တေလံဟု အကပ္ပိယဘာဝကိုစွဲ၍ ဆို၏။ထို ဆီကိုပင် နတ္ထိ ဘန္တေ တေလံ ဟု နာဠိပူရဏကိုရည်၍ ဆို၏။ ထို့ကြောင့် ထိုကိုပြခြင်းငှာ "တတ္ထ ယထာ" စသည်ကို မိန့်သော်....

တတ္ထ၊ ထို ဥပမာစကား၌။ အန္တောဝုတ္ထတ္တာ၊ အန္တောဝုတ္ထ၏ အဖြစ်ကြောင့်။ ယာဂုယာ၊ ယာဂုနှင့်။ သဒ္ဓိံ၊ တကွ။ အ ကပ္ပိယဋ္ဌေန၊ မအပ်သည်၏ အဖြစ်ကြောင့်။ "တေလမတ္ထိ" တိ၊ဆီရှိ၏ဟု ဆိုခြင်းသည်။ ဟောတိ ယထာ၊၏သို့။ နာဠိ ပူရဏာဒီနံ၊ ဆီကျည် ပြည့်လောက်သော ဆီ အစရှိသည်တို့၏။ အ ဘာဝေန၊ ကြောင့်။ "နတ္ထီ" တိ၊ မရှိဟူ၍ ဆိုခြင်းသည်။ ဟောတိ ယထာ၊ ၏သို့။ ဧဝံ တထာ၊တူ။ သာပိ သညာ၊ သည်လည်း။ ပဋ္ဌသညာကိစ္စံ၊ ထင်

http://www.dhammadownload.com



ဏ္ဍာသော သညာကိစ္စကို။ ကာတုံ၊ငှာ။ အသမတ္ထတာယ၊ ကြောင့်။ နေဝ သညာ၊ မည်သည်။ ဟောတိ၊ ၏။ သင်္ခါရာဝသေသ သုခုမ ဘာဝေန၊ ရှုန်ရင်းသော သင်္ခါရမှ ကြွင်းသော အလွန်တရာ သိမ်မွေ့စွာသော သင်္ခါရ၏ အဖြစ်ဖြင့်။ ဝိဇ္ဇမာနတ္တာ၊ ကြောင့်။ နာသညာ၊ မည်သည်။ ဟောတိ၊၏။

**အနုသန္ဓိကား။** ။'ကိံ ပနေတ္ထ သညာကိစ္စံ'ဟု မေး၍ ထိုကို ဖြေခြင်းငှာ "အာရမ္မဏ သဉ္ဇာနနဉ္စေဝ"စသည်ကို မိန့်သော်....

ဧတ္ထ၊ ဤစတုတ္ထာရုပ္ပသမာပတ်၌။ သညာကိစ္စံ၊ သညာ၏ ကိစ္စဟူသည်။ ကိံ ပန၊ အဘယ်နည်း။ ဣတိ အယံ.ကား။ ပုစ္ဆာ၊တည်း။ အာရမ္မဏ သဉ္ဇာနနဉ္စေဝ၊ အာရုံကို အမှတ်ပြု၍ သိခြင်းသည်ရင်း။ ဝိပဿနာယ၊ ၏။ ဝိသယ ဘာဝံ၊သို့။ ဥပဂန္တွာ၊၍။ နိဗ္ဗိဒါဇနနဉ္စ၊ နိဗ္ဗိဒါဉာဏ်ကို ဖြစ်စေခြင်းသည်၎င်း။ သညာကိစ္စံ၊ သညာကိစ္စမည်၏။

**အနုသန္ဓိကား။** ။ယင်းသို့ အာရမ္မဏ သဉ္ဇာနနသည် သညာကိစ္စ အကယ်၍ ဖြစ်အံ့။ သညာဖြစ်လျက် ထိုသို့သော အာရမ္မဏ သဉ္ဇာနနစသော သညာကိစ္စကို အဘယ့်ကြောင့် ဤသညာပြုခြင်းငှာ မတတ်နိုင်ကောင်းသနည်းဟု၊ ကြောင့်။ "ဒဟန ကိစ္စမိဝ"အစရှိသည်ကို မိန့်သော်....

ဟိ-တံ ပါကဋံ ကရောမိ၊အံ့။ သုခေါဒကေ၊ ရေနွေး၌။ တေဇောဓာတု၊ သည်။ ဒဟန ကိစ္စံ၊ လောင်ခြင်းကိစ္စကို။ ကာတုံ၊ ငှာ။ နသက္ကောတိ ဣဝ၊ သို့။ ဧဝ၊ သည်။ သညာ၊ သည်။ သဉ္ဇာနန ကိစ္စမ္ပိ၊ အမှတ်ပြု၍ သိခြင်းကိစ္စကိုလည်း။ ပဋုံ၊ ထင်စွာ။ ကာတုံ၊ငှာ။ နသက္ကောတိ၊နိုင်။ သေသသမာပတ္တီသု၊ စတုတ္ထာ ရုပ္ပမှ ကြွင်းသော သမာပတ်တို့၌။ သညာဝိယ၊ ကဲ့သို့။ ဝိပဿနာယ၊ ၏။ ဝိသယ ဘာဝံ၊ သို့။ ဥပဂန္တွာ၊၍။ နိဗ္ဗိဒါဇနနမ္ပိ၊ နိဗ္ဗိဒါဉာဏ်ကို ဖြစ်စေခြင်းကိုလည်း။ ကာတုံ၊ ငှာ။ န သက္ကောတိ၊နိုင်။

**အဓိပ္ပါယ်ကား။** ။သင်္ခါရာဝသေသ သုခုမ ဘာဝပ္ပတ္တိဖြင့် သာလျှင် ဤသညာသည် ပဋုသညာကိစ္စကို ပြုခြင်းငှာ မတတ်နိုင်။ ထို့ကြောင့်သာလျှင် ဉာဏ်ဖြင့် ယူလွယ်သည်လည်း မဖြစ်။ ထို့ကြောင့်"နိဗ္ဗိဒါဇနနမ္ပိ ကာတုံ နသက္ကောတိ"ဟု သတည်း။

ဟိ-သစ္စံ၊၏။ အညေသု၊ စတုတ္ထာ ရုပ္ပမှ တပါးကုန်သော။ ခန္ဓေသု၊၌။ အကတာဘိနိဝေသော၊ ဝိပဿနာ၌ နှလုံးသွင်းခြင်းကို မပြုဘူးသော။ ဝါ၊ မဖြစ်

http://www.dhammadownload.com



စေဘုူးသော သုံးသပ်ခြင်း၌ အလေ့အလာမရှိသော။ ဘိက္ခု၊ သည်။ နေဝသညာ နာသညာယတနက္ခန္ဓေ၊ တို့ကို။ သမ္မသိတွာ၊ ၍။ နိဗ္ဗိဒံ၊ နိဗ္ဗိဒါဉာဏ်သို့။ ပတ္တုံ၊ ငှာ။ သမတ္ထော နာမ၊ စွမ်းနိုင်သည် မည်သည်။ နတ္ထိ၊ မရှိ။

**အနုသန္ဓေကား။** ။သာဝကဟူက မစွမ်းနိုင်သည်ချည်းသောဟု။ ကြောင့် "အပိစ" စသည်ကို မိန့်။

**အပိစ၊ စင်စစ်သော်ကား။** အာယသ္မာ သာရိပုတ္တော၊ သခင်သာရိပုတြာသည်၊ သမတ္ထော၊ စွမ်းနိုင်ပေ၏။ (လိုက်)။

**အနုသန္ဓေကား။** ။အကတာဘိနိဝေသော ဟူသောကြောင့် ကတာဘိနိဝေသ ဖြစ်က စွမ်းနိုင်သည်ချည်းလောဟု။ ကြောင့်။ "ပကတိ ဝိပဿကော" စသည်ကို မိန့်သော်....

ပန၊ဆက်၍ဆိုအံ့။ ပကတိ ဝိပဿကော၊ ပြကတေ့အားဖြင့် ဝိပဿနာရှုတတ်သည့်သည်။

**အဓိပ္ပါယ်ကား။** ။ခန္ဓာ,စသည်ကို မှခပြုသဖြင့် ဝိပဿနာကို နှလုံးသွင်း၍ ဒွါရ, အာရုံတို့နှင့်တကွ ပဝတ္တမေ့တို့ကို ဝိပဿနာ ရှုတတ်သည်ဟူလို။

မဟာပညော၊ပညာကြီးသည်ဖြစ်၍။ သာရိပုတ္တ သဒိသော၊ သာရိပုတြာနှင့် ဉာဏ်ချည်တူသသူသာလျှင်။ သက္ကုဏေယျ၊ ဥဒယဗ္ဗယဉာဏ်ကို ဖြစ်စေခြင်းငှာ တတ်နိုင်ရာ၏။

**အနုသန္ဓေကား။** ။အကြင် အခြင်းဖြင့် တတ်နိုင်၏။ ထိုအခြင်းအရာကို ပြခြင်းငှာ "သောပိ"စသည်ကို မိန့်သော်....

သောပိ၊ ထိုသာရိပုတြာ ထေရ်ကျော်သဘွယ် ပညာကျယ်သော ပကတိဝိပဿက ပုဂ္ဂိုလ်သည်လည်း။ ဧဝံ၊ ဤသို့။ ကိရမေ ဓမ္မာ၊ ဤနေဝသညာ နာသညာယတန တရားတို့သည်။ အဟုတွာ၊ ရှေးကမရှိကုန်မူ၍။ သမ္ဘောန္တိ ကိရ၊ ယခုဖြစ်ကုန်သတတ်။ ဟုတွာ၊ ယခုဖြစ်၍။ ပဋိဝေန္တိ ကိရ၊ ပျက်ကုန်သတတ်။ ကိရ၊ ကလာပ သမ္မသနေနေဝ၊ အပေါင်းအားဖြင့် သုံးသပ်သည်၏ အစွမ်းဖြင့် သာလျှင်။ ဝါ၊ စတုတ္ထာရုပ္ပစိတ္တုပ္ပါဒ်၌ အကျုံးဝင်သော ဖဿာဒိ ဓမ္မတို့ကို အသီးအသီး မဝေဘန်မူ၍ တပေါင်းတည်းယူ၍ အပေါင်းအားဖြင့် သုံးသပ်သည်၏ အစွမ်းဖြင့်သာလျှင်။

http://www.dhammadownload.com



**အဓိပ္ပါယ်ကား။** ။နယ ဝိပဿနာ,ဟု ဆိုအပ်သော ကလာပသမ္မသန အစွမ်းဖြင့် ဟူလို။

သက္ကုဏေယျ၊ ရာ၏။ အနုပဒ ဓမ္မဝိပဿနာ ဝသေန၊ ဖဿ-စသော တရားတို့ကို ခွဲခြမ်း ဝေဘန်၍ အသီးအသီး သရုပ်အားဖြင့်ယူ၍ အနိစ္စ စသည်တို့၏ အစွမ်းဖြင့် သုံးသပ်ခြင်း ဟူသော အဘို့အဘို့အားဖြင့် ဖဿာဒိဓမ္မတို့ကို ရှုသော ဝိပဿနာ၏ အစွမ်းဖြင့်ကား။ နော သက္ကုဏေယျ၊ မတတ်နိုင်ရာ။ သော သမာပတ္တိ၊ ဤစတုတ္ထာ ရူပ္ပသမာပတ်သည်။ ယထာ၊ အကြင်အခြင်းဖြင့်။ ဓမ္မသေနာပတိနာပိနာမ၊ ဓမ္မ သေနာပတိ ပုဂ္ဂိုလ်ကျော်သည်လျက်လည်း။ အနုပဒံ၊ ဖဿာ ဒိဓမ္မဘို့ကို အသီးအသီး သရုပ်အားဖြင့် ကောက်၍ အဘို့အဘို့ အားဖြင့်။

**ပဒနိဗ္ဗန္ဓ။** ။အနုပဒံ၌ ပဒေနပဒေန ဟူအပ်လျက် ဝိစ္ဆာဒေါတက အနုသဒ္ဒါ အယှဉ် ကမ္မပ္ပဝစနီယပုဒ္ဒေ သုတ်ဖြင့် တတိယာ အနက်၌ ဒုတိယာသက်၍ အနုပဒံနေသည်။

န ဝိပဿနေယျ၊ ဝိပဿနာကို မဖြစ်စေနိုင်။ (ထည့်)။ ဝေံ၊ ဤသို့သော အခြင်းဖြင့်။ သုခုမတ္တာ၊ သိမ်မွေ့သည်၏ အဖြစ်သို့။ ဂတာ၊ ရောက်၏။

ဧ၁ဆက်။ ပတ္တ မက္ခန တေလူ ပမာယ၊ သပိတ်သုတ် ဆီဥပမာဖြင့်။ ဝိဘာဝေတဗ္ဗော ယထာ၊ ၏သို့။ ဝေံ တထာ၊ ထို့အတူ။ မဂ္ဂ ဒက္က ပမာယပိ၊ ခရီး၌ရှိသော ရေဥပမာဖြင့်လည်း။ အယံ အတ္တော၊ကို။ ဝိဘာဝေတဗ္ဗော၊၏။ မဂ္ဂ ပဋိပန္နဿ၊ခရီးသွားသော။ ထေရဿ၊အညတရထေရ်၏။ ပုရတော၊ရှေ့၌။ ဂစ္ဆန္တော၊သော။ သာမဏေရော၊ သည်။ ထောကံ ဥဒကံ၊ အနည်းငယ်သော ရေကို။ ဒိသွာ၊မြင်၍။ "ဘန္တေ၊ရား။ ဥဒကံ၊ရေ။ ဥပါဟနာ၊တို့ကို။ ဩမုဉ္စထ၊ ချွတ်တော်မူကုန်လော"။ ဣတိ၊ ဤသို့။ အာဟ ကိရ၊ ဆိုသတတ်။ တတော၊ တဒါ ကာလေ၊ ၌။ ထေရေန၊ သည်။ သစေ ဥဒကံ အတ္ထိ၊ အကယ်၍ ရေရှိသည်ဖြစ်အံ့။ နှာနသာဋကံ၊ရေသနုပ်ကို။ အာဟရ၊ ဆောင်ခဲ့။ နှာယိဿာမ၊ ရေချိုးကုန်အံ့"။ ဣတိ၊ သို့။ ဝုတ္တေ၊ သော်။ "ဘန္တေ၊ ရား။ နတ္ထိ၊ ရေမရှိ"။ ဣတိ၊ ဤသို့။ အာဟ၊၏။ တတ္ထ၊ ထိုဥပမာစကား၌။ ဥပါဟန တေမန မတ္တဋ္ဌေန၊ ဘိနပ်စွပ်လောက်ရုံမျှ ရှိသည်၏ အဖြစ်ကြောင့်။ "ဥဒကမတ္ထိ"တိ၊ ရေရှိ၏ ဟူသော စကားသည်။ ဟောတိ ယထာ၊၏သို့။ နှာယနဋ္ဌေန၊ ရေချို

http://www.dhammadownload.com



လောက်သော အနက်အားဖြင့်။ "နတ္ထိ"တိ၊ မရှိဟူသော စကားသည်။ ဟောတိ ယထာ၊ ၏သို့။ ဧဝံ တထာ၊တူ။ သာပိ သညာ၊ သည်လည်း။ ပဋု သညာကိစ္စံ ကို။ ကာတုံ၊ ငှာ။ အသမတ္ထတာယ၊ ကြောင့်။ နေဝ သညာ၊မည်သည်။ ဟောတိ၊ ဖြစ်၏။ သင်္ခါရာဝသေသသုခုမဘာဝေန၊ ဖြင့်။ ဝိဇ္ဇမာနတ္တာ၊ ကြောင့်။ နာသညာ၊ မည်သည်။ ဟောတိ၊ ဖြစ်၏။ ကေဝလဥ္စ၊ စင်စစ်သော်ကား။ တော ဟောဝ၊ ထိုဆိုအပ်ပြီးသော ဥပမာတို့ဖြင့်သာလျှင်။ ဝိဘာဝေတဗ္ဗာ၊သည့်ကား။ န၊မဟုတ်သေး။ အညာဟိပိ၊တပါးလည်းဖြစ်ကုန်သော။ အနုရူပါဟိ၊လျော်ကုန်သော။ ဥပမာဟိ၊တို့ဖြင့်။ သေ-ဧသော အတ္ထော၊ ကို။ ဝိဘာဝေတဗ္ဗော၊၏။ နေဝသညာ နာသညာ ယတနေ၊ ရှုန့်ရင်းသော သညာ မရှိ, သိမ်မွေ့သော သညာမရှိသည်မဟုတ်သော ဓမ္မာယတန၌ အကျုံးဝင်သော စျာန်၌။ ပဝတ္တာယ၊ဖြစ်သော။ ဣမာယ သညာယ၊ ဤသညာနှင့်။ ဝါ၊ ကား။ နေဝသညာ နာသညာ ယတန ဘူဘာယ၊ ရှုန့်ရင်းသော သညာ မဟုတ်, သိမ်မွေ့သော သညာမဟုတ်သည် မဟုတ်သော ဖဿ-စသော ကြွင်းသော တရားတို့၏ နိဿယ-စသော ပစ္စည်းအားဖြင့် တည်ရာဖြစ်၍ ဖြစ်သော။ ဣမာယ သညာယ၊ နှင့်။ သဟဂတံ၊ တကွဖြစ်သည်တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ နေဝသညာ နာသညာ ယတန သညာ သဟ ဂတံ၊ မည်၏။ ဧတံ၊ ဤနေဝသညာ နာသညာ ယတန သညာ သဟ ဂတံ-ဟူသော အမည်သည်။ အာကိဉ္စညာယတနသမာပတ္တိအာရမ္မဏဿ၊ အာကိဉ္စညာယတနသမာပတ်လျှင် အာရုံရှိသော။ စျာနဿ၊ ၏။ အဓိဝစနံ၊ တည်း။

ဣဓ၊ ဤနေဝသညာ နာသညာယတန စျာန်၌။ အာကိဉ္စညာယတန သမာပတ္တိယာ၊ အာကိဉ္စညာယတန သမာပတ်၌။ နိကန္တိ ပရိယာဒါန ဒုက္ကတာယ၊ တပ်ခြင်းကို ကုန်စေခြင်း၏ ဆင်းရဲသည်၏ အဖြစ်ကြောင့်။ ဒုက္ခာပဋိပဒါ၊ မည်၏။ ပရိယာဒိန္န နိကန္တိကဿ၊ ကုန်စေအပ်ပြီးသော နိကန္တိ ရှိသသူ၏။ အပ္ပနာ ပရိဝါသ ဒန္ဓတာယ၊ အပ္ပနာဖြစ်ခြင်း နှေးသည်၏ အဖြစ်ကြောင့်။ ဒန္ဓာဘိညာ၊မည်၏။ ဝိပရိယာယေန၊ထိုမှပြန်သောအားဖြင့်။ သုခါပဋိပဒါ၊ ကိုရှင်း။ ခိပ္ပါဘိညာ စ၊ ကိုရှင်း။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ ပရိတ္တ ကသိဏုဂ္ဃါဋိမ မာကာသေ၊ ပရိတ္တ ဖြစ်သော ကသိုဏ်းကို ခွါကြောင်းကောင်းကင်၌။ ပဝတ္တိတဝိညာဏာပဂမာရမ္မဏံ၊ ဖြစ်စေအပ်သော ပဌမာ

http://www.dhammadownload.com



ရူပပဝိညာဉ်၏ ကင်းကွာ ပျောက်ကွယ်ခြင်းဟူသော နတ္ထိဘာဝပညတ်လျှင် အာရုံရှိသော။ သမာပတ္တိံ၊ကို။ အာရဗ္ဘ၊၍။ ပဝတ္တိတာယ၊ဖြစ်စေအပ်သည်၏ အဖြစ်ကြောင့်။ ပရိတ္တာ ရမ္မဏတာ၊ ကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ ဝိပရိယာယေန၊ ဖြင့်။ အပ္ပမာဏာ ရမ္မဏတာ၊ ကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ သေသံ၊ သည်။ ပုရိမသဒိသ မေဝ၊တည်း။

ဂါထာအနက်။ ။အ သဒိသ ရူပေ၊ ဒွတ္တိံသ မဟာပုရိသလက္ခဏာ အသီတာ နုဗျဉ္ဇန ဗျာမပ္ပဘာ ကေတုမာလာ အစ ရှိကုန်သော ရူပဂုဏ်တို့ဖြင့် သူတပါးတို့နှင့် မတူသော ရူပကာယ ရှိတော်မူသော။ "တနည်း"။ မတူသော သဘောရှိတော်မူသော။

အဓိပ္ပါယ်ကား။ ။ ဤ ဝိကပ်၌ ရူပသဒ္ဒါသည် "ယံ လောကေ ပိယရူပံ သာတရူပံ"စသည်တို့ကဲ့သို့ သဘာဝတ္ထတည်း။ ထိုသဘာဝတ္ထဖြင့် ဒသဗလ စတုဝေသာရဇ္ဇ,စသော ဂုဏ်ဝိသေသတို့နှင့် သမာယောဂကို ပြသောကြောင့်ဘုရား၏ ဓမ္မကာယ သမ္ပတ္တိဖြင့်လည်း အသဒိသ အဖြစ်ကို ပြအပ်၏။

နာထော၊ ကိုးကွယ်ရာ ဖြစ်တော်မူသော ဘုရားမြတ်စွာသည်။ စတုဗ္ဗိဓံ၊ သော။ ယံ အာရုပ္ပံ၊ကို။ အာဟ၊ပြီ။ တံ အာရုပ္ပံ၊ ထို အာရုပ္ပတရားကို။ ဉတွာ ဝံ ဝုတ္တာပ္ပကာရေန၊ ဖြင့်။ ဥတွာ၊ သိ၍။ တဿ္မိ အာရုပ္ပေ၊ ၌။ ပကိဏ္ဏက ကထာပိ၊ ထိုထိုစျာန်တို့၌ နှံ့သော အနက်ကိုယူ၍ ဖြစ်သော စကားကိုလည်း။ ဝိညေယျာ၊၏။ ။(အရိယာဂါထာတည်း)။ ။အရူပသမာပတ္တိယော ဟိ-ကား စုဏ္ဏိယ။

ဂါထာအနက်။ ။ဟိ၊ အကျယ်ကိုဆိုအံ့။ စ တဿောပိ၊ ကုန်သော။ ဣမာ အရူပ သမာပတ္တိယော၊ တို့သည်။ အာရမ္မဏာ တိက္ကမတော၊ အာရုံကို လွန်သော အားဖြင့် သာလျှင်။ ဘဝန္တိ၊ ကုန်၏။ ဧတာသံ၊ ထိုလေးပါးကုန်သော အရူပသမာပတ်တို့၏။ အင်္ဂါ တိက္ကမံ၊ အင်္ဂါကို လွန်ခြင်းကို။ ဝိဘာဝိနော၊ တို့သည်။ န ဣစ္ဆန္တိ၊ ကုန်။

